www.burmeseclassic.com

# ချစ်သူထားခဲ့တဲ့နေ့စွဲများ




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူထားခဲ့တဲ့နေ့စွဲများ

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | အောက်တိုဘာလ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | အာကာ |
| အဖုံးဖလင် | - | KABAOO |
| အတွင်းဖလင် | - | အောဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | | ဒေါ်ကြည်ပြာသွယ် (၀၉၁၈၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် |
| | | အမှတ် ၁၈၁၊ လမ်း ၅၀၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းဉာင်းမွန် |
| | | သင်းစာပေ (မြဲ-၀၄၂၃၂) |
| | | အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း။ |
| | | လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ပဒွမ်ဒီရှိုင်း

ချစ်သူထားခဲ့တဲ့နေ့စွဲများ / ပဒွမ်ဒီရှိုင်း - ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၄၉ - စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) ချစ်သူထားခဲ့တဲ့နေ့စွဲများ

www.burmeseclassic.com

www.burmeseclassic.com

ပျော်တတ်ခြင်းဆိုတာ

ကျန်းမာခြင်းပဲ မဟုတ်ပါလား။

ကျန်းမာချင်ပါသလား !!

တစ်နေ့တစ်ခါလောက်တော့

ပျော်အောင်နေသင့်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

သူတို့သုံးယောက် တစ်ခုခုပြောချင်နေပုံရပါသည်။ သူတို့သုံးယောက်ဆိုသည်မှာ ကျော်စိန်မြင့်၊ လေးမောင်နှင့် သိန်းမြင့်ဝင်းတို့ဖြစ်သည်။ သည်သူငယ်ချင်းသုံးဦးက တက္ကသိုလ်မတက်ခင် အထက်တန်းကျောင်းသားဘဝကတည်းက ပေါင်းလာခဲ့ကြသော သူငယ်ချင်းများဖြစ်သည်။ တက္ကသိုလ်တွင် အဓိကယူသော ဘာသာရပ်ချင်း မတူသော်လည်း ဘွဲ့ရတာချင်းကတော့ အတူတူပင် ဖြစ်သည်။ ထို့အပြင် ဘွဲ့ရပြီးနောက် ရန်ကုန်မြို့ MICT PARK တွင် ဖွင့်လှစ်ထားသော 'အိုင်တီ' နည်းပညာရပ်သင်တန်းကို တက်ရောက်တာလည်း အတူတူပင် ဖြစ်သည်။ ငယ်စဉ်ကတည်းက ပေါင်းလာကြသဖြင့် တစ်ယောက်အကြောင်းတစ်ယောက် 'အထာ' သိသည်ဟု ပြောရပေလိမ့်မည်။ ယခုလည်း သူတို့သုံးဦးအဖို့ သူတို့စိတ်ထဲမှာ တစ်ခုခုထူးခြားနေတာမျိုး တွေ့ကြုံရသဖြင့် သင်တန်းမတက်သေးဘဲ ကင်တင်းက လက်ဖက်ရည်ဆိုင်မှာ ရဲမင်းကို မေးမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားပါသည်။

"မင်းတို့သုံးယောက်က မှာထားတဲ့ လက်ဖက်ရည်ကိုတောင် မသောက်နိုင်ဘဲ ငါ့ကိုစိုက်ကြည့်နေတာ ဘာလဲ၊ မင်းတို့ရဲ့အစ်မ၊ နှစ်မ၊ ကြီးဒေါ် အပျိုကြီးတွေနဲ့ နေရာချဖို့ အကဲခတ်နေတာလား၊ ဒါဆိုရင်တော့ ငါက ငြင်းရလိမ့်မယ်၊ ငါ့မှာ ရည်ရွယ်ချက်တွေ မပြည့်သေးလို့ မစွံတဲ့ မင်းတို့ရဲ့ဟာတွေ မယူပါရစေနဲ့ဦး"

ရဲမင်းစကားကြောင့် လေးမောင်က မနှစ်မြို့သည့် ပုံစံမျိုးဖြင့် နှာခေါင်းရှုံ့လိုက်သည်။

"ဟေ့ကောင် . . . ရဲမင်း၊ မင်းစိတ်ထဲထင်တာတွေးပြီး လျှောက်ပြောမနေနဲ့၊ မင်းကို ငါတို့ မေးစရာရှိလို့"

"ဟုတ်တယ် . . . ရဲမင်း၊ ဒီမေးခွန်းကို မေးကိုမေးမှ ဖြစ်တော့မယ်"

"လေးမောင်နဲ့ ကျော်စိန်မြင့်ပြောတာ ဟုတ်တယ် ရဲမင်း၊ မင်းကို ငါတို့တော့ နားမလည်တော့ဘူး"

သိန်းမြင့်ဝင်းက သက်ပြင်းတွေ မှုတ်ထုတ်လို့နေသည်။

"နေစမ်းပါဦးကွာ၊ မင်းတို့က ငါ့ကို နားမလည်သလို ငါကလည်း မင်းတို့သုံးယောက် ဘာကိုဆိုလိုချင်တာလဲဆိုတာ နားမလည်ဘူး ဖြစ်နေတယ်၊ ဘာတွေလဲကွာ"

ရဲမင်းက သူငယ်ချင်းသုံးဦးကို ကြည့်လိုက်ပြီးနောက် မှာထားသည့် လက်ဖက်ရည်ကို တစ်ငုံသောက်ချလိုက်သည်။

"ကျော်စိန်မြင့် . . . ရဲမင်းကို မင်းပဲ မေးတော့"

သိန်းမြင့်ဝင်းက ကျော်စိန်မြင့်အား မေးမြန်းဖို့ စကားဆိုခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲမင်း . . . မင်းက ငါတို့နဲ့ ဟိုးကတည်းက ပေါင်းလာတာ အထက်တန်းကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝမှာတော့ မင်းက တည်တည်ငြိမ်ငြိမ်ပဲ၊ စာကြိုးစားတယ်၊ အပြင်စာတွေ ဖတ်တယ်၊ ငါတို့က ကျောင်းသားဘဝမှာ နောက်ပြောင်တာမျိုးရှိခဲ့သလောက် မင်းက မင်းဖာသာမင်း စာကြည့်လိုက်၊ စာဖတ်လိုက်နဲ့၊ အခု ငါတို့သုံးယောက် သတိထားမိတာက မင်းရဲ့အပြုအမူတွေက ထူးခြားနေသလိုပဲ"

"ဟ . . . ဘာတွေထူးခြားနေလို့လဲ"

ထိုအခါ လေးမောင်က . . .

"ထူးခြားတာပေါ့ကွ၊ ဘွဲ့ရပြီးကတည်းက တည်တည်ငြိမ်ငြိမ်နေလာတဲ့ မင်းဟာ နောက်တတ်ပြောင်တတ် ကျီစားတတ်လာတယ်၊ ရုံးကွက်ထဲမှာလည်း ငါတို့သိရသလောက် မင်းနောက်တာပြောင်တာတွေ ကြားရတယ်၊ အဲဒါတင်မက အခုဒီသင်တန်းတက်တော့လည်း ဟိုလူ့ကိုစ၊ ဒီလူ့ကိုစနဲ့ မင်းဘယ်လိုဖြစ်သွားတာလဲ"

"လေးမောင်ပြောတာ ဟုတ်တယ် ရဲမင်း၊ တစ်နေ့က ရုံးကွက်ထဲမှာ ဗယာကြော်လှည့်ရောင်းတဲ့ မာမွတ်က သူ့ကိုခါးတို့ရင် ယောင်တတ်တယ်၊ အဲဒါကို မင်းက ဗယာကြော်ဝယ်စားရင်း သူ့ခါးကိုတို့ပြီး စတာ ဟိုက ယောင်ပြီး ကြော်ထားတဲ့ ဗယာကြော်တွေ လွှင့်ပစ်၊ ဗယာကြော်တဲ့ ဆီပူအိုးမှောက်ကျနဲ့ မာမွတ်တစ်ယောက် ကံကောင်းလို့ ဆီပူမလောင်တာ၊ မင်းတောင် ဗယာကြော်တွေ မှောက်ကုန်လို့ လျော်လိုက်ရတယ်လေ၊ အဲဒါတွေက ဘယ်လိုဖြစ်တာလဲ"

ရဲမင်းက သိန်းမြင့်ဝင်းစကားအဆုံးမှာ ပြုံးလိုက်ရင်း . . .

"အဲဒီလို ယောင်တတ်တဲ့သူတွေကို နောက်ခြင်းအားဖြင့် သူတို့က ယောင်လို့ တစ်ခုခုလုပ်တာက သူတို့မှာရှိတဲ့ တင်းကျပ်နေတဲ့ အကြော



www.burmeseclassic.com

www.burmeseclassic.com



အချဉ်တွေကို ပြေစေတယ်ကွ၊ ဒါကြောင့်ပါ”

“ကဲ . . . ထားပါတော့ကွာ၊ ဒါတင်မကာ မင်းကျီစားတာတွေက အများကြီးပဲ၊ ဘယ်လိုဖြစ်လို့ ဘွဲ့ရပြီးမှ ပြောင်းလဲလာတာလဲ၊ အဲဒါကို ငါတို့အသိချင်ဆုံးပဲ”

ကျော်စိန်မြင့်က ရဲမင်းအား ထပ်မေးပြန်ပါသည်။ ရဲမင်းက ဘာစကားမှမဆိုဘဲ လက်ဖက်ရည်ကို ကုန်အောင် သောက်လိုက်သည်။ လက်ဖက်ရည်သောက်ပြီးသောအခါမှ . . .

“လောကကြီးမှာ အမြဲတမ်း နေရိုးနေစဉ်အတိုင်း လုပ်ရိုးလုပ်စဉ်အတိုင်း နေရရင် ပျင်းစရာကြီးပါကွာ၊ ငါ့ဘဝမှာ ဖြစ်ရိုးဖြစ်စဉ်ကြီး အတိုင်း နေလာခဲ့ရင်း ဘွဲ့သာရလာတယ်၊ ဘဝကြီးက ဒီအတိုင်းသွားရင် ဘာလုပ်ရမှာလဲ၊ ဒီအတိုင်းပြီးသွားရင် ပျင်းစရာကြီးပါကွာ၊ ဒါကြောင့် ပျော်အောင် မပျင်းအောင် နေမယ်ဆိုပြီး ပျော်စရာကိုရှာတော့ ငွေကုန် ကြေးကျမကုန်မယ့် ပျော်စရာနည်းလမ်းတွေကို တွေ့လာတယ်၊ လူတစ်ဖက်သား ဒုက္ခမရောက်ရင် ပြီးရောဆိုပြီး လူတွေကို နောက်ပြောင်မိသွားတာ၊ ‘ကျန်းမာချမ်းသာနည်းပေါင်းတစ်ရာ’ စာအုပ်ကိုရေးတဲ့ ဒေါက်တာ ဒေးဗစ်နီဗင်က ပြောတယ်၊ အသက်ရှည်ချင်ရင် ပျော်အောင်နေပြီး ကျီစားတတ်ရတယ်တဲ့၊ ဒါကြောင့်ပါ”

“အေးပေါ့လေ . . . မင်းနောက်ပြောင်ကျီစားမှုဟာ ခံရတဲ့သူနဲ့ ဘာပြဿနာမှ မဖြစ်ပါစေနဲ့လို့ပဲ ငါတို့ပြောရတော့မှာပေါ့”

လေးမောင်ပြောစကားကို ရဲမင်းက ဘာမှပြန်ပြောဆိုခြင်းမပြုဘဲ MICT PARK အဆောက်အဦးတွေကိုသာ ကင်တင်းထဲကနေ ငေးကြည့်နေမိပါတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်ချို့က ပျော်ပျော်ရွှင်ရွှင်နေကြရဲ့။
သူများကို ဘယ်တုန်းကမှ ဒုက္ခမပေးပါ။
တစ်ချို့က ကိုယ့်ပျော်ရွှင်မှုအတွက်
သူတစ်ပါးအရှက်ရတာကို
သဘောတွေ့၊ မနော‌တွေ့ နေလေရဲ့။
အို! ...ဘုရားသခင်!!!
လောကကြီးထဲမှာ
အဲဒီလို လူသားတွေ
ဘယ်ဂေါက်တောင် ရှိသလဲမသိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သည်နေ့သင်တန်းကိုသာ လာရသည် ကံကမကောင်း။ ကားက မျဉ်းဝါကို ဖြတ်မောင်းလို့ဆိုပြီး ယာဉ်ထိန်းရဲက ယာဉ်မောင်းလိုင်စင်သိမ်း သွားသည်။ ကံမကောင်းတာက ကားမောင်းပြီး ယာဉ်မောင်းလိုင်စင် သိမ်းရုံတင် မဟုတ်သေးပါ။ အိမ်ကနေ သင်တန်းကို ထွက်လာကတည်း က ဖြစ်သည်။ သင်တန်းပြီးချိန်မှာ ဝယ်စရာရှိတာလေးတွေဝယ်ဖို့ shop-ping ထွက်ဖို့ ဖခင်ဖြစ်သူ ဦးတင်ထွတ်ဇော်ဆီက ပိုက်ဆံတောင်းမည်ဆို ကာမှ ဖခင်ဖြစ်သူက မနက်အစောကြီးကတည်းက အလုပ်တွေရှိသဖြင့် ကုမ္ပဏီသို့ ထွက်သွားသဖြင့် ပိုက်ဆံမရလိုက်။ မိခင်ဒေါ်နုနုမေဆီ တောင်း မည်ကြံပါသေးသည်။ သို့သော် လွန်ခဲ့သော သုံးရက်က မုန့်ဖိုးငွေငါးသောင်း ပေးထားသဖြင့် ထပ်မတောင်းရဲ။ တောင်းပါက ဆိုဆုံးမသော စကားလုံး များနှင့် သာစကေဆောင်သော အကြောင်းအရာများကို ထပ်တလဲလဲ ကြားရဦးမှာ ဖြစ်သဖြင့် ကြည်စင်ရှန်းတစ်ယောက် နားညည်းမခံနိုင်



www.burmeseclassic.com

www.burmeseclassic.com


သဖြင့် မတောင်းခဲ့။

ကြည်စင်ရွှန်းက ကားကို သင်တန်းကျောင်းသားများ၏ ကားများရပ်ထားသော နေရာတွင် လွတ်နေသော နေရာကိုရှာပြီး ကားကိုရပ်လိုက်သည်။ အရင်ဆုံး သင်တန်းစာသင်ခန်းထဲသို့ မသွားသေးဘဲ ကင်တင်းသို့ အရင်သွားတာ ကောင်းမည်ဆိုပြီး လာခဲ့သည်။

သစ်ပင်ငယ်များ အုပ်ဆိုင်းနေပြီး စီတန်းစွာ စိုက်ထားသော နေရာနားသို့အရောက်တွင် တစ်စုံတစ်ရာကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားသည်။

သူမအဖို့ အံ့အားသင့်မည်ဆိုလည်း သင့်လောက်သည်။ သူမ၏ ရှေ့တည့်တည့် မလှမ်းမကမ်းမှာ ငွေငါးထောင်ကျပ်တန်တစ်ရွက်က လမ်းပေါ်တွင် ကျနေလို့ပဲ ဖြစ်သည်။ ဘေးပတ်ဝန်းကျင်သို့ ကြည်စင်ရွှန်းအကဲခတ်တော့ မည်သူမှမရှိ။ မည်သူကျကျန်ခဲ့သလဲ မသိသော သူမမြင်တွေ့နေရသည့် ငွေငါးထောင်တန်တစ်ရွက်သည် သူမနှင့်ထိုက်လို့ ရတာပဲဟု ဆုံးဖြတ်ကာ ခြေလှမ်းကို ခပ်သွက်သွက်လျှောက်ပြီး ပိုက်ဆံကို ကုန်းကောက်လိုက်သည်။

သို့သော် ပိုက်ဆံက သူမလက်ထဲမရောက်လာဘဲ နောက်သို့ လွင့်သွားသဖြင့် သူမပြေးကောက်ပြန်သည်။ စောစောကအတိုင်း ပိုက်ဆံက နောက်သို့လွင့်နေသည်။ နောက်တစ်ကြိမ် ထပ်ကောက်ပြန်သည်။ ပိုက်ဆံက စောစောကအတိုင်းပင် နောက်သို့လွင့်နေသဖြင့် ကောက်မည်ဟု ထပ်မံပြုလုပ်စဉ်မှာ . . .

"ဒီတစ်ခါ ကြိုးစားကြည့်လိုက်ပါဦး၊ ရနိုင်ပါတယ်၊ အဲဒီလောက်နဲ့ ရပ်ရင်တော့ ဘာမှရမှာမဟုတ်ဘူး . . . ဟား . . . ဟား . . . ဟား"

မထင်မှတ်ဘဲ သစ်ပင်တွေ နောက်ကွယ်ကနေ အသံကြားရသဖြင့်


www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံကောက်ယူမည့် ကြည်စင်ရွှန်းက သစ်ပင်တွေဖက်သို့ ကြည့်လိုက်သောအခါ အပ်ချည်ကြိုးနက်တွဲလောင်းနှင့် ငွေငါးထောင်တန်ကို လက်ကကိုင်ထားသော သင်တန်းသားတစ်ဦးကို တွေ့လိုက်ရသည်။

ကြည်စင်ရွှန်းကိုကြည့်ပြီး ထိုသင်တန်းသားက ထပ်မံရယ်နေပြန်သဖြင့် စောစောက ကိစ္စကို ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်နေသော စိတ်တွေက အထွတ်အထိပ်သို့ ရောက်သွားပါသည်။ တစ်ဆက်တည်းဆိုသလို စောစောက မြင်ကွင်းကို မည်သူတွေများ မြင်သွားလေသလဲလို့၊ မြင်လို့ကတော့ အရှက်လုံးလုံးကွဲပြီ ဖြစ်သည်။

"ဒီမှာ ရှင်ရဲ့အပြုအမူက အောက်တန်းကျလှချည်လား၊ လူတစ်ဖက်သား အရှက်တကွဲ အကျိုးနည်းအောင် မနောက်ပြောင်သင့်ဘူး၊ ပြီးတော့ ပြောရရင် ဟောဒီလို နေရာမျိုးမှာ ဒါမျိုးမလုပ်သင့်ဘူး၊ ရှင့်အပြုအမူက ကိုယ့်အဆင့်အတန်းကို ဖော်ပြနေသလို ဖြစ်နေတယ်"

ကြည်စင်ရွှန်း၏လေသံတွေက ပြင်းထန်သွားသည်ဆိုတာ ပြောနေသော သူမကိုယ်တိုင် သတိမထားမိတော့ပါ။

"ခင်ဗျား . . . ရှက်ရမ်းမရမ်းပါနဲ့၊ ကျွန်တော်က ဒီငွေငါးထောင်တန်တစ်ရွက်နဲ့ လူတွေ လောဘရှိလား၊ မရှိလား စမ်းသပ်နေတာဗျ၊ ဩော် . . . လူတွေ . . . လူတွေ . . ."

"လူတွေ ဘာဖြစ်လဲ၊ ဒီမှာ ရှင်သိဖို့က လူတိုင်းလောဘရှိတယ်ဆိုတာ ရှင်မှတ်ထား၊ ကျွန်မနေရာမှာ ရှင်ဆိုလည်း ဒီလိုပဲ နေမှာပဲ၊ ရှင်နဲ့ကျွန်မ တွေ့ဦးမယ် . . . တောက်!"

ကြည်စင်ရွှန်းက ဒေါသတကြီး 'တောက်' ခေါက်ပြောဆိုရင်း ထွက်သွားပါသည်။

ငွေငါးထောင်တန်လက်ထဲမှာ ကိုင်ထားသော ရဲမင်းကတော့



www.burmeseclassic.com

www.burmeseclassic.com



သူနောက်လိုက်တဲ့ အနောက်ခံရသည့်အမျိုးသမီး တော်တော်ဒေါသထွက်သွားတာပဲဟု တွေးရင်းက သူ့လုပ်ရပ်အတွက် ကျေနပ်စွာ ပြုံးနေမိပါသည်။

❑

ကင်တင်းထဲမှာ စကားသံတွေက ဆူညံနေပေမယ့် ထိုအသံတွေက ကြည်စင်ရွှန်းနားထဲကို မရောက်ပါ။ ဒေါသစိတ်က ကင်တင်းရောက်ပြီး သူငယ်ချင်းတွေနှင့် တွေ့တာတောင်မှ မပြေသေးပါ။ သက်သက်မဲ့လူတစ်ဖက်သားကို အရှက်ရအောင် လုပ်သည့်သူအား တွေ့လို့ကတော့ ပညာပေးရုံမက စကားလုံးခပ်ကြမ်းကြမ်းတွေနှင့် ပြောပစ်မည်ဟု ကြိမ်းဝါးမိသည်။ သည်ကိစ္စနှင့်ပတ်သက်ပြီး သူငယ်ချင်းမသုံးဦးဖြစ်သော မေအေးဝင်း၊ ခင်သန်းနွယ်နှင့် သန်းသန်းဆင့်တို့ကလည်း လုံးဝအစာမကြေပါ။

"နောက်တာဘော့ နောက်တာပေါ့ ကြည်စင်ရွှန်းရယ်၊ ဒါပေမယ့် ဒါမျိုးက ဘေးလူတွေမြင်ရင် အထူးသဖြင့် အခုငါတို့အခန်းထဲက ဝတုတ်တို့အုပ်စုမမြင်လို့၊ တော်ကြာ . . . ဒင်းတို့ပါးစပ်နဲ့ MICT PARK တစ်ခုလုံး လိုက်လွှင့်ရုံမက အင်တာနက်ပါတင်ရင် ပြီးပြီ"

"မေအေးဝင်းပြောတာ ဟုတ်တယ်၊ ဟိုတလောက ငါကင်တင်းမှာ အသုတ်စားတာ အရသာမတွေ့လို့ နှစ်ခါလောက်ပြင်ခိုင်းတာကို အဲဒီဝတုတ်က ဘေးနားကဝိုင်းမှာ လက်ဖက်ရည်သောက်ရင်း အခန်းထဲမှာမပြောဘဲ ရပ်ကွက်ထဲရောက်မှပြောလို့ အဲဒီသတင်းက ငါ့အိမ်ပြန်ပေါက်ကြားတာ ရယ်ပါလေရောဟာ၊ ဒီကောင်နဲ့ တစ်ရပ်ကွက်ထဲနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ မလွယ်ဘူး”

ခင်သန်းနွယ်ကလည်း သူ့ခံစားချက်ကို ရင်ဖွင့်ပြောဆိုနေတာ ကြည်စင်ရွှန်းတစ်ယောက် စိတ်ညစ်သွားသည်။ ပြောနေသော အကြောင်းအရာက လမ်းကြောင်းလွဲနေလို့ ဖြစ်သည်။

“တော်ပါ . . . ခင်သန်းနွယ်ရယ်၊ နင်ပြောနေတဲ့ အကြောင်းအရာနဲ့က ဆန့်ကျင်ဘက်ဖြစ်နေပြီ”

“ကြည်စင်ရွှန်း . . . နင့်ကို ငွေငါးထောင်တန်နဲ့ နောက်တဲ့သူက ဘယ်လိုပုံစံမျိုးနဲ့ နင့်ဆီရောက်လာဦးမလဲ မသိဘူး၊ နင်ကလည်း ထူးထူးဆန်းဆန်းလေးဆို စိတ်ဝင်စားတာနဲ့တော့ ဟုတ်နေပြီ”

သန်းသန်းဆင့်စကားကို ဘာမှကြည်စင်ရွှန်းမှတ်ချက်မပေးပါ။ သူမ ပညာပေးရမှာက ဟိုလူ့ကိုပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လူတော်တော်များများက
လုပ်ရိုးလုပ်စဉ်
ပုံသေနည်းအဟောင်းတွေအတိုင်း
ချစ်ခွင့်ပန်ကြတယ်။
"ပျင်းစရာကြီး"
အိုင်တီခေတ်မှာ
Heart ထိအောင် လုပ်လို့ရတာတွေ
များမှများသလားမမေးနဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ကျော်စိန်မြင့်အိမ်ကို လာခေါ်ကတည်းက သည်ကောင့်မှာ ကိစ္စတစ်ခုခုတော့ ရှိပြီဆိုတာ ရဲမင်းသိလိုက်ပြီ။ ကျော်စိန်မြင့် ဘယ်လိုမှ ကြံစည်လို့မရလို့ပဲ ဖြစ်ရမည်။ ကျော်စိန်မြင့်က ဘယ်တုန်းကမှ သူ့ကိစ္စအတွက်မဟုတ်ဘဲနှင့် အိမ်လာလေ့မရှိ။ အခုလည်း လေးမောင်နှင့် သိန်းမြင့်ဝင်းကို လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်ခိုင်းခဲ့သည်ဟု ပြောသည်။ ရဲမင်းက ဘာအကြောင်းထူးကိစ္စရှိသလဲ မေးသည့်အခါ ကျော်စိန်မြင့်က မပြော။ လက်ဖက်ရည်ဆိုင်ရောက်မှ ရှင်းပြမည်ဟု ပြောသည်။

လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ သစ်ပင်အောက်ရှိ စားပွဲဝိုင်းမှာ ကြိုရောက်နေသည့် လေးမောင်နှင့် သိန်းမြင့်ဝင်းက သူတို့နှစ်ယောက် ဘာတွေယောက်ျားတန်မယ့် အတင်းပြောနေသလဲ မသိပါ။ ပြောလက်စ စကားကို ရပ်လိုက်သည်။

"မင်းတို့နှစ်ယောက် ပြောစရာရှိတာ ဆက်ပြောလေကွာ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ငါတို့နှစ်ယောက်လာမှ ရပ်လိုက်တာလဲ"

ရဲမင်းက ပြောသည့်အခါ လေးမောင်က . . .

"မင်းအကြောင်းပြောနေတာပေါ့၊ ငါတို့ သတင်းကြားပြီးပြီ၊ မင်းငါးထောင်တန်ကို အပ်ချည်ကြိုးနက်နဲ့ချည်ပြီး ကျောင်းသူတစ်ယောက်ကို နောက်လိုက်တာ ဟိုက ဒေါသထွက်သွားတယ်လို့ ပြောတယ်"

"ရဲမင်းရာ . . . နောက်တာလည်း နောက်ပေါ့ကွာ၊ မင်းလုပ်ပေါက်က ပါးရိုက်ခံရမယ့် လုပ်ပေါက်ပဲကွ၊ ဟိုက တော်တော်ရှက်ရှာမှာ"

အရေးထဲ ငွေငါးထောင်တန်ကိစ္စအား သိန်းမြင့်ဝင်းက ဝင်နာနေသဖြင့် ရဲမင်းရယ်ချင်သလို ဖြစ်သွားသည်။

"လေးမောင်နဲ့ သိန်းမြင့်ဝင်း . . . အခု လက်ဖက်ရည်ဆိုင်ကို ကျော်စိန်မြင့်ခေါ်လို့ ရောက်လာတာ၊ ကျော်စိန်မြင့်အကြောင်း နားထောင်ရမလား၊ မင်းတို့နှစ်ယောက်ပြောတာကို နားထောင်ပြီး ခုခံချေပရမှာလား"

ကျော်စိန်မြင့်က ရေနွေးတစ်ခွက်ကို ငှဲ့လိုက်ပြီး . . .

"ရဲမင်း . . . ဒီကောင်တွေပြောတဲ့ကိစ္စ ခေါင်းထဲမထည့်နဲ့၊ ငါ့ကိစ္စကို မင်းအခုချိန်ကစပြီး ခေါင်းထဲထည့်တော့၊ ငါ့ကိစ္စက အကြီးကြီး၊ တကယ့်ကို အကြီးကြီးကွ"

"ကျော်စိန်မြင့်ရာ . . မင်းကတော့ မိတ္တူချဲ့ပြီ၊ ကဲ . . ဒီလောက်အကြီးကြီးဆိုလည်း အကြီးကြီးနဲ့တန်အောင် လက်ဖက်ရည်တစ်ခွက်နဲ့ နန်းကြီးသုတ်တစ်ပွဲမှာ၊ ထမင်းလွတ်ပေါ့ကွာ"

ကျော်စိန်မြင့်က ရဲမင်းကို မိန်းမကြီးတစ်ယောက် မကျေနပ်လို့ မျက်စောင်းထိုးသလို အမူအရာမျိုးနှင့် . . .

"ဟဲ့ . . . အကောင် . . . မှာ . . . မှာချင်တာမှာ၊ နင့်ကို ငါက



www.burmeseclassic.com

www.burmeseclassic.com



အားကိုးရတော့မှာလေ၊ မှာ . . . ဟဲ့ . . . အကောင် . . .”

ကျော်စိန်မြင့်၏ မကျွေးချင်ကျွေးချင်နှင့် ကျွေးသော အစားအသောက်ကို စားရမှာ တော်တော်အရသာရှိမှာပဲလို့ ရဲမင်းတွေးမိလိုက်သေးသည်။

“ကဲ . . . ကျော်စိန်မြင့်၊ မင်းရဲ့အကြီးကြီးကိစ္စကို ပြောစမ်းပါဦး”

စားပြီးသောက်ပြီး သွားသည့်အခါ ရဲမင်းက ကျော်စိန်မြင့်ကိစ္စကို မေးလိုက်သည်။

“ဒီလိုကွာ . . . တက္ကသိုလ်တက်တုန်းက ငါနဲ့အခန်းချင်းကပ်လျက် မေဂျာတူကျောင်းသူတစ်ဦးနဲ့ မျက်လုံးချင်းအချက်ပြပြီး အီစီကလီလုပ်ထားဖူးတာရှိတယ်၊ ငါကလည်း ဖွင့်မပြောရဲ၊ သူကလည်း ‘ပဲ’ကိုင်နဲ့ ဘာလိုလိုကြီး ဖြစ်ခဲ့ရတာ၊ အခု သူက ငါတို့တက်နေတဲ့ သင်တန်းမှာလာတက်နေတယ်၊ သူကတောင် ငါ့ကိုတွေ့တော့ အံ့အားသင့်နေလို့၊ ငါတို့နှစ်ယောက် စကားတွေဘာတွေ ပြောရင်းက ဇာတ်လမ်းက ဇာတ်ရှိန်တက်လာတယ်၊ ဒီတော့ သူ့ကို ငါရည်းစားစကား မပြောရဲတော့ စာပေးချင်တယ်ကွာ၊ အဲဒါ မင်းက စာတွေဘာတွေဖတ်တော့ ငါ့ကို ရည်းစားစာရေးပေးကွာ”

ကျော်စိန်မြင့်ကိုကြည့်ပြီး ရဲမင်းသနားသွားရုံမက သည်ကောင်တော့ ကမ္ဘာပြားသည့်ခေတ်ကြီးတွင် အဝေးကြီးမှာ ကျန်ခဲ့ပြီလို့။

“ကျော်စိန်မြင့်ရာ . . . ဒီခေတ်မှာ ရည်းစားစာပေးကြသေးလို့လား၊ အခုလို အိုင်တီခေတ်ကြီးမှာ အင်တာနက်ကနေပြောတာတွေ ဖုန်းထဲကနေ အပီကျူနေကြတာ၊ မင်းဟာကကွာ”

“ရဲမင်း . . . မင်းပြောသလို သူ့အိမ်မှာ အင်တာနက်မရှိရင် ဘယ်လိုလုပ်မလဲ၊ ဖုန်းဆိုလို့ ငါ့မှာမှမရှိတာ၊ သူ့မှာလည်း မရှိဘူး၊ pco



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကနေ ရည်းစားစကားပြောရမယ်ဆို ဘယ်ကောင်းပါ့မလဲ၊ ဒီတော့ စာပဲပေးတာ ကောင်းတယ်၊ ကူညီပါကွာ"

ကျော်စိန်မြင့်က ရဲမင်းအား မျက်နှာငယ်လေးနှင့် အကူအညီ တောင်းလိုက်ပြန်ပါသည်။

ရဲမင်းကတော့ ကျော်စိန်မြင့်တစ်ယောက် သူတို့တွေမသိအောင် သင်တန်းမှာ သည်ကောင်ဘယ်လို သူကြိုက်နေသော ကျောင်းသူကို အဆက်အသွယ်တွေလုပ်ပြီး သည်လိုစာပေးဖို့ ဖြစ်လာအောင် ဘယ်လို ကြိတ်ကြံခဲ့လဲ မသိပါ။

"ဒီမှာ ကျော်စိန်မြင့် . . . မင်း ငါပြောတဲ့အတိုင်း လုပ်ရမယ်၊ မင်းမငြင်းရဘူးနော်"

"အေးပါကွာ . . . မင်းကို ဆရာတင်ထားပြီးပြီပဲ"

"သူများတွေက ရည်းစားစာကို စာရွက်နဲ့ ရေးပေးတာက ဟိုး ပဝေသဏီကတည်းက လုပ်ခဲ့တာ . . . ရိုးတယ်၊ လက်ခံတဲ့သူကလည်း သူများတွေ လုပ်ထုံးလုပ်နည်းဖြစ်နေလို့ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ဒီတော့ ကိုယ်က အသစ်လုပ်ရမယ်၊ သူ့ရဲ့ Heart ကိုထိအောင် ပစ်ရမယ်"

"လုပ်စမ်းပါဦးကွာ၊ ဘယ်လို Heart ထိအောင် ပစ်ရမှာလဲ"

"မင်းက ဗန်ဒါရွက်အစိမ်းတစ်ရွက်ကို ယူ၊ အဲဒီဗန်ဒါရွက်မှာ ဆောပင်နဲ့ ချစ်တယ်လို့ရေးပြီး သူ့ကိုပေးလိုက်၊ သူ့ဘဝမှာ ဒါမျိုးတစ်ခါမှ မကြုံဘူးလို့ ခံစားမှုအသစ် ဖြစ်လာလိမ့်မယ်"

"ရဲမင်းရာ . . . သူက သူ့ကို လာနောက်တယ်ဆိုပြီး စိတ်ဆိုး သွားရင် ဘယ်လိုလုပ်မလဲ၊ ငါမလုပ်ရဲဘူးကွာ"

ကျော်စိန်မြင့်က ပျာပျာသလဲ ငြင်းပါသည်။

"ရဲမင်း . . . ပြဿနာတွေ တက်နေဦးမယ်ကွာ၊ လျှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ဒီကောင့်ကို မကြုပ်ပါနဲ့ကွာ"

"လေးမောင်ပြောတာ ဟုတ်တယ်၊ မင်းနောက်တာ ဒါမျိုးတော့ မသင့်တော်ပါဘူးကွာ၊ တော်ကြာ အချစ်မရဘဲ အမုန်းတွေ တစ်သက်လုံး ရကုန်ဦးမယ်၊ တစ်ခြားနည်း စဉ်းစားပါဦးကွာ"

သိန်းမြင့်ဝင်းကလည်း ကန့်ကွက်စကားဆိုပါသည်။

"မင်းတို့တစ်တွေက အဲဒါခက်တာပဲ၊ မင်းတို့တစ်တွေက ဒီနေ့ထိ သူများတွေးသလို တွေးတယ်၊ သူများတွေ လုပ်သလိုလုပ်တယ်၊ ဘယ်သူမှ ဖြန့်ထွက်မတွေးဘူး၊ တစ်ခါတလေမှာ တွေးရိုးတွေးစဉ် လုပ်ရိုးလုပ်စဉ် မဟုတ်တာကို လုပ်ရတယ်ကွ၊ အခုကိစ္စမှာလည်း ကျော်စိန်မြင့်ကြိုက်တဲ့ ကျောင်းသူက ကျော်စိန်မြင့်ဗန်ဒါရွက်နဲ့ ရည်းစားစာပေးတာကို ရှူ ကြောင်မူးကြောင်လုပ်တယ်လို့ ထင်ချင်ထင်ပေမယ့် သူနဲ့တွဲတဲ့ သူငယ်ချင်းတွေက ဒီအတိုင်းနေမှာ မဟုတ်ဘူး'ကျော်စိန်မြင့်ရဲ့အပေါ် စိတ်ဝင်စားမှုတွေ ပိုလာမှာပဲ၊ အဲဒီလို မိန်းမတွေက စိတ်ဝင်စားလာရင် အချင်းချင်းလက်တို့ပြီး ပြောလိမ့်မယ်၊ စိတ်မဝင်စားပါဘူးဆိုတဲ့ ကျော်စိန်မြင့်ကြိုက်နေတဲ့ ကျောင်းသူက ကျော်စိန်မြင့်ကိုပြန်ပြီး စိတ်ဝင်စားလာလိမ့်မယ်၊ ဒီတော့ ငါပြောတဲ့ အကြံအစည်ကို ရဲရဲသာလုပ်"

ကျော်စိန်မြင့်က ရဲမင်းမျက်နှာကို မဝံ့မရဲကြည့်ရင်း . . .

"ရဲမင်း . . . မင်းအခုအကြံပေးတာက နောက်နေတာတော့ မဟုတ်ပါဘူးနော်၊ ငါက ငါ့နှလုံးသား ငါ့ရင်ဘတ် အိုကွာ . . . ငါ့ဘဝကြီးနဲ့ ရင်းရမှာကွ"

"စိတ်ချစမ်းပါကွာ . . . ငါပြောတဲ့အတိုင်းသာလုပ်၊ အခု မင်းစိုးရိမ်နေတဲ့စိတ်တွေ ငါ့အပေါ် သံသယရှိတာတွေဟာ မင်းကြိုက်တဲ့ ကျောင်းသူနဲ့ ချစ်သူတွေဖြစ်၊ ညားကြ၊ ကလေးတွေရတဲ့အခါမှ ငါ့ကျေးဇူး


www.burmeseclassic.com

www.burmeseclassic.com



တွေကို သတိရနေလိမ့်မယ်၊ လွမ်းနေကြလိမ့်မယ်”

“မင်းကို သတိရလွမ်းရအောင် အဲဒီအခါ မင်းက သေသွားမှာ မို့လို့လား”

သိန်းမြင့်ဝင်းက ရဲမင်းအား ‘ဘု’တောသည့်လေသံဖြင့် ပြော တာကို ရဲမင်းက ဘာမှပြန်မပြောဘဲ ဘာကိုတွေးနေသလဲဆိုတာ ကျန် သည့်သူငယ်ချင်းသုံးဦးက လုံးဝမသိပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

အံ့အားသင့်တာလေးတွေ

စိတ်ဝင်စားတာလေးတွေပါမှလည်း

ရင်ခုန်စရာဖြစ်တော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ရင်တွေခုန်နေပါသည်။ ဘဝမှာ တစ်ခါဖူးမှ သည်လိုမျိုး မလုပ်ဘူးသဖြင့် ကျော်စိန်မြင့်တစ်ယောက် ရင်တွေခုန်ရုံသာမက မသောက်ရသေးသော ယမကာသမားတစ်ဦးလိုမျိုး လက်တွေလည်း တုန်နေပါသည်။ သည်ကြားထဲ သူ့ခမျာ ဆုတောင်းနေရပါသေးသည်။ ရဲမင်းအကြံပေးသည့်အတိုင်း သူလုပ်ရမည့်ကိစ္စအတွက် သူနှစ်သက်မြတ်နိုးသူတစ်ယောက်တည်း သူငယ်ချင်းမတွေ့မပါဘဲ သင်တန်းသို့ လာပါစေလို့။ ဘေးနားကနေ အဖော်တွေပါလာလျှင် ပွဲကပျက်ပြီလို့။

ကျော်စိန်မြင့်စိတ်ထဲမှာ ထင့်နေတာ တစ်ခုက ရှိသေးသည်။ သူ့ကို ရဲမင်းက နောက်ချင်ပြောင်ချင်လို့ အကြံကောင်းပေးသလိုနှင့် ချောက်တွန်းတာလား သို့မဟုတ် တကယ့်အကြံကောင်းကို ပေးတာလားဆိုတာ ဖြစ်သည်။

သူငယ်ချင်းအရင်းတွေဆိုတော့ မဖြစ်တန်ကောင်းပါဘူးဟု ဖြေ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်တွေးလိုက်ပါသည်။

MICT PARK ထဲသို့ သင်တန်းတက်မည့် ကျောင်းသားတွေက ကားမောင်းပြီး ဝင်းထဲသို့ ဝင်လာသူနှင့် လမ်းလျှောက်ပြီး ဝင်လာသူနှင့် သည်နေ့မှ ပိုများနေသလားလို့ ကျော်စိန်မြင့်တွေးနေမိသေးသည်။

ကျော်စိန်မြင့် ဝင်းတံခါးဝဆီသို့ အကြည့်က ရောက်သွားသည့်အခါ ဝမ်းလည်းသာမိသလို ကြောက်ဒူးတွေလည်း တုန်ချင်သလို ဖြစ်လာပါသည်။

ကျော်စိန်မြင့်ခဖို့ သူချစ်နေရသောသူ သင်တန်းဂိတ်ဝတံခါးကနေ သူရှိနေသော နေရာဆီသို့ ရောက်လာရန် ခြေလှမ်းတွေ အတော်လှမ်းရမှာပါလားလို့ မဆီမဆိုင် စာနာစိတ်တွေ ဖြစ်ပေါ်လာတာ သူငယ်ချင်းတွေသာသိရင် 'ငကြောင်'လို့ ဘွဲ့ထူးပေးမလား မသိပါ။

"ကိုကျော်စိန်မြင့် . . . ဒီရပ်ထားတဲ့ ကားတွေနားမှာရပ်ပြီး ဘယ်သူ့ကို စောင့်နေတာလဲ၊ ဒါမှမဟုတ် သင်တန်းစရိတ်မရှိလို့ ကားပါကင်စောင့်ရင်း စရိတ်ရှာနေတာလား"

ကျော်စိန်မြင့် ဘာပြောရမှန်းမသိ ဖြစ်နေရင်းက . . .

"ဒီမှာ . . . ဒီမှာ ပါးစပ်ကနေ ချစ်တယ်ဆိုတာ မပြောရဲလို့ ဒါလေးယူသွားပါ"

"ရှင်!"

"ကိုကျော်စိန်မြင့်! . . . ကိုကျော်စိန်မြင့်!"

ကျော်စိန်မြင့်ခမျာ ရှက်ရှက်ရွံ့ရွံ့နှင့် ပါးစပ်က ဘာပြောမိမှန်းမသိဘဲ ကျောပိုးအိတ်ထဲကနေ 'ချစ်တယ်' ဟု ဆော့ပင်နှင့် ရေးထားသော ဗန်ဒါရွက်ကို သူချစ်သော ကျောင်းသူလက်ထဲထည့်ပြီး သုတ်ခြေတင် ထွက်သွားတာ ဟိုက အံ့အားတသင့်ဖြစ်ရင်း သူ့နာမည်ခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



တောင် လှည့်မကြည့်တော့ပါ။ သတ္တိရှိပုံများနော် . . .။

□

စားပွဲခုံပေါ်မှာ ချထားသော ဗန်ဒါရွက်စိမ်းစိမ်းလေးတစ်ရွက်ကို ကြည်စင်ရွှန်းနှင့် သူငယ်ချင်းမသုံးဦးက ထူးဆန်းသလိုမျိုးကြည့်နေတာကို ထိုဗန်ဒါရွက်သာ အသက်ရှိမည်ဆိုလျှင် သူတို့လေးဦး၏ အကြည့်တွေနှင့်ပင် သေမှာကျိန်းသေပါသည်။

"သန်းသန်းဆင့် . . . နင့်ကို ဗန်ဒါရွက်ပေါ်မှာ ချစ်တယ်လို့ရေးပြီး ရည်းစားစာအပေးခံရတာ ကမ္ဘာပေါ်မှာ မရှိသေးဘူး၊ ဂင်းနစ်စာအုပ်ထဲမှာ မှတ်တမ်းရေးလို့ရပြီ၊ ဒါမျိုးမကြုံဖူးပါဘူးဟာ"

ခင်သန်းနွယ်က သန်းသန်းဆင့်ကိုကြည့်လိုက်၊ စားပွဲခုံပေါ်က ဗန်ဒါရွက်ကိုကြည့်လိုက် လုပ်ရင်းက ပြောလက်စ စကားကို ရပ်လိုက်သည်။

"ခင်သန်းနွယ်၊ ကြည်စင်ရွှန်း . . . ငါတို့တစ်တွေ သန်းသန်းဆင့်ကို ဗန်ဒါရွက်နဲ့ ရည်းစားစာပေးတဲ့သူကို ပိုက်ဆံစုပြီး ထောက်ပံ့ရအောင်၊ သူ့ခမျာ ရည်းစားစာပေးဖို့ကိုတောင် စာရွက်ဖိုးမရှိတာ အံ့ပါရဲ့"

မေအေးဝင်းက သူ့စကားသူ သဘောကျပြီး ရယ်နေသည်။

"မေအေးဝင်းပြောတာ ဟုတ်တယ်၊ သန်းသန်းဆင့်ရယ် . . . နင့်ကိုကြိုက်တဲ့သူက အမွဲတကာ့ထိပ်ခေါင် အဆင်းရဲဆုံး ရေသည်ယောက်ျား နဲ့တောင် ဘဝဆိုးနေပါလား၊ နင်နဲ့တွေ့မှ တွေ့တတ်တယ်"

ခင်သန်းနွယ်စကားကို နားထောင်နေသည့် သန်းသန်းဆင့်က စားပွဲခုံပေါ် ချထားသည့် ဗန်ဒါရွက်ကိုယူလိုက်ပြီး ဗန်ဒါရွက်ပေါ်မှာ ဆော့



www.burmeseclassic.com

www.burmeseclassic.com



ပင်နှင့်ရေးထားသည့် 'ချစ်တယ်'ဆိုသော စာသားကို ထပ်ဖတ်ပြန်ပါသည်။ ပြီးမှ . . .

"သူနဲ့ငါနဲ့က တက္ကသိုလ်မှာကတည်းက တွေ့ကြတာ၊ မေရှာအတူတူပဲလေ၊ ဒီလိုပါပဲ . . . တွေ့ရင်းကြည့်ရင်းနဲ့ ငါ့ကို သူစိတ်ဝင်စားလာတယ်ဆိုတာ ငါသိလာတယ်၊ အခန်းချင်းကလည်း ကပ်လျက်ပဲလေ၊ ဒါပေမယ့် သူက ဖွင့်မပြောဘူး၊ ဒီလိုနဲ့ ဘွဲ့သာရသွား... ဒီအတိုင်းပဲ၊ အခု ဒီသင်တန်းတက်မှ ပြန်တွေ့ရင်း သံယောဇဉ်ဇာတ်လမ်းက စလာတာ၊ ရယ်တော့ ရယ်ရတယ်၊ သူက ဒီဗန်ဒါရွက်နဲ့ ရည်းစားစာပေးတော့ သူက ချစ်တယ်ဆိုတာ မပြောရဲလို့ ပေးတာပါတဲ့၊ သူ့ကိုယ်သူ ငါ့ကိုချစ်တယ်လို့ ရည်းစားစကားပြောလိုက်တာကို သူသတိမထားမိလိုက်ဘူး၊ ရှက်ရှက်နဲ့ ပြေးသွားလေရဲ့"

သန်းသန်းဆင့်က သူ့စကားသူ ပြောနေရင်းက အတော့်ကို ကျေနပ်နေပုံရပါသည်။

"သန်းသန်းဆင့် . . . နင်အဲဒီလောက်ပြောနေတာ သေချာပြီ၊ နင့်ကို ဗန်ဒါရွက်နဲ့ ရည်းစားစာပေးတဲ့လူကို နင်ကြိုက်နေတာ ကျိန်းသေပြီ၊ နင်တော်တော်ပိရိတယ်နော်၊ တက္ကသိုလ်တက်တုန်းကလည်း ငါတို့ကို နင်လုံးဝမပြောဘဲ ပိပိရိရိနဲ့၊ အခုသင်တန်းတက်တော့လည်း အခုမှသိရတယ်၊ နင်တော်တော်လျှို့ဝှက်နိုင်တာပဲ"

မေအေးဝင်းစကားအဆုံး ခင်သန်းနွယ်က . . .

"ဟဲ့ . . . သူ့နာမည်က ဘယ်သူလဲ"

"ကျော်စိန်မြင့်တဲ့ . . ."

"ဟယ် . . . နာမည်ကြီးကလည်း Romance မဖြစ်လိုက်တာ၊ နယ်တွေက ဗလာဇာတ်မင်းသားနာမည်ကျနေတာပဲ၊ နင်တို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က လိုက်ပါတယ်၊ နင်တို့အဖြစ်က ကိုရီးယားဇာတ်လမ်းဆန်ပြီး နာမည်တွေက ကျော်စိန်မြင့်နဲ့ သန်းသန်းဆင့်တဲ့"

"သန်းသန်းဆင့် . . . ငါတစ်ခုပြောမယ်"

"နင်ဘာပြောမလို့လဲ . . . ကြည်စင်ရွှန်း"

တစ်ချိန်လုံး ဘာစကားမှ ဝင်မပြောသည့် ကြည်စင်ရွှန်းက ပြောလိုက်သဖြင့် သန်းသန်းဆင့်က စိတ်ဝင်စားသွားပါသည်။

"တော်ရုံတန်ရုံလူက ကိုယ်မြတ်နိုးတဲ့သူကို ဒီလိုမျိုး ဗန်ဒါရွက်မှာ စာရေးပြီး ရည်းစားစာပေးမှာ မဟုတ်ဘူး၊ အဲဒီနောက်ကွယ်မှာ အကြံပေးသူရှိရမယ်၊ အဲဒီအကြံပေးတဲ့သူကို ငါစိတ်ဝင်စားတယ်၊ နင့်ရဲ့လူကို ခေါ်ခဲ့ဟာ၊ ငါတို့နဲ့ မိတ်ဆက်ပေး"

သန်းသန်းဆင့်က လက်ထဲမှာ ကိုင်ထားသည့် ဗန်ဒါရွက်ကို ထပ်မံကြည့်လိုက်ရင်းမှ ခေါင်းညိတ်ပြပါသည်။ ကြည်စင်ရွှန်းကတော့ သည်အကြံအစည်ကို အကြံပေးသူအား နည်းနည်းတော့ ချီးကျူးမိချင်နေမိပါသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ငွေကုန်ကြေးကျမရှိတဲ့
ချစ်သူဖြစ်ဖို့ ဟန်ပြင်နေတဲ့
ဆန့်ကျင်ဘက်လူနှစ်ဦး ...
ချစ်သူဖြစ်သွားတာ
ကုသိုလ်ဘယ်လောက်ရသလဲလို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ကျော်စိန်မြင့် သိပ်ပျော်နေပါသည်။ ဘာကြောင့်လဲဆိုလျှင် ကမ္ဘာပေါ်တွင် မည်သူမှ မလုပ်ဘူးသေးသော ရည်းစားစာကို ဗန်ဒါရွက်ပေါ်မှာ စာရေးပြီး သူချစ်သော သန်းသန်းဆင့်ကိုပေးခဲ့တာ အရင်ကတည်းက သံယောဇဉ်အရိပ်အငွေ့တွေကြောင့်လား မသိ၊ တစ်ပတ်အတွင်းမှာ ချစ်သူတွေ ဖြစ်သွားပါသည်။ ရဲမင်းတို့ သူငယ်ချင်းအုပ်စုမှာ ပထမဦးဆုံး ဈေးဦးပေါက်သူ ဖြစ်သွားပါသည်။ သည့်အတွက် လေးမောင်နှင့် သိန်းမြင့်ဝင်းတို့က ကျော်စိန်မြင့်ကိုတောင် အားကျနေပါသေးသည်။

"ရဲမင်း . . . မင်းအကြံပေးတဲ့ လုပ်ကွက်ကတော့ မင်းပြောတဲ့အတိုင်း ကျော်စိန်မြင့်ရဲ့နတ်သမီးလေးကို Heart တန်းထိတာပဲ၊ ငါတို့က မင်းကို တစ်မျိုးထင်ခဲ့တာ၊ ကျော်စိန်မြင့်ကို မင်းနောက်နေတာလို့၊ အခုတော့ တည့်နေတာပဲ"

ချီးကျူးစကားပြောလေ့ ပြောထမရှိသော လေးမောင်က ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် အင်းလျားကန်ရေပြင်ကို ငေးကြည့်နေသော ရဲမင်းက . . .

"လူမှာ နောက်သင့်တဲ့အခါနောက်၊ တကယ့်ကို တည်တည်ငြိမ်ငြိမ်နဲ့ တွေးခေါ်စဉ်းစားရတာမျိုး ရှိတယ်ကွ၊ ကျော်စိန်မြင့်ကိစ္စမှာက သူတို့က အရင်ကတည်းက အခံလေးတွေရှိတယ်၊ ဒီတော့ သူတို့အတွက် ပိုပြီးစိတ်လှုပ်ရှားစေမယ့်ဟာကို ဖန်တီးပေးလိုက်တာပဲ"

"ဒီအဖြစ်ပျက်အမှန်ကို ကျော်စိန်မြင့်ရဲ့ အသစ်စက်စက်ချစ်သူက သိသွားရင် ဘယ်လိုလုပ်မလဲ၊ တော်ကြာ . . . ငါတို့ကောင် သူပြောတဲ့စကားအတိုင်း အကြီးကြီးခံစားနေရဦးမယ်နော်"

သိန်းမြင့်ဝင်းက စိုးရိမ်စကားဆိုပါသည်။

"သိန်းမြင့်ဝင်း . . . ဒီအတွက် ဘာမှပူမနေနဲ့၊ ဘာမှမဖြစ်ဘူး၊ ဒီကိစ္စအမှန်ကို ကျော်စိန်မြင့်က ပြောမလားကွ၊ ဒါ သူ့လျှို့ဝှက်ချက်ပဲ၊ မင်းတို့ အဲဒါတွေ စဉ်းစားမနေနဲ့၊ မှာစရာရှိတာ မှာသာစား၊ တော်ကြာနေရင် ဒီကောင် သူ့ရဲ့ရည်းစားနဲ့ ရောက်လာလိမ့်မယ်၊ အကြံပေးတာ ဒီလောက်တော့ စားသင့်တယ်"

ရဲမင်းက စားပွဲထိုးကိုခေါ်ပြီး စားစရာများကို ထပ်မှာပါသည်။ ရဲမင်းတို့တစ်တွေ စားသောက်နေတုန်းမှာပဲ ကျော်စိန်မြင့်က သူ့ချစ်သူနှင့်အတူ ရောက်ချလာပါသည်။

"မင်းတို့ကကွာ . . . ငါတို့တောင် မစောင့်ဘူး"

"မင်းက ဘယ်အချိန်လာမှန်းမှ မသိတာ၊ ဒါမျိုးက ချစ်သူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးမှ စားရမှာကွ၊ ကဲပါ . . . ထိုင်လေကွာ၊ မင်းတို့နှစ်ယောက်က မတ်တပ်ရပ်နေတာ မဟုတ်သေးပါဘူး"

ရဲမင်းက ထိုင်ခိုင်းလိုက်သဖြင့် လွတ်နေသော ခုံနှစ်လုံးမှာ ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိန်မြင့်နှင့် သူ့ချစ်သူတို့က ထိုင်လိုက်သည်။

"ဆင့် . . . ဒါကိုယ့်အချစ်ဆုံးသူငယ်ချင်းတွေပဲ၊ သူက ရဲမင်း။ ဟိုဘက်က လေးမောင်နဲ့သိန်းမြင့်ဝင်း"

ကျော်စိန်မြင့်ချစ်သူက အသိအမှတ်ပြုသည့်အနေဖြင့် ပြုံးပြပါသည်။

"ဟော့ကောင်တွေ . . . ဆင့်ရဲ့နာမည်ရင်းက သန်းသန်းဆင့်တဲ့၊ ဆင့် . . . ကိုယ့်ရဲ့သူငယ်ချင်းတွေကို စကားလေးဘာလေး ပြောပါဦး"

ကျော်စိန်မြင့်တို့များ သမီးရည်းစားဖြစ်တာ ဘာမှမကြာသေး၊ အခေါ်အပြောတွေက အရမ်းကို 'နု'နေပါသည်။

"ကျွန်မကို ကိုကျော်စိန်မြင့်ခေါ်သလို ခေါ်နိုင်ပါတယ်"

"ဟာ . . . ခေါ်ရမှာပေါ့ မသန်းသန်းဆင့်ရဲ့၊ ခင်ဗျားနဲ့ သူနဲ့ ညားပြီးသွားမှ ကျွန်တော်တို့က ဒီကောင့်ကို ဟိုခေါ်ဒီခေါ် လာခေါ်လို့ မလွှတ်ရင်တော့ မရဘူးနော်၊ အခုကတည်းက ကြိုပြောထားတာ၊ ကျော်စိန်မြင့် . . . မင်းက မင်းအဖေလို မင်းအမေကို ကြောက်မှာလား"

သိန်းမြင့်ဝင်းက ပြောသည့်အခါ . . .

"ဒါကတော့ ငါက သားအကြီးဆုံးလေ၊ သားအကြီး အဖအရာ ဆိုတော့ အဖေ့ရဲ့ဂုဏ်ကို ဆက်ထိန်းသိမ်းရမှာပေါ့ကွာ"

"အို . . . ကိုကလည်း ဘာတွေပြောနေမှန်း မသိဘူး၊ ဆင့်က လည်း အနိုင်မယူပါဘူး၊ ဆင့်အနိုင်မယူသလို ကိုကလည်း အနိုင်ယူစရာ မလိုဘူး၊ လင်နဲ့မယား တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားဖို့သာ အဓိကပါ"

ကျော်စိန်မြင့်တော့ ချက်ကောင်းထိပြီလို့၊ သန်းသန်းဆင့်ဆိုသော သူ့ချစ်သူ၏ စကားလုံးတွေအောက်မှာ သည်ကောင်တော့ တစ်ဘဝစာ



www.burmeseclassic.com

www.burmeseclassic.com



ချည်တိုင်ဖြစ်ပြီလို့။ သို့သော် ရဲမင်းတွေးမိပါသည်။ လောကကြီးမှ သူက လည်း ချစ်၊ ကိုယ်ကလည်း ချစ်သော ဘဝများကို သူတို့နှစ်ယောက်ပိုင် ဆိုင်ရပြီလို့။

“ကျော်စိန်မြင့် . . . မင်းတို့ဟာက ရောက်ကတည်းက စကားပဲ ပြောနေတယ်၊ မင်းရဲ့ဆင့်အတွက် တစ်ခုခုမှာပေးလိုက်လေကွာ၊ မင်း တော်တော်ညံ့တဲ့ကောင်ပဲ”

“လေးမောင် . . . မင်းမရှည်နဲ့၊ မင်းထက် ငါပိုသိတယ်၊ နေက ပူနေတာ ဆင့်ကို အအေးမှာပေးရင် ရေခဲတွေပါလို့ သောက်လိုက်ရင် လည်ချောင်းတွေ နာကုန်မှာပေါ့၊ ဒါကြောင့် အအေးမှာ မတိုက်သေးတာ”

ကျော်စိန်မြင့်တစ်ယောက် တစ်ပတ်အတောအတွင်း အတော် ပြောင်းလဲသွားတာပဲဟု။ ဒါကလည်း ကိုယ်မြတ်နိုးသည့်ချစ်သူကို ကိုယ် ကရသည့်အတွက်ကြောင့်ပဲ ဖြစ်မည်လို့။ ကျော်စိန်မြင့်၏ ခုခံချေပချက် စကားကို သန်းသန်းဆင့်တစ်ယောက် ကျေနပ်နေသည်ဆိုတာ သူမမျက် နှာကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

“ဒီက ကို့ရဲ့ ဟောဒီက သူငယ်ချင်းတွေနဲ့ ကျွန်မရဲ့သူငယ်ချင်း တွေနဲ့ပါ မိတ်ဆက်ပေးမယ်၊ ဒီအင်းလျားကန်ပေါင်မှာပဲနော်၊ ကျွန်မကျေး မှာ . . .”

“ဒါနဲ့ ခင်ဗျားရဲ့သူငယ်ချင်းတွေက ချောလား”

“အဲဒါကတော့ အဲဒီကျမှ ကြည့်”

သိန်းမြင့်ဝင်းစကားကို သန်းသန်းဆင့်က ပြန်ပြောရင်း ရယ် လိုက်ပါသည်။ ရဲမင်းကတော့ ငွေကုန်ကြေးကျမကုန်ဘဲ သူဆောင်ရွက် ပေးလိုက်သည့်ကိစ္စ အောင်မြင်သွားသည့်အတွက် ကျေနပ်လို့နေပါသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

မထင်ထားပါဘူး၊
ကိုယ်မထင်ထားသလို
သူလည်း ထင်ထားမှာမဟုတ်၊
ဘဝမှာ
အဲဒီမျိုးက
ခေါင်းချင်းဆိုင်လာတိုက်ရတယ်လို့၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

အင်းလျားရေပြင်ဖက်ကို မျက်နှာမူပြီး စားပွဲဝိုင်းတွင် ထိုင်နေသော အမျိုးသမီးလေးဦးထဲမှ သန်းသန်းဆင့်က သူမတို့ရှိနေသော နေရာသို့ လာနေသည့် ရဲမင်းတို့အဖွဲ့ကို မြင်သဖြင့် လက်ပြလိုက်သည်။ ရှေ့ဆုံးကနေပြီး ကျော်စိန်မြင့်တက်တက်ကြွကြွနှင့် လျှောက်နေသည်။

"ဟေ့ကောင်တွေ . . . မင်းတို့ကို မှာရဦးမယ်၊ ဆင့်က ကျွေးမှာဆိုတော့ အလကားရတာပဲဆိုပြီး သိပ်မစားကြနဲ့နော်၊ တော်ရုံပဲမှာ၊ ဆင့်ရဲ့ပိုက်ဆံတွေ ကုန်သွားဦးမယ်"

ကျော်စိန်မြင့်စကားကြောင့် လေးမောင်က မေတ္တာပို့ပါသည်။

"ဟေ့ကောင် . . . သူ့ပိုက်ဆံနဲ့ သူကျွေးတာ၊ မင်းကျွေးတာမဟုတ်တာ၊ အခုကတည်းက မင်းဒီလောက်ဖြစ်နေရင် သန်းသန်းဆင့်နဲ့ ညားလို့ကတော့ မလွယ်ဘူး၊ ငါတို့ရေတောင် သောက်ရမယ့်ဟာမသိဘူး ရဲမင်းရ"



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်ဝင်းက မကျေနပ်သည့် လေသံမျိုးဖြင့် ပြောသည့်အခါ ရဲမင်းက . . .

"ထားလိုက်ပါကွာ၊ ရေတက်နေတဲ့ အချိန်ဆိုတော့ လွှတ်ထားလိုက်၊ အဓိကအချက်က ဒီနေ့ ငါတို့မှာရှိတဲ့ ဖွတ်ကလိဒင်္ဂါးဆိုတဲ့ ငွေတွေ အိတ်ကပ်ထဲက မထွက်ဖို့ပဲ"

ရဲမင်းပြောစကားကို ကျော်စိန်မြင့်က ဂရုမစိုက်သည့်အလား သန်းသန်းဆင့်တို့ရှိနေသော စားပွဲဝိုင်းသို့ ရှေ့ကနေ ဦးဆောင်သွားလိုက်သည်။

"ခုံတွေ ယူလာပါဦး"

ကျော်စိန်မြင့်က စားပွဲထိုးကို လှမ်းပြောလိုက်သဖြင့် စားပွဲထိုး နှစ်ဦးက ခုံနှစ်လုံးစီယူလာပြီး လာချပေးပါသည်။ ရဲမင်းတို့လည်း ဝင်ထိုင်လိုက်ကြသည်။

"ဟဲ့ . . . မိတ်ဆက်ပေးရဦးမယ်၊ ဒါက ငါ့ရဲ့လူလေ၊ နင်တို့ နာမည်သိပြီးသားမို့ မပြောတော့ဘူး။ ဒီဘက်က ကိုလေးမောင်၊ ဒီဘက်က ကိုသိန်းမြင့်ဝင်း၊ ဒီဘက်က ကိုရဲမင်းတဲ့၊ သူတို့ကတော့ ကျွန်မရဲ့သူငယ်ချင်းတွေလေ . . . မေအေးဝင်းတဲ့၊ ဒါက ခင်သန်းနွယ်"

မိတ်ဆက်ပေးနေသည့် သန်းသန်းဆင့်က လာကတည်းက ရဲမင်းတို့အုပ်စုဖက်ကိုမကြည့်ဘဲ အင်းလျားကန်ရေပြင်ဆီသို့သာ ငေးပြီး တွေးနေသည့် အမျိုးသမီးအား . . .

"ကြည်စင်ရွှန်း . . . ဒီဘက်လှည့်ပါဦး၊ နင်က ဘာတွေတွေးနေတာလဲ၊ ဒီမှာ မိတ်ဆက်ပေးမလို့"

ကြည်စင်ရွှန်းက ရဲမင်းတို့ ထိုင်နေသောဖက်သို့ လှည့်လိုက်သော အခါ မထင်မှတ်ဘဲ ရဲမင်းကို မြင်လိုက်ရသဖြင့် အံ့အားသင့်သွားသလို

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းကလည်း အံ့အားသင့်သွားသည်။

"ဩော် . . . ရှင်ကိုး"

"ခင်ဗျားပါလား . . ."

တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူပြောလိုက်တာကို ကျန်သည့်သူများက နားမလည်သလို ဖြစ်ကုန်ပါသည်။

"ဟဲ့ . . . နင်တို့က သိနေကြလို့လား"

သန်းသန်းဆင့်က ကြည်စင်ရွှန်းကို မေးသည့်အခါ ကြည်စင်ရွှန်းက . . .

"သိတာပေါ့၊ သိတာမှ သိပ်သိ၊ ငါ့ကို ပိုက်ဆံငါးထောင်တန်မှာ ကြိုးနဲ့ချည်ပြီး နောက်တာ သူပေါ့၊ သန်းသန်းဆင့် . . . နင်က သူတို့နဲ့ ပတ်သက်နေတာကိုး"

"ဩော် . . . သိပြီ၊ နင့်ကို ငါးထောင်တန်နဲ့နောက်တာ ကိုရဲမင်း ဖြစ်နေတာပေါ့၊ ကြုံမှကြုံတတ်တယ်ဟယ်"

"ကြုံတာလုပ်မနေနဲ့ . . . ငါက အဲဒီကိစ္စကို လုံးဝအစာမကြေသေးဘူး"

ကြည်စင်ရွှန်းက ရဲမင်းကိုကြည့်ပြီး မကျေနပ်သည့် လေသံဖြင့် ပြောလိုက်သည်။

"အစာမကြေလည်း ပြန်ရောက်မှ အစာကြေဆေးစားဗျာ၊ အဲဒီတုန်းက ဖြစ်ခဲ့တဲ့ကိစ္စအတွက် ကျွန်တော်တောင်းပန်ပါတယ်၊ အဲဒီနေ့က ခင်ဗျားကို နောက်ချင်လို့ ပြောခဲ့တဲ့စကားတွေအတွက် ဗွေမယူပါနဲ့ဗျာ၊ ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် . . . ကြည်စင်ရွှန်းရယ်၊ တစ်ဖက်သူက တောင်းပန်နေပြီပဲဟာ၊ ကျေနပ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . သန်းသန်းဆင့်၊ နင်က နင့်လူဖက်က လူတွေဖက်ကို ပါသွားပြီပေါ့၊ ဒီနေ့ နင့်လူနဲ့ သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတဲ့ပွဲမှာ ငါမိတ်မပျက်ချင်လို့နော်၊ မကျေနပ်တာကတော့ မကျေနပ်တာပဲ"

"အေးပါဟယ်၊ ကိုရေ . . . ကိုယ့်သူငယ်ချင်းတွေ ဘာစားမလဲ မသိဘူး . . . မှာနော်"

သန်းသန်းဆင့်က အကင်းပါးပါသည်။ ပြဿနာဖြစ်မှာစိုးသဖြင့် ပွဲကို အမြန်ရပ်ပြီး ကျော်စိန်မြင့်အား စားစရာများကို မှာခိုင်းပါသည်။

"တော်သေးတာပေါ့ ရဲမင်းရာ၊ မင်းရဲ့လုပ်ရပ်အတွက် ငါတို့မှာ ချက်ချင်းပဲ ထပြေးရတော့မလိုလိုနဲ့ကွာ"

လေးမောင်က ရဲမင်းကို အပြစ်တင်စကားဆိုသလို သိန်းမြင့်ဝင်းကလည်း . . .

"မကြည်စင်ရွှန်း . . . ရဲမင်းကို စိတ်မဆိုးနဲ့ဗျ၊ ဒီကောင်က ပျော်တတ်လို့ပါ၊ စိတ်ရင်းသိပ်ကောင်းတာ၊ ပြီးတော့ ဒီကောင်က စာသိပ်ဖတ်တာ၊ ဦးနှောက်လည်း ပြေးတယ်"

အရေးထဲ သိန်းမြင့်ဝင်းက ကြည်စင်ရွှန်းကို ရဲမင်းအကြောင်း စကားလုံးတွေ 'စွတ်တင်'နေသဖြင့် ရဲမင်းမျက်နှာပူနေပါသည်။

"ရပါတယ် . . . ကျွန်မက နိုင်ငံကြီးသားပီပီ နားလည်ပေးရမှာပေါ့"

ကြည်စင်ရွှန်းက ထိုစကားပြောပြီး ဘာမှဆက်မပြောတော့ပါ။ ထိုအခါ လေးမောင်က . . .

"အခုဗျာ . . . ကျော်စိန်မြင့်ကြောင့် ခင်ဗျားတို့နဲ့ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ၊ ဒီတော့ ပိုရင်းနှီးသွားအောင် နာမည်ခေါ်ရေးမှာ 'ကို'တွေ 'မ'တွေ တပ်ခေါ်မနေနဲ့တော့ . . . ဟုတ်ဘူးလား၊ အသက်တွေ



www.burmeseclassic.com

www.burmeseclassic.com



က အတူတူပဲဟာ၊ အဲဒီ 'ကို'တွေ 'မ'တွေက ရင်းနှီးမှုကို နည်းနည်းတန့် သတ်သလို ဖြစ်သွားမယ်"

"ရပါတယ် . . . ကျွန်မတို့ကလည်း ရှင်ပြောသလို ခေါ်ပါ့မယ်၊ မှာတာတွေလည်း ကုန်အောင်စားနော်"

"ရတယ် . . . မပူနဲ့၊ စားမှာ စိတ်ချ"

မေအေးဝင်းပြောစကားကို သိန်းမြင့်ဝင်းက ပြန်ပြောလိုက်ပါသည်။ မှာထားသော စားစရာများ လာချပေးပြီးနောက် စားရင်းသောက်ရင်း စကားပြောကြဆိုကြတာ တခဏအတွင်း မိတ်ဆွေတွေ ဖြစ်သွားကြပါသည်။

သို့သော် ရဲမင်းနှင့် ကြည်စင်ရွှန်းတို့ကတော့ ဘာကိုတွေးနေသလဲမသိ နှုတ်ဆိတ်လို့နေသည်။

"သန်းသန်းဆင့်ရယ် . . . နင်တို့အတွဲကိုကြည့်ပြီး ငါတောင်အားကျလာပြီ၊ ခက်တာက ကိုယ့်ရုပ်ကိုယ့်ရည်ကို ယောကျ်ားလေးတွေက ရှိတယ်လို့တောင် မထင်ဘူးထင်ပါရဲ့၊ မေတ္တာတွေက ဒလဟောပေးချင်တာတောင် ယူမယ့်သူက မရှိဘူး"

ခင်သန်းနွယ်က စားနေရင်းမှ ကျော်စိန်မြင့်နှင့် သန်းသန်းဆင့်ကိုကြည့်ပြီး နောက်လိုက်သည်။

"ခင်သန်းနွယ် . . . နင့်လိုပဲ ငါလည်း ဒီအတိုင်းပဲ၊ မိဘတွေပဲ အားကိုးရတော့မှာပဲ၊ သမီးလိမ္မာလေးပါ အဖေတို့ အမေတို့ ကြိုက်သလို စီစဉ်ပါဆိုပြီး ကိုယ့်ဘဝကို မိဘလက်ထဲပုံအပ်ရတော့မှာပဲ"

မေအေးဝင်းစကားကို နားထောင်နေသော လေးမောင်က . . .

"ဒီအတွက်တော့ မပူပါနဲ့၊ ကျွန်တော်နဲ့ သိန်းမြင့်ဝင်းလည်း ဒီအတိုင်းပါပဲ၊ ဘဝတူတွေပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တစ်ချိန်လုံး ငြိမ်နေသည့် ကြည်စင်ရွှန်းက . . .

"ခင်သန်းနွယ်နဲ့ မေအေးဝင်းရယ် . . . နင်တို့က အဲဒီလောက် တောင်ပဲလား၊ ဒီမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်သူ တွေဖြစ်ကြပြီး အိမ်ထောင်ပြုကြတယ်ဆိုတာ အဲဒီမိန်းမကို အခမဲ့တစ် သက်လုံး ခိုင်းလို့ရအောင် လုပ်လိုက်တာပဲ၊ အစစအရာရာ တစ်မိသားစု လုံးကို အဲဒီမိန်းမက အိမ်မှုကိစ္စကအစ အောက်ခြေသိမ်းဆောင်ရွက်ရ မယ်လေ၊ ဘဝကြီးက ပြီးသွားပြီ၊ အဲဒါကို နင်တို့မှိုလို့ အားကျတယ်"

မထင်မှတ်ဘဲ ကြည်စင်ရွှန်းစကားကြောင့် သန်းသန်းဆင့်နှင့် ကျော့်စိန်မြင့်မျက်နှာပျက်သလို ဖြစ်သွားပါသည်။ ချစ်စခင်စ သူတို့ချစ် သူနှစ်ဦးကို ကြည်စင်ရွှန်းက 'အကန့်'စကားတွေ ပြောနေလို့ဖြစ်ပါသည်။

ကြည်စင်ရွှန်းစကားကို ပြုံးပြီး နားထောင်နေသော ရဲမင်းက ကြည်စင်ရွှန်းစကားဆုံးသည့်အခါ . . .

"ခင်ဗျား စောစောက ပြောသွားတာကို ကျွန်တော်ဝေဖန်တာ တော့ မဟုတ်ဘူး၊ ဒါပေမယ့် နည်းနည်းတော့ ပြောကြည့်မယ်၊ အိမ်ထောင် ပြုတယ်၊ ချစ်တယ်ကြိုက်တယ်ဆိုတာ အဲဒီလူနှစ်ယောက်နဲ့ပဲ ဆိုင်တယ်၊ ကိုယ်က မချစ်မကြိုက် အိမ်ထောင်မပြုဘဲနဲ့ နေလို့ရတယ်၊ ကိုယ့်အယူ အဆနဲ့ ကိုယ်လေ၊ အဲဒီကိုယ့်အယူအဆကြီးကို အားလုံးဒါပဲဆိုပြီး အတင်း ကိုယ့်အယူအဆထဲ ဆွဲသွင်းလို့ မရဘူး၊ သဘောကတော့ဗျာ . . . တစ်ချို့ က အချစ်ဆိုတာ မီးလိုပူတယ်လို့ ပြောကြတယ်၊ ပူမှာပေါ့ . . . သူက မီးနဲ့တူတဲ့အချစ်ကို တွေ့ခဲ့တာကိုး၊ တစ်ချို့က အချစ်ဟာ အေးမြတယ် တဲ့၊ အေးမှာပေါ့ . . . သူက အေးမြတဲ့အချစ်နဲ့ တွေ့ခဲ့တာကိုး၊ ဒီတော့ ခံစားချက်တွေနဲ့ ဖြစ်ပေါ်လာတာမို့ တစ်ယောက်နဲ့တစ်ယောက် ဖွင့်ဆို ကြတာက အမှန်တွေချည်းပဲ၊ ကိုယ့်ဟာတစ်ခုတည်း မှန်တယ်လို့ ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးဗျ၊ အခု ကျွန်တော့်သူငယ်ချင်းနဲ့ ခင်ဗျားရဲ့သူငယ်ချင်း ချစ်ကြပါစေ၊ ညားကြပါစေဗျာ၊ ကလေးတွေ ရလာတော့လည်း ကျွန်တော်တို့ ခင်ဗျားတို့က အိမ်ထောင်မကျခဲ့ရင် ဝိုင်းထိန်းပေးကြတာပေါ့ဗျာ၊ တကယ်တော့ အိမ်ထောင်ပြုခြင်းသည် လူ့ယဉ်ကျေးမှုကြီး ထွန်းကားသည်ထက် ထွန်းကားအောင် လုပ်ပေးတာလို့ ကျွန်တော်ထင်တယ်"

ရဲမင်းပြောရတာ အာခေါင်ခြောက်သွားသလားမသိ။ ရေသန့်ဘူးထဲက ရေကို ဖန်ခွက်ထဲ ငှဲ့သောက်လိုက်သည်။

"ဒီမှာ . . . ရှင်က ကျွန်မကို စကားနိုင်လုပြီး ပြောတာလား"

"မဟုတ်ပါဘူးဗျာ . . . ကျွန်တော်က ကျွန်တော့်အမြင်ကို ပြောတာပါ၊ မိန်းမသားတစ်ယောက်ကို အနိုင်ယူဖို့လည်း မလိုသလို အရှုံးပေးဖို့လည်း မလိုအပ်ပါဘူးဗျာ"

ရဲမင်းပြောသည့် စကားကို ကြည်စင်ရွှန်းက သိပ်ကျေနပ်ပုံမရသည့် အမူအရာမျိုး ဖြစ်နေသည်။

"ရဲမင်း . . . ရှင်ပြောမှပဲ ကျွန်မတော့ ရဲရဲဝံ့ဝံ့ ယောကျ်ားယူရဲပြီ"

"ဟုတ်တယ် . . . မေအေးဝင်၊ ကျုပ်လည်း မိန်းမယူရဲပြီ"

မေအေးဝင်းနှင့် လေးမောင်က တစ်ယောက်နှင့်တစ်ယောက် အပြိုင်ထကြွေးကြော်ကြပါသည်။

"ဒီနေ့တော့ မင်းတို့နှစ်ယောက်နဲ့ ခင်ဗျားတို့ပဲ ပြောကြ၊ တို့နှစ်ယောက်ကတော့ မင်းတို့တွေ ပြန်သွားမှပဲ၊ အင်းလျားကန်ပေါင်ရိုးက ခုံတန်းလျားမှာထိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားတွေ ပြောတော့မယ်၊ ဟုတ်တယ်မဟုတ်လား . . . ဆင့်"

ကျော်စိန်မြင့်ပြောလိုက်တာကို သန်းသန်းဆင့်က ရယ်ရင်းက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြပါသည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး သူငယ်ချင်းတွေ ကြည်နူးနေကြတာ ထိုအထဲမှာ ကြည်စင်ရွှန်းမှ ပါလေရယ်သလားလို့ ရဲမင်းမဆီမဆိုင် တွေးနေမိပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားတစ်ဦးရဲ့

အလှအပဆိုတာ

တစ်စုချင်းကြည့်ပါ။

အဲဒီအလှကို

ပေါင်းပြီးကြည့်လို့ကတော့

အလှပျက်မှာသေချာရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

သင်တန်းချိန်က ထမင်းစားဖို့ Break ပေးလိုက်သဖြင့် သင်တန်းခန်းမအသီးသီးတွင် စကားသံတွေက ဆူညံထွက်ပေါ်လို့လာပါသည်။ သည်နေ့ သင်တန်းမှာသင်သည့် အကြောင်းအရာတွေက နည်းနည်းရှုပ်သဖြင့် သူများတွေတော့မသိ၊ ရဲမင်းအဖို့ အတော်ခေါင်းစားသွားပါသည်။ ထို့ကြောင့် ကင်တင်းရောက်လျှင် ထမင်းမစားသေးဘဲ ခေါင်းကြည်သွားအောင် သံပုရာရည်တစ်ခွက်လောက် သောက်မည်ဟု စိတ်ကူးပြီး ကင်တင်းသို့ လာခဲ့သည်။

ကင်တင်းသို့ ရောက်သောအခါ ရဲမင်းနှင့် သင်တန်းစာသင်ခန်းချင်းမတူသော လေးမောင်၊ သိန်းမြင့်ဝင်းနှင့် ကျော်စိန်မြင့်တို့က ကြိုရောက်နေကြသည်။

"ရဲမင်း . . . ထမင်းစားဖို့ မင်းကိုစောင့်နေတာ"

"လေးမောင် . . . မင်းတို့စားနှင့်ကွာ၊ သင်တန်းမှာ ဒီနေ့သင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟာတွေက ခေါင်းစားလို့ သံပုရည်သောက်လိုက်ဦးမယ်”

ရဲမင်းက သံပုရာရည်ချဉ်ချဉ်လေးတစ်ခွက် မှာလိုက်ပြီး တစိမ့်စိမ့်သောက်နေချိန်မှာ လေးမောင်နှင့် သိန်းမြင့်ဝင်းတို့က ထမင်းမှာပြီး စားနေကြသည်။ ကျော်စိန်မြင့်ကတော့ သူ့ချစ်သူသန်းသန်းဆင့်နှင့် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံစားဖို့ စောင့်ဆိုင်းလို့နေပါသည်။

“ကျော်စိန်မြင့် . . . မင်းရဲ့ဘဝကို တွေးကြည့်ပြီး ငါတို့တော့ သနားလာပြီ၊ စားလည်း မစားနိုင် . . . မလွယ်ပါလားကွာ”

“ရဲမင်း . . . မင်းမှာ ငါ့လိုမျိုးမှ မရှိတော့ ဒီအရသာ မင်းဘယ်ခံစားလို့ရမလဲ”

“ဟေ့ကောင် . . . ကျေးဇူးရှင်၊ ငါ့ကို မစော်ကားနဲ့၊ သန်းသန်းဆင့်နဲ့ သမီးရည်းစားမဖြစ်ခင် ငါ့ဆီလာပြောတုန်းက မင်းရဲ့လေသံက ဒီလေသံမဟုတ်ဘူး၊ ‘ကီး’ကို အမြန်လျှော့လိုက်ပါ”

ထိုအခါ ကျော်စိန်မြင့်မျက်နှာက စပ်ဖြီးဖြီး ဖြစ်သွားရင်း . . .

“ရဲမင်းကလည်းကွာ . . . စိတ်မဆိုးပါနဲ့၊ မင်းမှာလည်း”

ကျော်စိန်မြင့်တစ်ယောက် မျက်နှာအပြောင်းအလဲ တော်တော်မြန်သည့်ကောင်လို့။ ထိုအချိန်မှာပဲ ကျော်စိန်မြင့်မျှော်နေသော သူ့နှတ်သမီးလေးသန်းသန်းဆင့်နှင့်အတူ မေအေးဝင်း၊ ခင်သန်းနွယ်တို့ ရောက်ချလာပါသည်။ ကျော်စိန်မြင့်မျက်နှာက စောစောကတုန်းလိုမျိုး မဟုတ်တော့။ တိုက်ချွတ်ထားသော ဒယ်အိုးတစ်လုံးပြောင်လက်နေသလိုမျိုး ဖြစ်သွားပါသည်။

“ကို . . . စောင့်နေရတာ ကြာသွားပြီလား”

“ကြာပြီပေါ့ ဆင့်ရယ်၊ ဗိုက်ဆာတာတောင် မနည်းအောင့်ထားရတယ်၊ ဆင့်လည်း ဆာနေရောပေါ့၊ ရော့ . . . ဟောဒီ ရေသန့်လေး



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ဦး"

သန်းသန်းဆင့် ကျေနပ်သွားပုံရပါသည်။ ကျော်စိန်မြင့်ပေးလိုက်သော ရေသန့်တစ်ခွက်ကို တစ်ဝက်ခန့် သောက်ချလိုက်သည်။

"ဟဲ့ . . . တွေ့လား၊ နင်တို့မှာ ဒါမျိုးရှိလား၊ ရှာထားနော် . . . သင်တန်းမှာ မောသမျှ အမောပြေသွားပြီ"

သန်းသန်းဆင့်က သူငယ်ချင်းမနှစ်ယောက်ကို စလိုက်ပါသည်။ မေအေးဝင်းက . . .

"သန်းသန်းဆင့် . . . အဲဒါမျိုး နင်တို့နှစ်ယောက်တစ်သက်လုံး လုပ်နိုင်ပါစေဟယ်"

"ကျော်စိန်မြင့် . . . မင်းလုပ်ထားဦးပေါ့ကွ၊ ငါတို့ မင်းလိုဖြစ်လာရင်လည်း မင်းထက်သာစေရမယ်"

ထမင်းစားပြီးသွားသော သိန်းမြင့်ဝင်းက သွားကြားထိုးနေရင်းမှ သွားကြားထိုးတံကို လွှင့်ပစ်လိုက်ရင်းက မကျေနပ်သည့်လေသံဖြင့် ပြောလိုက်သည်။

"မေအေးဝင်း . . . မှာဟယ်၊ စားကြမယ်၊ ဟိုသန်းသန်းဆင့်ကို စောင့်မနေနဲ့"

ခင်သန်းနွယ်က စိတ်မရှည်သည့်လေသံဖြင့် ပြောရင်းက ထမင်းနှင့် ဟင်းတွေကို မှာလိုက်ပါသည်။

"မေအေးဝင်းနဲ့ ခင်သန်းနွယ် . . . နင်တို့နှစ်ယောက်က စားနေတာတော့ ဟုတ်ပါပြီ၊ ဒါနဲ့ ကြည်စင်ရွှန်းတစ်ယောက် မပါပါလား"

ဟုတ်တော့ ဟုတ်ပါသည်။ သူငယ်ချင်းမလေးယောက် အမြဲနေကျဟာ အခုကင်တင်းကိုလာတာ ကြည်စင်ရွှန်းပါမလာသဖြင့် လေးမောင်က မေးမိသည့်အခါ မေအေးဝင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကြည်စင်ရွှန်းက အင်တာနက်ခန်းထဲမှာ အင်တာနက်ကြည့်နေတယ်၊ ဩစတေးလျက သူ့ဆီကို ပို့ထားတယ် ပြောတာပဲ၊ ပြီးမှ လိုက်လာလိမ့်မယ်"

"ဒါဆို သေချာပြီ . . . သူ့'ဘဲဘဲ'ဆီကပဲ ဖြစ်ရမယ်၊ ဒါမှမဟုတ် သူနဲ့ချိတ်တိတ်တိတ် တစ်ယောက်ဆီကလား မသိဘူး"

လေးမောင်က သူထင်တာ မြင်တာကို စွတ်ပြော-နေပါသည်။

"အို . . . ဘယ်ကသာ သူ့ရည်းစားတို့ သူနဲ့စေ့စပ်ထားတဲ့သူတို့ ဖြစ်ရမှာလဲ၊ ကြည်စင်ရွှန်းမှာ ဘာရည်းစားမှ ဘယ်ကစေ့စပ်ထားသူမှ မရှိဘူး၊ ဩစတေးလျက သူ့ညီမဝမ်းကွဲတွေပါ"

"ငါတော့ ကြည်စင်ရွှန်းကို အံ့ဩတယ်၊ သူ့ကို ချစ်ခွင့်ပန်သူတွေ၊ လာပြီး သူ့မိဘတွေဆီ တောင်းရမ်းလာမြန်းတဲ့သူတွေ မရှိဘူးလား မသိဘူး"

"အမယ်လေး . . . များလွန်းလို့ ခါချနေရတာ၊ ကြည်စင်ရွှန်းက စိတ်မဝင်စားဘူးရှင့် . . . သိရဲ့လား"

လေးမောင်နှင့်မေအေးဝင်း အတိုင်အဖောက်ညီနေတာ မေအေးဝင်းတို့မှာ စားလက်စထမင်းကိုပင် ဆက်မစားနိုင်တော့ဘဲ ဖြစ်နေပါသည်။

"ဟုတ်တော့ ဟုတ်တယ်၊ ကြည်စင်ရွှန်းက လှတာတော့ တော်တော်လှတယ်၊ ငါတို့ မြန်မာမှာ မိန်းကလေးတွေ လှတ-ကို အမျိုးမျိုး တင်စားကြတာ ရှိတယ်၊ ကြည်စင်ရွှန်းက မိန်းမသားတစ်ဦးမှာရှိတဲ့ ဆံကေသာရဲ့ ကောင်းခြင်းနဲ့ ပြည့်စုံတယ်ကွာ၊ ပြီးတော့ မျက်နှာကိုကြည့်၊ ဖိုးလမင်းလို မျက်နှာဝိုင်းမျိုး၊ မျက်လုံးတွေကလည်း ကြယ်ကလေးတွေလို လင်းလက်ကြည်လင်ပြီး သူ့သွားလေးတွေကြည့်၊ ပုလဲလေးတွေ စီထား



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြူဖွေးနေတာ၊ ဒီလိုမိန်းကလေးမျိုးက ရည်းစားမထားတာ သူ့အလှ တွေ နှမြောဖို့ ကောင်းလိုက်တာ၊ မိန်းမသားဆိုတာ အပျိုစင်ဘဝမှာ တစ်ခါပဲ လှရတာကွ"

"သိန်းမြင့်ဝင်း . . . ကြည်စင်ရွှန်းရဲ့အလှကို မင်းဒီလောက် စာဖွဲ့နေတာ၊ မင်းများကြိုက်နေပြီလားကွာ"

"မဟုတ်ပါဘူး လေးမောင်ရာ၊ အရှိကို အရှိမြင်လို့ ပြောတာပါ"

ရဲမင်းနားထောင်နေရင်းမှ နည်းနည်းတော့ နားကြားပြင်းကပ် လာပါသည်။ ဘယ့်နှယ် မိန်းမသားတစ်ဦးကို လွန်လွန်ကျူးကျူး ညွှန်းဖွဲ့ နေသလဲမသိ။ နည်းနည်းတော့ ကလိပေးရဦးမည်လို့။

"ဒီမှာ လေးမောင်နဲ့ သိန်းမြင့်ဝင်း . . . မင်းတို့ပြောနေတဲ့ မိန်းမ သားတစ်ဦးရဲ့အလှကို အလင်္ကာနဲ့ ချီးကျူးတာက နားထောင်ရုံသက်သက် နဲ့တော့ ဘာမှမဖြစ်ဘူး၊ မိန်းမသားတစ်ဦးရဲ့အလှဆိုတာ တစ်ခုချင်းခွဲခြမ်း စိတ်ဖြာကြည့်ရင် ဘာမှမဖြစ်ပေမယ့် သိန်းမြင့်ဝင်းစောစောက ပြောသလို မျိုး မိန်းမသားတစ်ဦးရဲ့အလှကို အားလုံးစုကြည့်ရင် ကြည်စင်ရွှန်းရဲ့အလှ က တော်တော်ဆိုးသွားလိမ့်မယ်"

ရဲမင်းပြောလိုက်သည့် စကားကြောင့် ရှိနေကြသူအားလုံး စိတ် ဝင်စားသွားပါသည်။ သိန်းမြင့်ဝင်းက မနေနိုင်တော့ဘဲ ဖြစ်ရင်းက . . .

"ငါပြောတဲ့ ကြည်စင်ရွှန်းရဲ့အလှတွေက စုကြည့်ရင် ဘယ်လို ဆိုးသွားမှာလဲ"

"မင်းသိပ်သိချင်နေတယ်ပေါ့၊ စာရွက်လွတ်တစ်ရွက်နဲ့ဘောပင် ငါ့ကိုပေး"

သိန်းမြင့်ဝင်းက ကျောပိုးအိတ်ထဲက ဖိုင်ကို ထုတ်လိုက်ပြီး ဖိုင် ထဲမှာ ညှပ်ထားသည့် A4စာရွက်ဖြူတစ်ရွက်နှင့် ဘောပင်ကို ပေးလိုက်ပါ



www.burmeseclassic.com


www.burmeseclassic.com



သည်။

"သိန်းမြင့်ဝင်း . . . မင်းပြောသလို ကြည်စင်ရွှန်းရဲ့အလှကို ငါပုံဆွဲပြမယ်၊ ဘာလဲ . . . မျက်နှာက လမင်းလို ဝိုင်းဝိုင်းလေး . . . ဟုတ်ပြီ၊ ဆံပင်တွေကလည်း ကောင်းတယ် . . . ဟုတ်နေပြီ၊ မျက်လုံးလေး တွေက ကြယ်ကလေးတွေလို လင်းလက်နေတယ် . . . ရပြီ၊ ဘာတဲ့ . . . သွားလေးတွေက ပုလဲလုံးလေးတွေ စီထားသလို . . . ဟုတ်လား၊ ကဲ . . . ဒီမှာ မင်းပြောသလို ကြည်စင်ရွှန်းရဲ့အလှတွေကို စုပုံပြီး ကြည့်ကြည့်စမ်း"

ရဲမင်းက သူဆွဲထားသောပုံကို သိန်းမြင့်ဝင်းနှင့်တကွ ကျန်သည့် လူများကို စားပွဲဝိုင်းအလယ်မှာ A4စာရွက်ကို ချပြီးပြလိုက်သည်။



"ဟယ် . . . ဆိုးလိုက်တာ"

"အမယ်လေး . . . ကြည်စင်ရွှန်းတော့ သူ့ပုံမြင်ရင် တက်သေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ”

“တော်ပြီ . . . သိန်းမြင့်ဝင်း၊ ဘယ်တော့မှ ငါ့အလှကို စာဖွဲ့ဖို့ မကြိုးစားနဲ့”

“အမယ်လေး . . . အဖြစ်ဆိုးလှချည်လား ကြည်စင်ရွှန်းရယ်”

ရဲမင်းဆွဲပြသော ပုံကိုကြည့်ပြီး အားလုံးဝိုင်းရယ်ရင်းမှ မှတ်ချက်ချစကားသံတွေက ဆူညံသွားပါသည်။ ကျော်စိန်မြင့်နှင့် သန်းသန်းဆင့်တို့နှစ်ယောက်လည်း ထမင်းပင် ဆက်မစားနိုင်တော့ဘဲ ရယ်နေကြပါသည်။

“ဟဲ့ . . . နင်တို့တွေ ဘာတွေသဘောကျလို့ ဒီလောက်တောင် ရယ်နေကြတာလဲ”

ရဲမင်းတို့ရှိနေသော စားပွဲဝိုင်းသို့ ကြည်စင်ရွှန်းက ရောက်ချလာရင်းမှ မေးလိုက်ပြီး ရဲမင်းကို မြင်သည့်အခါ မသိမသာ မျက်စောင်းထိုးလိုက်ပါသည်။

“ထိုင်ဦး . . . ကြည်စင်ရွှန်းရေ၊ ထမင်းမစားခင် နင့်ကို အမောပြေပန်းချီဆွဲထားတဲ့ ပုံတစ်ပုံပြမလို့ . . . ရော့ကြည့်”

ခင်သန်းနွယ်က ရဲမင်းဆွဲထားသော ပုံစာရွက်ကို ကြည်စင်ရွှန်းအား ပေးလိုက်သည်။ ကြည်စင်ရွှန်းက ပုံကို သေသေချာချာကြည့်ရင်းက နားမလည်သလို ဖြစ်သွားသည်။ တော်တော်အကြည့်ရဆိုးသည့်ပုံလို့။

ဒီပုံက ဘာပုံလဲ၊ တော်တော်အကြည့်ရဆိုးလိုက်တာ”

“အဲဒါ ဘယ်သူ့ပုံမှ မဟုတ်ဘူး၊ နင့်ရဲ့ပုံ၊ နင့်ရဲ့အလှဘွဲ့ကို ပန်းချီပညာရှင် ဟောဒီက ရဲမင်းက ပုံဆွဲပြထားတာ”

မေအေးဝင်းက ရယ်ရင်းက ပြောသောအခါ ကြည်စင်ရွှန်းက ပုံကိုထပ်ကြည့်ရင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ငါ့ပုံ . . ."

"ဟုတ်တယ်ပေါ့ . . . ငါရှင်းပြမယ်၊ သိန်းမြင့်ဝင်းက နင့်ရဲ့ အလှကို ချီးကျူးတယ်လေ၊ × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

မေအေးဝင်းက ကြည်စင်ရွှန်းအား ဖြစ်ကြောင်းကုန်စင်သံတော်ဦးတင်ပါတော့သည်။ ကြည်စင်ရွှန်းမှာ မေအေးဝင်းစကားနားထောင်လိုက်၊ ပုံကိုကြည့်လိုက်နှင့် ငိုရမလို၊ ရယ်ရမလို ဖြစ်နေပါသည်။ တစ်ဆက်တည်းဆိုသလို ရဲမင်းအား ဒေါသထွက်နေမိပါသည်။

သိန်းမြင့်ဝင်းဖာသာ သူမအလှကို ပြောချင်တာပြောပလေ့စေ၊ မကြားချင်လျှင် ထထွက်သွားပေါ့။ ဒါသက်သက်မဲ့ သူမကို နောက်တာဟု ကောက်ချက်ချနေမိသည်။ ရဲမင်းကို ဘယ်လိုစကားလုံးတွေနှင့် ပြန်လည်လက်စားချေရမလဲဆိုတာ ရုတ်တရက်စဉ်းစားမရ ဖြစ်နေပါသည်။

"ခင်ဗျားကို နောက်ချင်လို့ ဒီပုံကိုဆွဲတာ မဟုတ်ဘူးနော်၊ အထင်သေးရှုတ်ချချင်လို့လည်း မဟုတ်ဘူး၊ သိန်းမြင့်ဝင်းကပြောတော့ သူ့သဘောပေါက်အောင် ပုံဆွဲရှင်းပြတာပါ။ ဒီကောင်က နည်းနည်းထုံတယ်၊ တစ်ခြား ဘာရည်ရွယ်ချက်မှ မရှိဘူး"

ကြည်စင်ရွှန်းက သိန်းမြင့်ဝင်းဖက်သို့ ကြည့်လိုက်ရင်းက . . .

"သိန်းမြင့်ဝင်း . . . ရှင်လည်း နောက်တစ်ခါ ကျွန်မရဲ့အလှကို လူကြားထဲ လျှောက်မပြောနဲ့၊ ကျွန်မက ရှင်ပြောသလို လှတာမဟုတ်ဘူး၊ ကျွန်မလှသလား၊ မလှသလား ကျွန်မကိုယ်ကျွန်မတောင် မှန်ထဲကြည့်မိတာမဟုတ်ဘူး၊ ဒီပုံကို တစ်ခြားလူတွေမြင်လို့က ဝိုင်းနောက်မှာ"

"ဟုတ်ကဲ့ပါခင်ဗျာ . . . ကျွန်တော်မျိုးကြီး နောက်တစ်ခါ ခင်ဗျားမှ မဟုတ်ပါဘူး၊ ဘယ်မိန်းကလေးရဲ့အလှကိုမှ မချီးကျူးတော့ပါဘူးဗျား



www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းရာ ငါ့ပါးစပ်ဆော့မှုနဲ့ မင်းရဲ့လက်စွမ်းပြမှုက ကြည်စင်ရွှန်းမိုလို့ ကျန်တဲ့သူဆို ငါပါးရိုက်ခံရပြီ"

သိန်းမြင့်ဝင်းက စကားပြောရင်းကနေ သူ့ပါးသူ ပွတ်နေပါသည်။

"အခုမှ သတိရတယ်၊ လေးမောင်နဲ့သိန်းမြင့်ဝင်း ,. . . အိမ်က ငါ့ရဲ့ဒယ်ဒီခိုင်းထားတဲ့ကိစ္စ ဒီနေ့လယ်သွားပေးမယ် ပြောထားတယ်၊ ဒီတော့ အားလုံးပဲ ခွင့်ပြုပါဦး၊ သံပုရာရည်ဖိုးတော့ လေးမောင် မင်းရှင်းလိုက်"

ရဲမင်းက အားလုံးကို နှုတ်ဆက်ပြီး ကင်တင်းထဲကနေ ထွက်သွားပြီး မကြာမီ ကြည်စင်ရွှန်းက မေးပါသည်။

"ရဲမင်းက အရင်တုန်းကကော ဒီလိုမျိုး နောက်တတ်ပြောင်တတ်ခနဲ့တတ်လား"

"မဟုတ်ဘူးဗျ . . . ဒီကောင်က ခါတိုင်းက တည်တည်ငြိမ်ငြိမ်ပဲ၊ ဒီနှစ်မှ ဘယ်လိုဖြစ်လဲမသိဘူး၊ နောက်တတ်ပြောင်တတ် ဘုဂလန့်ပြောတတ်တာ ပြောမနေနဲ့၊ ဒီကောင် ဘာစိတ်ကူးပေါက်သွားလဲ မသိဘူး"

သိန်းမြင့်ဝင်းအဖြေစကားကို နားထောင်နေသော ကြည်စင်ရွှန်းက ရဲမင်းအား စိတ်ထဲကနေ ပညာကောင်းကောင်းကြီးပေးမည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။ တွေ့ပြီပေါ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအဖြစ်မျိုး
မမျှော်လင့်ထားပါဘူး။
ဒါပေမယ့် ...
မိန်းမညာဏ်ဆိုတာဘာလဲ
ကောင်းကောင်းသိသွားပြီလေ!!!

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

သည်နေ့တော့ ကြည်စင်ရွှန်းကံကောင်းသည်။ သည်နေ့မှ မဟုတ်ပါဘူး။ သည်ရက်တွေမှာ ကားမောင်းရတာ ကံကကောင်းသထက် ကောင်းနေပါသည်။ ဘာဖြစ်လို့လည်းဆိုတော့ ကားမောင်းတိုင်း သတိမထားဘဲ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်းတွေကို ပါးပါးလေး ဖောက်ဖျက်မိလို့ ကားမောင်းလိုင်စင် ခဏခဏအသိမ်းခံရတာ ယခုတလောမှာ အသိမ်းမခံရလို့ ဖြစ်သည်။ ကားမောင်းနေရင်း ကြည်စင်ရွှန်းသည်နေ့ထိ အစာမကြေတာ ရှိသေးသည်။ ရဲမင်းဆိုသော လူက လူကြားထဲမှာ သူ့အလှကို ရယ်စရာဖြစ်အောင် ဆွဲပြသော ပုံအကြောင်းအား တနုံ့နုံ့စဉ်းစားရင်း သူမအဖို့ အနာကို အရက်ပျံနှင့်တို့သလို စပ်ဖျဉ်းဖျဉ်းခံစားနေရသည်။ ရဲမင်းဆိုသော သူကို ပညာတော့ ပေးရမည်လို့။ ပညာမပေးပါက ကြည်စင်ရွှန်းရာဇဝင်မှာ အရှုံးပေးခံလို့ မဖြစ်။

ကားကို ပါရမီလမ်းမကြီးအတိုင်း မောင်းလာရာမှ MICT PARK

www.burmeseclassic.com



သို့သွားသည့်လမ်းဖက်သို့ ကွေ့လိုက်သည်။ လူကော ကားတွေပါ သည်နေ့မှ ရှင်းလို့နေသည်။

ကြည်စင်ရွှန်းကားမောင်းနေရင်းမှ တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသည်။ ရဲမင်းဆိုသော လူက သည်နေ့မှ ဘယ်လိုဖြစ်လို့ သင်တန်းသို့ သူ့လိုကားမယူလာသလဲမသိဘဲ လမ်းလျှောက်နေလို့ ဖြစ်သည်။ ကားမောင်းသည့်အရှိန်ကို လျှော့လိုက်ရင်း ကြည်စင်ရွှန်းအပြုံတစ်ခုရသွားသည်။ ရဲမင်းဆိုသော လူကို ကောင်းကောင်းပညာပေးရတော့မည်လို့။

သူက သည်နေ့ကျမှ လည်ကတုံးနှင့် ပလေကပ်ပုဆိုးကို ဝတ်ထားတာ တွေ့ကြပြီဟု ကြည်စင်ရွှန်းက စိတ်ထဲကနေ ကြုံးဝါးရင်း ကားကို ကျောပေးပြီး လမ်းလျှောက်နေသော ရဲမင်း၏နောက်တွင် ထိုးရပ်လိုက်သည်။ ကားရပ်သည့်စက်သံကြောင့် ရဲမင်းက နောက်သို့လှည့်ကြည့်ချိန်တွင် ကြည်စင်ရွှန်းက ကားတံခါးကိုဖွင့်ပြီး ထွက်လာကာ ကားစက်အဖုံးကို စိတ်ပျက်သည့်ပုံစံမျိုး ဟန်ဆောင်ကြည့်လိုက်သည်။

"ကားဘာဖြစ်လို့လဲ"

ရဲမင်းက ကြည်စင်ရွှန်းနားသို့ ရောက်လာရင်းက ကားပျက်သည် အထင်ဖြင့် မေးလိုက်သည်။

"ကျွန်မလည်း မသိဘူး၊ ကားက မောင်းနေရင်း ထိုးရပ်သွားတာပဲ၊ ဒါနဲ့ ရှင်ကားပြင်တတ်လား"

"ကားတော့ မပြင်တတ်ဘူးဗျ၊ ဒါပေမယ့် ဟိုစပ်စပ်၊ ဒီစပ်စပ်တော့ ရပါတယ်၊ နေဦး . . . ကားစက်ခေါင်းဖွင့်ကြည့်လိုက်ဦးမယ်"

ရဲမင်းက ကားစက်ခေါင်းအဖုံးကိုဖွင့်ပြီး တစ်ခုချင်းစီ အသေအချာ ကြည့်လို့နေသည်။

"အင်ဂျင်တွေ ဘာတွေလည်း ဘာမှမဖြစ်ဘူး၊ ဘက်ထရီလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ အားလုံးကောင်းနေတာ ဘယ်လိုဖြစ်လို့ ပျက်ရတာပါလိမ့်"

ရဲမင်းက ကားချို့ယွင်းချက်မရှိသဖြင့် ဘာကနေဘယ်လိုကြောင့် ကားထိုးရပ်ရသလဲဆိုတာ စဉ်းစားမရဖြစ်နေသည်။

"ဒီလိုလုပ်လေ . . . ရှင်ကားကို နောက်ကနေ နည်းနည်းတွန်းပေးကြည့်ပါလား၊ ကျွန်မစက်နှိုးပြီး မောင်းကြည့်မယ်"

"ရပါတယ် . . . ကျွန်တော်တွန်းပေးပါ့မယ်"

အဖြစ်မှန်ကို မသိသော ရဲမင်းက လွယ်အိတ်ကို စလွယ်သိုင်းလိုက်ပြီး ကားနောက်သို့ သွားလိုက်ပြီး ကားကိုတွန်းပါသည်။

ကြည်စင်ရွှန်းက ကားစက်ကို အသာလေးနှိုးလိုက်ပြီး ရှေ့ကို နည်းနည်းကားကရွေ့ရုံရှိသေး ကားဘရိတ်ကို နင်းထားလိုက်သည်။ ကားက ရပ်သွားပြီး ရှေ့ဆက်မသွားတော့။

"မရသေးဘူး . . . တွန်းပါဦး"

"ဟုတ်ကဲ့ . . ."

ရဲမင်းက ကားကို တွန်းပြန်ပါသည်။ ကားကရွေ့မလိုနှင့် မရွေ့သလို ကြည်စင်ရွှန်းကလည်း ကားဘရိတ်ကို နင်းလျက်။

"တွန်းကြည့်ပါဦး"

"ခင်ဗျားကားကလည်း ဒီလောက်တောင်မှမရရင် မီးရှို့လိုက်တော့၊ ဒီမှာ ချွေးတွေရွှဲနေပြီ"

ကြည်စင်ရွှန်း ကားဘရိတ်နင်းထားပြီး ပညာပေးနေတာကို မသိသော ရဲမင်းက ကားတွန်းရလွန်းလို့ ချွေးတွေရွှဲလာသဖြင့် စိတ်တိုတိုနှင့် ပြောချလိုက်သည်။

"ရှင်ကလည်း ဒေါသချည်းပဲ၊ ဒီလိုကူညီတာ ကုသိုလ်တနေ ငရဲဖြစ်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဖြစ်ဖြစ်ဗျာ၊ ခင်ဗျားကားက မဟုတ်သေးပါဘူး"

ကြည်စင်ရွှန်းက ကားပြတင်းပေါက်ကနေ ခေါင်းပြူထွက်ပြီး ပြောတာကို ရဲမင်းက ပြန်ပြောရင်း ကြည်စင်ရွှန်းအနားသို့ ရောက်လာပြီး ကားပြတင်းပေါက်ကနေကြည့်သောအခါ ကြည်စင်ရွှန်းကားဘရိတ်နင်းထားသည်ကို မြင်သွားပါသည်။

"ဟာဗျာ . . . ခင်ဗျားက ကားကိုဘရိတ်နင်းထားမှတော့ ကားက ဘယ်ထွက်မှာလဲဗျ"

ရဲမင်းက နဖူးပြင်မှ ထွက်နေသော ချွေးများကို လက်ဖြင့်သပ်ချလိုက်သည်။

"သိတယ် . . ကျွန်မရဲ့ကား ဘာမှမဖြစ်ဘူး၊ ရှင့်ကို တစ်ယောက်တည်းတွေ့လို့ ပညာပေးလိုက်တာ၊ ကျွန်မတို့မှာလည်း မိန်းမဉာဏ်ဆိုတာ ရှိပါတယ်၊ ရှင့်ကို ဒီလိုနောက်လို့ စိတ်ဆိုးသွားပြီမဟုတ်လား၊ ဝဋ်ဆိုတာ လည်တတ်တယ်နော်"

ကြည်စင်ရွှန်းက ရဲမင်းအား ရယ်မောပြောဆိုပြီး ကားကိုမောင်းထွက်သွားသည်။ ရဲမင်းကတော့ နဖူးပြင်မှာ ထွက်လို့မကုန်သေးသော ချွေးတွေကို လက်ဖြင့်သုတ်ရင်း မကျေမနပ်နှင့် ကျန်ရစ်ခဲ့သည်။ သည်တစ်ခါတော့ ခံလိုက်ရပြီလို့။

❑

ကင်တင်းမှာ အအေးသောက်နေသော ရဲမင်းသင်တန်းသို့အလာမှာ ကြည်စင်ရွှန်းပညာပေးသွားတာကို မခံချိမခံသာ ဖြစ်နေပါသည်။ သူ့ကို ငွေးငါးထောင်တန်ကိစ္စ၊ ပုံဆွဲပြသည့် ကိစ္စတွေနှင့်ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတိုးကော အရင်းပါ ဆပ်သွားတာပဲလို့။ လူတစ်ကိုယ်လုံး ခွေးသံတွဲ ရှိနှင့်မို့ ရဲမင်းမနက်ပိုင်းသင်တန်းသို့ မတက်ချင်တော့ဘဲ ကင်တင်းမှာပဲ ထိုင်နေမိတော့သည်။

သည်လိုဖြစ်ရတာ သူ့ဒယ်ဒီဦးမြတ်မင်းမောင်းနေသော ကားက ဝပ်ရှော့ပို့ထားရသဖြင့် သူ့ကားကို ဖခင်ဖြစ်သူက အလုပ်ကိုသွားဖို့ ယူမောင်းသွားလို့ ဖြစ်သည်။ နောက်သုံးရက်လောက်ကို သည်လိုပဲ ဒုက္ခခံရဦးမည်ဖြစ်သည်။ ထပ်ပြီး ကြည်စင်ရွှန်းနှင့် လမ်းမှာမတွေ့ပါရစေနှင့်လို့ သူဆုတောင်းနေသည်။ တွေ့ခဲ့ပါက သူတစ်ပြန်၊ ကိုယ်တစ်ပြန် ပညာပြနေလျှင် သံသရာရှည်မှာ စိုးလို့ဖြစ်ပါသည်။

"ရဲမင်း . . . သင်တန်းမတက်ဘဲနဲ့ အအေးခွက်ရှေ့ချပြီး ဘာတွေတွေးနေတာလဲ"

ဟိုအကြောင်းစဉ်းစား၊ ဒီအကြောင်းစဉ်းစားနှင့် ရှိနေတုန်း ရဲမင်းထိုင်နေသော စားပွဲဝိုင်းသို့ မေအေးဝင်းနှင့်အတူ ကြည်စင်ရွှန်းတို့ ရောက်လာပါသည်။

"သင်တန်းတက်ဖို့လာတာ မာရ်နတ်နဲ့တွေ့လို့ မတက်ဖြစ်တော့ပါဘူး"

"ရဲမင်း . . . အဲဒီမာရ်နတ်က ကားမောင်းလာတာ မဟုတ်လား"

မေအေးဝင်းက ရဲမင်းကိုကြည့်လိုက် ကြည်စင်ရွှန်းကိုကြည့်လိုက်နှင့် ရယ်ရင်းပြောပါသည်။

"သိချင်ရင် အဲဒီမာရ်နတ်နဲ့တွေ့ရင် မေးကြည့်ပေါ့ဗျာ၊ လူတွေက ခက်တယ်ဗျာ၊ လှလှပပ သပ်သပ်ရပ်ရပ်လေး သင်တန်းကို ဖော်လာပါရဲ့၊ မနာလိုကြဘူးဗျာ၊ အညှိုးအတေးတွေက တယ်ကြီးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှင် ကျွန်မကို ယောက်ျားကြီးတန်မယ့် စောင်းမပြောနဲ့"

"စောင်းမပြောပါဘူး၊ ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်ကြည့်ပြီး ပြောတာ"

"တော်ကြပါတော့ . . . စကားနိုင်လုမနေနဲ့၊ ဗိုက်ဆာလို့ ကြည်စင်ရွှန်းကို ခေါ်လာမိပါတယ်၊ မှားပြီထင်ပါရဲ့၊ ဟဲ့ . . . ကြည်စင်ရွှန်း နင်တို့နှစ်ယောက် ရန်ဖြစ်ချင်လည်း ထိုင်ပြီးတော့ဖြစ်၊ ငါတော့ ဗိုက်ဆာပြီ၊ နန်းကြီးသုတ်မှာလိုက်တော့မယ်"

မေအေးဝင်းက ဗိုက်တော်တော်ဆာနေသည် ထင်ပါ၏။ ချက်ချင်းဆိုသလို နန်းကြီးသုတ်ကို မှာပါသည်။

"ကြည်စင်ရွှန်း . . . နင်ကော ဘာမှာဦးမလဲ"

"ဘာမှမမှာဘူး . . . ဗိုက်ပြည့်နေတယ်"

"အဲဒါပဲပေါ့ . . . ကျွန်တော့်မျက်နှာကိုမြင်ပြီး ရန်တွေ့မှတော့ ဒေါသကြောင့် အားတွေ အလိုလိုပြည့်ပြီး ဘာမှမစားချင်ဘဲ ဗိုက်ပြည့်ပြီပေါ့"

"ရှင် . . . ဘာစကားပြောတာလဲ"

"တော်ကြပါဟယ် . . . နင်တို့နှစ်ယောက်ကလည်း တကယ်ပါပဲ"

မေအေးဝင်းက လာချပေးသော နန်းကြီးသုတ်ပန်းကန်ကို ယူလိုက်ပြီး စကားများနေသော ရဲမင်းနှင့် ကြည်စင်ရွှန်းကို တားလိုက်သည်။ ကြည်စင်ရွှန်းက ဘာစကားမှ ဆက်မပြောတော့ဘဲ သင်တန်းစာအုပ်ကို ထုတ်ပြီး ဖတ်လို့နေသည်။ ရဲမင်းက သင်တန်းခန်းမတွေဖက်သို့ ကြည့်လို့နေသည်။

"အမယ်လေး . . . အကြံပေးကောင်းသူ ဆရာရဲမင်းမင်းအကြံပေးကောင်းတာ ငါ့ဘဝတော့ ပျက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရဲမင်းတို့ရှိနေသော စားပွဲဝိုင်းသို့ သင်တန်းသားတစ်ဦးက ရောက်လာပြီး အသံကျယ်ကျယ်နှင့် ပြောလိုက်ပါသည်။

"ဟေ့ကောင် . . . မျိုးမြင့်ဆွေ၊ အသံတိုးတိုးပြောပါကွာ"

"မပြောနိုင်ဘူး ရဲမင်း၊ မင်းအကြံပေးကောင်းတာ ငါ့ရင်တွေပူနေပြီ၊ မီးတွေ လောင်နေပြီကွ"

မျိုးမြင့်ဆွေ၏စကားကြောင့် နန်းကြီးသုတ်စားနေသော မေအေးဝင်းတစ်ယောက် နန်းကြီးသုတ်ကိုတောင် မစားနိုင်ဘဲ သိချင်စိတ်တွေက တဖွားဖွား ပေါ်ပေါက်လာပါသည်။

"ဒီက အစ်ကိုက ဘယ်လိုရင်တွေပူ၊ မီးတွေလောင်နေလို့လဲ၊ ရော့ . . . ဒီရေသန့်ကိုသောက်လိုက်၊ ကျွန်မတို့ မသိရဘူးလား"

မေအေးဝင်းက သူမအနီးနားမှာရှိနေသော ရေသန့်ဗူးကိုပေးလိုက်တာ မျိုးမြင့်ဆွေဆိုသူက ရေသန့်ဗူးကိုဖွင့်ပြီး ခွက်ပင်မယူတော့ဘဲ မော့သောက်လိုက်သည်။

"အစ်ကို . . . အမောပြေသွားရင် နည်းနည်းပြောပြပါလား"

မေအေးဝင်းစကားကြောင့် ကြည်စင်ရွှန်းက စပ်စုတတ်ရန်ကောပဲဆိုပြီး မေအေးဝင်း၏ပေါင်ကို လက်ဖြင့် ဆွဲဆိတ်ပေမယ့် မရပါ။

"ပြောပါဦး . . . အစ်ကို့ကို ရဲမင်းက ဘယ်လိုအကြံတွေ ပေးလို့လဲ"

"ဒီကောင့်ရဲ့အကြံက သိပ်ကောင်းပဲ၊ ကျွန်တော့်မှာ သိပ်ချစ်ရတဲ့ ချစ်သူရှိတယ်၊ သူ့ကို ကျွန်တော်က သိပ်ချစ်တာ၊ သူ့ကို ကျွန်တော်က မခွဲနိုင်ဘူး၊ တစ်နေ့တစ်နေ့ သူ့ကို မမြင်ရရင်နေ၊ သူ့အသံမကြားရလို့ မရဘူး"

"ဒါများရှင် . . . အမိပီဖိုးတို့ဘာတို့နဲ့ အသံမမ်းထားရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မေအေးဝင်းက မျိုးမြင့်ဆွေရင်ဖွင့်နေတာကို ဝင်ကလိ လိုက်ပါသည်။

"မတူဘူးလေဗျာ . . . အချိန်အပိုင်းအခြားနဲ့ သူ့ရဲ့ဖြစ်နေတာမျိုးကို ကြားချင်တာ၊ ကျွန်တော့်ချစ်သူက ကုမ္ပဏီမှာ လုပ်တယ်လေ၊ ဒီတော့ ရဲမင်းကို အကြံတောင်းတော့ ရဲမင်းက အကြံပေးတယ်၊ ကျွန်တော့်ချစ်သူရဲ့အသံကို ခဏခဏကြားချင်ရင် ဖုန်းဆက်ခိုင်းတဲ့၊ ခက်တာက ကျွန်တော့်မှာ ဟမ်းဖုန်းရှိပေမယ့် ကျွန်တော့်ချစ်သူမှာက ဟမ်းဖုန်းမရှိဘူး၊ ကုမ္ပဏီက ဖုန်းကို ဆက်ရင်လည်း ပြဿနာတက်မှာဆိုတော့ သူက အားရင် အားသလို ကုမ္ပဏီနားက ဈေးဆိုင်ကဖုန်းနဲ့ ဆက်တယ်လေ၊ တစ်နေ့ကို သုံးခါလောက်ဆက်တာ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲဗျာ၊ တစ်နေ့ကို သုံးခါလောက်ဆက်တာ တစ်လလောက်ရှိတော့ အကြိမ်ကိုးဆယ်၊ ဖုန်းဆိုင်ကို ဖုန်းသွားဆက်တိုင်း အဲဒီဆိုင်မှာက ကျွန်တော်နဲ့ သက်တူရွယ်တူတစ်ယောက်ရှိတယ်၊ အခု အဲဒီလူနဲ့ လိုက်ပြေးသွားပြီဗျ၊ တွေ့ပါများတော့ ဟိုက အခေါ်အပြောကောင်းတာနဲ့ ပါသွားတာ၊ ရဲမင်းသာ ဒီလိုအကြံမပေးရင် ဘာမှဖြစ်စရာမရှိဘူး"

မျိုးမြင့်ဆွေစကားအဆုံး မေအေးဝင်းကော ကြည်မင်းရွှန်းပါ မနေနိုင်ဘဲ ရယ်မိပါသည်။ လောကကြီးမှာ သည်လောက် 'ကြောင်'တဲ့ သူလည်း ရှိပါလားလို့။ သည်လိုလူမျိုးကိုမှ ရဲမင်းလိုလူမျိုးက အကြံပေးတာ တမင်တကာ သိလျက်သားနဲ့ နောက်ပြောင်ချင်လို့ပဲ ဖြစ်မည်ဆိုပြီ ကြည်စင်ရွှန်းတွေးရင်းက တစ်ဖက်လူကို စာနာနေမိပါသည်။

"မျိုးမြင့်ဆွေ . . . မင်းပြောပြီးရင် ငါပြောမယ်၊ အဲဒါ မင်းညံ့လို့ဖြစ်တာ၊ မင်းက မင်းရဲ့ချစ်သူကို ဘာဆွဲဆောင်မှု ဘာလိုအပ်မှုပေး



www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ မင်းက သူ့ရဲ့အသံကိုပဲ ကြားချင်နေလို့ မရဘူး၊ အချစ်ဆိုတာ ချစ်တတ်ရင် အဲဒီအချစ်ကိုပြန်ပြီး ဖြန့်ဝေတတ်ရတယ်၊ မင်းက မင်းချစ်သူကို ဘာလုပ်ပေးလဲ၊ အဲဒီတော့ သူ့လိုအပ်ချက်အတွက် သာယာတဲ့ဆီ ပါသွားတာပဲ၊ တကယ်တော့ မင်းတို့အဖြစ်အပျက်မှာ အဓိကတရားခံက ဘာလဲသိလား"

ရဲမင်းက မေးသည့်အခါ မျိုးမြင့်ဆွေက . . .

"ပြောပါဦး . . . ဘာက အဓိကတရားခံလဲ"

"အဓိကတရားခံက မင်းရဲ့ချစ်သူမှာ ရုပ်ဝတ္ထုပစ္စည်းမကြွယ်ဝလို့ပဲ၊ သူ့မှာ ဟမ်းဖုန်းရှိကြည့်ပါလား၊ အခုလို သူဖုန်းသွားဆက်တဲ့ ဈေးဆိုင်ကလူနဲ့ လိုက်ပြေးပါ့မလား၊ မင်းနဲ့ ဖုန်းချင်း 'အီ'မှာပေါ့၊ သူ့မှာ ဖုန်းမရှိဘူးဆိုလည်း နှစ်သိန်းတန်ဖုန်းလောက်တော့ မင်းဝယ်ပေးရမှာ၊ မင်းက မဝယ်ပေးနိုင်ဘူး၊ ချစ်တော့ ချစ်တယ်၊ မင်းက သူ့ကို ပြန်မဖြန့်နိုင်ဘူး၊ မင်းက သာယာမှုတစ်ခုတည်း သွားကြည့်တာ၊ ဟိုဘက်က မမှားဘူး"

မျိုးမြင့်ဆွေ ဘာမှမပြောနိုင်ပါ။ ကြည်စင်ရွှန်း စဉ်းစားမိပါသည်။ ရဲမင်းပြောတာတွေက တွေးကြည့်လျှင် အတော်လေး နီးစပ်ပါသည်။ တစ်ဆက်တည်းဆိုသလို ကျော်စိန်မြင့်နှင့် သန်းသန်းဆင့်ကိစ္စမှာ ဗန်ဒါရွက်နှင့် ရည်စားစာပေးတာ ရဲမင်းအကြံဉာဏ်တွေများ ဖြစ်မလားဆိုတာပါပဲ။

"ရဲမင်း . . . မင်းပြောတာတွေ ငါဘာမှမစဉ်းစားမိဘူး၊ ငါက ချစ်တာပဲ သိတာကိုး၊ အချစ်တစ်ခုတည်း ကိုးကွယ်မိတော့ ငါအလွမ်းသမားဘဝ ရောက်ရပြီပေါ့ကွာ၊ ငါသွားမယ် . . . မင်းကို စောစောက ငါလေသံမာမာနဲ့ ပြောမိတာ ခွင့်လွှတ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



မျိုးမြင့်ဆွေက ဖြည်းညှင်းစွာဖြင့် ထိုင်ရာမှထကာ ကင်တင်းထဲ ကနေ ထွက်ခွာသွားပါသည်။

"ယောက်ျားကြီးဖြစ်လျက်သားနဲ့ တော်တော်ပျော့ညံ့တဲ့လူ၊ သူ့ ရည်းစားခမျာ တော်ပါသေးရဲ့၊ ဒီလိုလူမျိုးနဲ့ ရေရှည်လက်မတွဲရလို့"

"မေအေးဝင်းရယ် . . . နင်ကတော့ သိချင်လို့ စပ်စုတော့လည်း နင်ပဲ၊ ဟော . . . ဟိုလူက ကင်တင်းထိပ်ရောက်ရုံပဲ ရှိသေးတယ်၊ နင်က အတင်းပြောပြန်ပြီ"

"ကြည်စင်ရွှန်းကလည်း ဟုတ်တာကို ပြောတာပဲ၊ ဟာ . . . တော်ပါပြီ၊ နန်းကြီးသုပ်ကိုပဲ ကုန်အောင်စားတော့မယ်"

မေအေးဝင်းခမျာ သူ့နန်းကြီးသုပ်ကိုစားဖို့တော့ သတိရသားလို့။ ရဲမင်းက မေအေးဝင်း၏အပြုအမူကိုကြည့်ပြီး ပြုံးမိပါသည်။

"ကြည်စင်ရွှန်း . . . ငါအိမ်သာတက်ချင်လာလို့ သွားလိုက်ဦး မယ်၊ ရဲမင်းနဲ့လည်း ရန်ဖြစ်မနေနဲ့နော်"

"နင်ကလည်းဟယ် . . . အခုလေးတင် စားပြီးတယ်၊ နင့်ဟာက မဟုတ်သေးပါဘူး"

"ဟဲ့ . . . ကြည်စင်ရွှန်း၊ အန္တရာယ်က ချက်ချင်းဖြစ်လာတာကိုး"

နန်းကြီးသုပ်စားပြီးလို့ မကြာခင်မှာပဲ မေအေးဝင်းက ပြောရင်း ကနေ ခပ်မြန်မြန် ထွက်သွားပါသည်။

ရဲမင်းကတော့ ပြဿနာပဲလို့။ ကြည်စင်ရွှန်းနှင့် နှစ်ယောက် တည်း ကျန်ရစ်တာ အရင်ကတည်းက အဆင်မပြောတာ စကားမပြော ဘဲ ကိုယ့်ဖာသာကိုယ် သူ့ဖက်မလှည့်ဘဲ သင်တန်းခန်းမဆောင်ဘက် လှည့်ကြည့်နေတာပဲ ကောင်းတယ်ဟု ဆုံးဖြတ်ပါသည်။

ကြည်စင်ရွှန်းကလည်း စောစောတုန်းက သူမပြောသွားထားသော



www.burmeseclassic.com

www.burmeseclassic.com



အရာကို မေးမည်ဟု တွေးရင်းက . . .

"ရဲမင်း . . . ရှင့်ကို ကျွန်မတစ်ခုမေးချင်လို့၊ မေအေးဝင်းမရှိ တုန်း မေးရတာ"

ကြည်စင်ရွှန်းလေသံက ဒေါသသံမပါဘဲ တစ်ခုခုကို သိချင်နေပုံ ရပါသည်။

"ခင်ဗျားက ဘာမေးမှာမို့လို့လဲ"

"သန်းသန်းဆင့်နဲ့ ရှင့်သူငယ်ချင်းကျော်စိန်မြင့်ကိစ္စမှာ ကျော် စိန်မြင့်က သန်းသန်းဆင့်ကို ဗန်ဒါရွက်ပေါ်မှာ ရည်းစားစာရေးပေးတာ အဲဒါရှင့်ရဲ့အကြံတွေ မဟုတ်လား၊ ဟုတ်ရင် ဟုတ်တယ်ပြောနော်၊ ကျွန်မ သိချင်လို့၊ ဘယ်သူ့ကိုမှ မပြောပါဘူး"

ကြည်စင်ရွှန်းစကားကို နားထောင်နေသော ရဲမင်းက ကြည်စင် ရွှန်းကို လျော့တွက်လို့မရမှန်း သဘောပေါက်လိုက်သည်။

"ဟုတ်တယ် . . . ဒီကောင် အကူအညီတောင်းတာနဲ့ ထူးထူး ခြားခြားဖြစ်အောင် အကြံပေးလိုက်တာ၊ အကြံမပေးလည်း သူတို့နှစ် ယောက်က ချစ်သူဖြစ်မှာပါပဲ၊ ဒါပေမယ့် အဲဒီဗန်ဒါရွက်ကလေးကတော့ သူတို့နှစ်ယောက်အတွက် အမှတ်တရပေါ့၊ ဒီအချိန်မှာ သူတို့နှစ်ယောက် သိရင်လည်း ဘာမှဖြစ်တော့မှာ မဟုတ်ပါဘူး၊ သူတို့က အရှိန်တက်နေပြီ ပဲလေ"

"ကျွန်မထင်တော့ ထင်ပါတယ်၊ ရှင့်သူငယ်ချင်းအကြံ မဟုတ် ဘူးဆိုတာ"

ထို့နောက်တော့ သူတို့နှစ်ယောက် ဘာမှမပြောဘဲ ကိုယ့်အတွေး နှင့်ကိုယ် ရှိနေကြသည်။

"ဟာ . . . ရဲမင်း . . . တော်သေးတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို လုံခြုံရေးဝန်ထမ်းဝတ်စုံနှင့် လူတစ်ဦးက ရောက်လာသဖြင့် ကြည်စင်ရွှန်းက ဘာဖြစ်လို့လဲဆိုတာ အကဲခတ်ကြည့်လိုက်သည်။

"ကိုသာဂိရာ . . . ဘာဖြစ်လာတာလဲ၊ ခင်ဗျားပုံစံက အရေးတကြီးဖြစ်နေလိုက်တာ"

"အရေးကြီးတာ မပြောနဲ့၊ မင်းကို တွေ့ချင်နေတာ၊ မနက်က တောင် သင်တန်းမှာ မင်းရဲ့သူငယ်ချင်းတွေနဲ့တွေ့တော့ မေးသေးတယ်၊ မင်းမလာသေးဘူးဆိုလို့"

"နေပါဦး . . . အခု ခင်ဗျားက ကျွန်တော့်ကို တွေ့ပြီပဲ၊ ဘာကိစ္စ ရှိလို့လဲ၊ ပိုက်ဆံချေးဖို့ဆိုရင် ကျွန်တော်က ခင်ဗျားဆီကတောင် ပြန်ချေးရမှာ၊ မနေ့က လခထုတ်တယ် မဟုတ်လား"

"မဟုတ်ရပါဘူးကွာ . . . မင်းဆီက အကြံတစ်ခုတောင်းချင်လို့ ဒါပေမယ့် ရဲမင်း . . . မင်းငါ့ကို မနောက်ရဘူးနော်"

လုံခြုံရေးကိုသာဂိက ကြည်စင်ရွှန်းကို ကြည့်လိုက်ပြီး . . .

"ရဲမင်း . . . ဒါ . . . မင်းရဲ့ကောင်မလေးလား၊ ချောသားပဲ . . . လိုက်တယ်"

"ဟာ . . . ကိုသာဂိ၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ သူငယ်ချင်းတွေပါဗျ"

"ကြည်စင်ရွှန်း sorry နော်၊ သူမသိလို့"

အရေးထဲကိုသာဂိက သူထင်ရာ သူပြောသဖြင့် ကြည်စင်ရွှန်းကို အမြန်တောင်းပန်လိုက်ရသည်။ ကြည်စင်ရွှန်းလည်း ကိုသာဂိစကားကြောင့် ရှက်သွားလားမသိ၊ မျက်နှာလေးက နီမြန်းလို့ သွားသည်။

"မသိလို့နော် . . . ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေးဝန်ထမ်းကိုသာဂိက ကြည်စင်ရွှန်းကို တောင်းပန်လိုက်ပြီး . . .

"ဒီလို ရဲမင်းရ . . . မင်းလည်း သိတာပဲ၊ ညနေဆို ငါက သောက်တတ်စားတတ်တာ၊ ပြီးတော့ မူးလာရင် ငါ့ဝသီအရ ငါက စကားနည်းနည်းများတတ်တယ်၊ အဲဒီတော့ အိမ်ရောက်ရင် မိန်းမနဲ့ အမြဲတမ်းစကားများရတယ်၊ စကားများတိုင်း 'မိန်းမက အနီးအနားရှိတာတွေနဲ့ ကောက်ကောက်ပေါက်တာ ငါ့အိမ်ထဲမှာ လေကြောင်းတိုက်ပွဲဖြစ်နေတဲ့အတိုင်းပဲ၊ အဲဒါ ငါ့မိန်းမကို အဲဒီလိုတွေ့ရာနဲ့ ကောက်မပစ်အောင် သူ့ကိုနိုင်တဲ့နည်းလမ်း အကြံပေးစမ်းပါဦးကွာ"

"နေပါဦး . . . ကိုသာဂိ၊ ဒါမျိုးဖြစ်တာ ဘယ်လောက်ရှိပြီလဲ"

"ငါးလကျော်ပြီ . . . ရဲမင်းရ"

"ခင်ဗျားကလည်းဗျာ၊ ငါးလကျော်ကြာမှလာပြီး ကျွန်တော့်ဆီက အကြံတောင်းရလား"

"မတောင်းလို့ မရဘူးကွ၊ ငါ့မိန်းမက တွေ့ကရာနဲ့ ကောက်ပစ်တာ ငါးလကျော်ပြီဆိုတော့ လက်စက အကျင့်ဖြစ်သွားလား မသိဘူး၊ ပစ်တိုင်း ငါ့ကိုထိလို့ဟေ့၊ ခေါင်းတွေကော ဗိုက်တွေကော ကျောကုန်းတွေကော၊ အဲဒါ ငါဘာလုပ်ရမလဲ"

"ဘာမှမလုပ်နဲ့၊ ခင်ဗျားမူးပြီး မရစ်နဲ့၊ မရစ်ရင် ဘာမှမလုပ်ဘူး၊ ခင်ဗျားဗျာ . . . ဘာလို့လဲ"

"အေးပါကွာ . . . ဒါဆိုလည်း ပြီးရော"

လုံခြုံရေးဝန်ထမ်းကိုသာဂိက ထွက်သွားပါသည်။ ရဲမင်းက သူ့တပြင်းကို မှုတ်ထုတ်လိုက်တာ ကြည်စင်ရွှန်းက ရဲမင်းကိုကြည့်ပြီး ပြုံးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်စင်ရွှန်းတွေးမိပါသည်။ စောစောက ကိုသာဂိအဖြစ်အပျက်က နိုင်ငံတကာဟာသတွေထဲက အဖြစ်အပျက်တစ်ခုနှင့် တူနေလို့ ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ

သူများကို မကျီစားတဲ

မိသားစုကို ကျီစားရတာ

အရသာရှိလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

သင်တန်းက စာတွေကိုသာ ကြည့်နေရပေမယ့် စိတ်ထဲကမပါ။ မထူးပါဘူးဆိုပြီး စာအုပ်ကို ပိတ်လိုက်သည်။ သည်နေ့ တနင်္ဂနွေနေ့ဖြစ်သဖြင့် သင်တန်းက မရှိ။ ဘယ်သွားရင် ကောင်းမလဲဆိုတော့လည်း စဉ်းစားလို့မရ။ ကျော်စိန်မြင့်နှင့်က အိမ်ချင်းရှေ့လမ်းနောက်လမ်းမို့ သွားဖို့စိတ်ကူးသော်လည်း သည်ကောင် အိမ်မှာ မရှိမှာ သေချာသည်။ ယခုလောက်ဆို သန်းသန်းဆင့်နှင့် ဆိုင်တစ်ဆိုင်မှာ ရှိနေမလား သို့မဟုတ် သန်းသန်းဆင့်တို့အိမ်ပဲ ရောက်နေမလားမသိ။ သူတို့နှစ်ယောက်အချစ်ရေးက ကံကောင်းပါသည်။ နှစ်ဖက်မိဘကို ဖွင့်ပြောသဖြင့် နှစ်ဖက်မိဘကလည်း ကြည်ဖြူသဖြင့် ဟိုဘက်အိမ်၊ ဒီဘက်အိမ် ဝင်ထွက်ခွင့်ရထားကြသည်။ ထို့ကြောင့် ကျော်စိန်မြင့်ဆီသွားလို့က သိပ်မသေချာ။ လေးမောင်နှင့် သိန်းမြင့်ဝင်းကြပြန်တော့လည်း အင်တာနက်ဆိုင်မှာ ရှိလောက်သည်။ သူတို့နှစ်ယောက်ကို အင်တာနက်ဆိုင်မှာ ဝင်ခေါ်ပြီး လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်ထိုင်ဖို့ ခေါ်ချင်ပါသော်လည်း ထိုနှစ်ယောက် နည်းနည်းနေပူ နေသဖြင့် ဘီယာတိုက်ခိုင်းမှာ သေချာသဖြင့် ထိုအစီအစဉ်ကို ပယ်ဖျက်ရပြန်ပါသည်။

ဟိုဟိုဒီဒီကို စဉ်းစားနေရင်း နောက်ဆုံးအပျင်းပြေမည့် နည်းလမ်းတစ်ခုတွေ့သွားသည်။ ထိုနည်းလမ်းက ရဲမင်း၏ဖခင်ဦးမြတ်မင်းပင် ဖြစ်သည်။

ဦးမြတ်မင်းက ဧည့်ခန်းထဲမှာ ဖိုင်တွဲတွေကို ဖတ်လို့နေလိုက် စဉ်းစားလိုက်နှင့် တစ်ယောက်တည်း ဘာတွေကြိတ်ကြံနေသလဲ မသိပါ။ ခါတိုင်းသည်လို တနင်္ဂနွေနေ့မျိုးဆို သူ့ဖခင်က ရေခဲသေတ္တာထဲက Red label နှစ်ပက်လောက် သည်အချိန်လောက်ဆို မော့ပြီးပြီ။ ယခုတော့ မျက်နှာက တော်တော်လပ်နေသည်။ အလုပ်တွေ ရှုပ်နေလို့များ သူ့တာဝန်ကို ထမ်းဆောင်ဖို့ မေ့နေသလား မသိပါ။

ရဲမင်းလည်း သူ့ဖခင်စားကောင်းသောက်ကောင်းအောင် နည်းနည်းတော့ ဦးနှောက်စားခိုင်းဦးမည်ဟုဆိုပြီး ဖခင်ရှိရာသို့ သွားလိုက်သည်။

"ဒယ်ဒီ . . . အလုပ်ရှုပ်နေလား"

ဦးမြတ်မင်းက သူ့အနားရောက်လာသော ရဲမင်းကို ကြည့်လိုက်ရင်းမှ . . .

"မင်းမမြင်ဘူးလား၊ မင်းဘာလာကြပ်ဦးမလို့လဲ၊ တစ်ခါကလည်း ဒီလိုပဲ၊ မင်းလာရှုပ်တာ ဒယ်ဒီ့မှာ သွားစရာရှိတာ မသွားဖြစ်လို့ မိတ်ပျက်မလိုတောင် ဖြစ်သွားတာ၊ ဒယ်ဒီတော့ မင်းရဲ့မာမီကိုတောင် မကြာခဏ ပြောဖြစ်တယ်၊ ဒယ်ဒီနဲ့ မာမီရဲ့သား မင်းဟာ အခုဆိုအတော အတွင်းမှာ နောက်လိုက်ပြောင်လိုက်၊ စလိုက်၊ သူများတွေကို အကြံပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ ဘယ်လိုဖြစ်သွားလဲ မသိဘူးလို့၊ နောက်ပြီး မင်းက နည်းနည်း ပိန်သွားတယ်၊ အစားကော မှန်မှန်စားရဲ့လား"

"စားပါတယ် ဒယ်ဒီရဲ့ ဒါပေမယ့် လူအကျင့် ဝမ်းအချင့်ဆိုတော့ ပုံမှန်ပဲ စားလို့ပါ၊ ယောက်ျားဆိုတာ ပိန်မှလေ၊ ဗိုက်ရွဲရင် ဘယ်တောင်း ပါ့မလဲ၊ ပြီးတော့ နောက်တယ်ပြောင်တယ်ဆိုတာ သားက တစ်ဦးတည်း သော သားဆိုတော့ အိမ်မှာ ဘယ်သူနဲ့ စကားပြောဖေါ်ရှိလို့လဲ၊ ဒယ်ဒီရဲ့ မေးခွန်းကို ဖြေရတာနဲ့ သားက ဒယ်ဒီကို မေးစရာရှိတာတောင် မမေး ရဘူး"

"နေစမ်းပါဦး၊ မင်းက ဘာမေးမှာမို့လို့လဲ၊ အလုပ်ကိစ္စလား၊ မင်းရဲ့ကောင်မလေးအကြောင်းလား၊ ဘာလဲ . . . ချစ်သူတွေ့ပြီလား"

ရဲမင်း၏ဖခင် ဦးမြတ်မင်းက ဖတ်နေသော ဖိုင်တွဲတွေကို ပိတ် လိုက်ပြီး စားပွဲပေါ် ချလိုက်ရင်းက သူ့အထင်ကို စွတ်တင်နေပါသည်။

"ဒယ်ဒီကတော့ သားမေးမှာနဲ့ ဒယ်ဒီပြောတာက လမ်းကြောင်း နည်းနည်းလွဲနေပြီ"

"ဒါဖြင့်လည်း ပြောကွာ၊ ဘာမေးမှာလဲ"

"ဒယ်ဒီ စိတ်မရှည်ပုံထောက်ရင် ဇကန္တ ဂျော်နီလမ်းလျှောက်ကို 'ပါဝါ'မတင်ရသေးဘူးထင်တယ်"

"ဟေ့ကောင် . . . ငါ့တာဝန် ငါမပျက်ဘူးကွ၊ မေးမှာသာ မေး ပါကွာ၊ မင်းဟာလေ . . . ငါ့သားလို့ မပြောရဘူး"

ဦးမြတ်မင်းက သူ့စကားသူ သဘောကျပြီး ရယ်နေပါသည်။

"ဒီလို ဒယ်ဒီရဲ့ ဒယ်ဒီက မြန်မာစာနဲ့ ကျောင်းပြီးထားတော့ ဗုဒ္ဓဝင်နဲ့ပတ်သက်တဲ့ ဇာတ်တော်တွေ ကျောင်းတုန်းက သင်ရမှာပေါ့"

"သင်ရတာပေါ့ကွ၊ ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့တို့၊ ဝိဇယ



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်တို့၊ ဇာတကတို့ အစုံပဲ"

"ဒါဆိုရင် ဇာတ်တော်တွေမှာ ဟိုးရှေးရှေးတုန်းက ဗာရဏသီပြည်မှာ စကြတာချည်းပဲ၊ ဇာတ်တော်မှန်ရင် ဟိုးရှေးရှေးတုန်းကနဲ့ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးနဲ့ မလွတ်ဘူး၊ ပြီးတော့ အင်္ဂလိပ်မှာကျတော့ ပုံပြင်တွေကို Once upon a time တစ်ခါတုန်းကဆိုပြီး စကြတာကကော ဘာကြောင့်လဲ၊ အဲဒါ သားကို ရှင်းပြပါ"

ရဲမင်းစကားကြောင့် ဖခင်ဖြစ်သူ ဦးမြတ်မင်း ခေါင်းစားသွားပါသည်။ ကြံကြံဖန်ဖန် လာမေးနေလို့ ဖြစ်ပါသည်။ နည်းနည်းစဉ်းစားကြည့်ပါသေးသည်။ ရဲမင်းနားလည်အောင် အကျိုးနှင့်အကြောင်း ဘယ်လိုရှင်းပြရမလဲ စဉ်းစားရင်း ခေါင်းတွေပူလာရုံမက သောက်ထားတာလေးတောင် ပြေချင်လာပါသည်။

"ဒီသားအဖတွေ ဘာတွေစကားကောင်းနေတာလဲ၊ သားရေ . . . သားအကျီတွေ မီးပူတိုက်ပြီးသွားလို့ မာမီ သားအခန်းထဲမှာ ထားထားတယ်"

ရဲမင်း၏မိခင်ဒေါ်ချောကလျာ အိမ်ပေါ်ထပ်က ဆင်းလာပြီး ရဲမင်းကို ပြောလိုက်ပါသည်။ ရုတ်တရက်ဆိုသလို ဦးမြတ်မင်း ဝမ်းသာသွားပါသည်။

"မိန်းမရေ . . . မင်းသားမေးတဲ့ မေးခွန်းကို မင်းဖြေပေးပေတော့၊ ကိုယ်တော့ ခေါင်းစားသွားပြီ"

တစ်ဆက်တည်းဆိုသလို ရဲမင်းအား . . .

"မင်းရဲ့မာမီက ပိုသိလိမ့်မယ်၊ သူက အရှေ့တိုင်းဘာသာရပ်ပါဒီဂရီနဲ့ ဘွဲ့ရတာဆိုတော့ သူပိုသိမယ်"

"နေပါဦး . . . သားက ဘာမေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မာမီရေ . . . × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

ရဲမင်းက သူ့ဖခင်အား မေးသော မေးခွန်းကို ဒေါ်ချောကလျာအား မေးလိုက်သည်။ ထိုအခါ ဒေါ်ချောကလျာက ဦးမြတ်မင်းအား မျက်စောင်းထိုးလိုက်ရင်းမှ . . .

"ဒါလား- သားရယ်၊ သားရဲ့ဒယ်ဒီက ဘယ်ဖြေတတ်မလဲ၊ သူနဲ့ တူနေတာကိုး၊ ဟိုးရှေးရှေးတုန်းကတို့ ဗာရာဏသီပြည်တို့ ဗြဟ္မဒတ်မင်းကြီးတို့ Once upon a time တို့ဆိုတာ သားရဲ့ဒယ်ဒီကုမ္ပဏီက ဖုန်းဆက်သလိုမျိုးပေါ့၊ မိန်းမရေ . . . ဒီည ကုမ္ပဏီကလူတွေနဲ့ ညစာစားပွဲရှိတယ်၊ နောက်ကျမယ်၊ မိန်းမရေ . . . ကိုယ့်မိတ်ဆွေရဲ့သမီး မင်္ဂလာဆောင်ရှိလို့၊ မိန်းမရေ . . . ကိုယ့်ရဲ့ကုမ္ပဏီက ရုံးစာရေးကြီးရဲ့ယောက်ကျ္ဓမနာရေးအတွက် သတင်းသွားမေးရမှာမို့လို့၊ မိန်းမရေ . . . စတဲ့ အကြောင်းအရာမျိုးတွေနဲ့ စသလိုပေါ့"

"မိန်းမ . . . မင်းစကားကို ရပ်တော့၊ မင်းက မင်းမကျေနပ်တာ ငါ့ကို စောင်းပြောနေတာပဲ"

"ဟုတ်တယ်လေ . . . အဲဒီအတိုင်းပဲဟာ"

"ရဲမင်း . . . မင်းက မင်းမာမီနဲ့ ငါ့ကို ရန်တိုက်ပေးတာလား"

"ဟုတ်ကဲ့ . . ."

ရဲမင်း၏ဖခင်ပေါက်ကွဲပြီဆိုတာ ရဲမင်းသိလိုက်ပြီ။ သူ့မိခင်နှင့် စကားလုံးစစ်ပွဲတွေ အသေးစားဆင်နွဲတော့မှာမို့ ရဲမင်းအိမ်ထဲကနေ လစ်ထွက်လာပါသည်။ သေချာတာကတော့ သူ့ဖခင်ကို ကျီစားလိုက်တာ သူ့မိခင်ပြောစကားကြောင့် အနာပေါ်တုတ်ကျနေလောက်ပြီမို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လှတာပြောတာကို

နှစ်သက်သဘောကျတာ

မိန်းမတို့ရဲ့သဘာဝပါ။

တစ်ခါတလေ အဲဒီအလှကို

ဖေဖန်စွင့်ကော ပြောခွင့်ကော

မရှိဘူးလားဗျာ!!!

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ဗိုက်က ဆာလွန်းလို့ ဝမ်းထဲမှာ တိုက်ပွဲတွေက တော်တော်ကြမ်းနေပြီ။ မှာထားသည့် အစားအသောက်တွေက အခုထိ ရောက်မလာသေးပါ။ သည်နေ့ ခင်သန်းနွယ်မွေးနေ့ဖြစ်သဖြင့် အင်းလျားလမ်းက စိမ်းလန်းမြေဥယျာဉ်မှာ သူငယ်ချင်းတွေကို စားချင်တာ စားဆိုပြီး လိုက်ကျွေးပါသည်။ မှာထားသည့် ဟင်းလျာတွေက များသဖြင့် နည်းနည်းကြာတာဖြစ်လိမ့်မည်ဟု ရဲမင်းဗိုက်ဆာဆာနှင့် စောင့်ဆိုင်းနေရသည်။

"ပြောရဦးမယ်၊ ရဲမင်းတို့မှား နောက်စရာရှားလို့ ဟိုတစ်နေ့က သူ့အဖေကို သူပြန်နောက်တာ၊ ဒီကောင့်ကြောင့် သူ့အဖေနဲ့ သူ့အမေ စကားတွေများတာ၊ ဒီကောင်က ရှောင်ထွက်သွားတယ်၊ ငါနဲ့ သိန်းမြင့်ဝင်းတလည်း ဒီကောင့်ကို အိမ်သွားခေါ်တာ ဘာပြောကောင်းမလဲ၊ ငါတို့နှစ်ယောက် သူ့အဖေရဲ့တရားကော သူ့အမေရဲ့တရားပါ နာလိုက်ရတယ်"

ဗိုက်ဆာနေရသည့်အချိန်မှာ လူကြားထဲ လေးပေါင်က လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံးရွှေ့ထားပြီး အတင်းကို ပြောင်ပြောနေပါသည်။

"မင်းတို့နှစ်ယောက်မို့လို့ ငါ့ဒယ်ဒီနဲ့ မာမီရဲ့တရားကို သွားနာတယ်၊ အသာလေး ဟိုလိုဒီလိုအကြောင်းပြပြီး လစ်ထွက်လာရမှာ၊ အလကားဘာမှဟုတ်တာ မဟုတ်ဘူး၊ မာမီက ဒယ်ဒီ့ကို အိမ်ကိုမိုးမချုပ်ဘဲ ပြန်လာစေချင်တယ်၊ သူချက်ကျွေးတာကို စားစေချင်တယ်၊ ဒယ်ဒီက မိတ်ဆွေပေါတော့ ကုမ္ပဏီအလုပ်ကပြီးရင် သူ့ဘော်ဒါတွေနဲ့ တစ်ဆိုင်ဆိုင်ရောက်နေ၊ အဲဒါကို မာမီက မကျေနပ်၊ နောက်တော့လည်း ဒယ်ဒီကချော့တော့ ပြီးသွားတာပဲ၊ မင်းတို့နှစ်ယောက်က ဇာတ်သိမ်းပိုင်းကို ပြီးအောင်မှ မကြည့်တာကိုး"

"ရဲမင်းရာ . . . နောက်တာပြောင်တာကတော့ ထားပါတော့၊ မိဘတွေကိုတော့ မနောက်ပါနဲ့ဟာ၊ နင်ငရဲကြီးလိမ့်မယ်"

မွေးနေ့ရှင် ခင်သန်းနွယ်က ရဲမင်းကို သတိပေးပါသည်။

"မှာထားတာတွေက လာချပေးတော့မယ်၊ အခုထိ ကြည်စင်ရွှန်းက မလာသေးဘူး၊ နောက်ကျနေပြီ၊ တော်ကြာ . . . ငါတို့စားပြီးမှ ရောက်လာရင် မကောင်းဘူး၊ ဖုန်းဆက်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"ဟဲ့ . . . ဆက်မနေနဲ့ လာခါနီးပါပြီ၊ ဒင်း . . . ဘာတွေဘယ်လိုပြင်ဆင်ဝတ်နေသလဲမှ မသိတာ"

သန်းသန်းဆင့်က သူ့ထင်မြင်ချက်ကို ပြောနေစဉ်မှာပဲ ကြည်စင်ရွှန်းမောင်းနှင်သော ကားက စိမ်းလန်းမြေဥယျာဉ်ထဲသို့ မောင်းဝင်လာပြီး ကားကိုရပ်လိုက်ကာ ရဲမင်းတို့ရှိနေသော နေရာသို့ ရောက်လာသည်။

"နင်တော့ အသက်ရှည်ဦးမယ်၊ နင့်အကြောင်း အခုပဲ ပြောနေကြတာ၊ တော်သေးတာပေါ့ . . . မှာထားတာတွေ လာမချသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



မေအေးဝင်းက ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည့် ကြည်စင်ရွှန်းအား ပြောရင်းမှ . . .

"ဟယ် . . . ကြည်စင်ရွှန်း၊ အခုမှ ကြည့်မိတယ်၊ နင်ဝတ်ထားတဲ့ အင်္ကျီက ဒီဇိုင်းမိုက်လှချည်လား၊ အောက်က ဂျင်းဘောင်းဘီဝတ်ထားတာနဲ့ တော်တော်လိုက်တယ်၊ ဟဲ့ . . . သန်းသန်းဆင့်၊ ခင်သန်းနွယ် . . ကြည့်စမ်း၊ ကြည်စင်ရွှန်းရဲ့အင်္ကျီဒီဇိုင်းက ဒီမှာမရှိသေးဘူး၊ ကြည်စင်ရွှန်း မတ်တပ်ရပ်ပြလိုက်ဦး"

ကြည်စင်ရွှန်းက ကျေနပ်သွားလို့လားမသိ မတ်တပ်ရပ်ပြပါသည်။

"ဟုတ်ပါရဲ့ဟယ်၊ ကြည်စင်ရွှန်း . . . နင်နဲ့လိုက်တယ်"

"ဟုတ်တယ်ဟ . . . မေအေးဝင်းပြောသလိုပဲ၊ အဲဒီ ဒီဇိုင်းမျိုး ဒီမှာမတွေ့သေးဘူး"

မွေးနေ့ရှင်ခင်သန်းနွယ်ကော သန်းသန်းဆင့်ကပါ ကြည်စင်ရွှန်း ဝတ်ဆင်ထားသော အင်္ကျီစကို ကိုင်ကြည့်နေကြသည်။ ထိုမြင်ကွင်းကို ကြည့်ပြီး ရဲမင်းရယ်ချင်မိသည်။ စွာသော၊ ထက်သော၊ မဟုတ်မခံစိတ်ရှိသော ကြည်စင်ရွှန်းတစ်ယောက် မိန်းမသားပီပီ လှတယ်လို့ပြောတာကို တော့ သဘောကျသွားပဲလို့။ သို့သော် ရဲမင်းအမြင်မှာတော့ ကြည်စင်ရွှန်း ဝတ်ဆင်ထားသည့် အင်္ကျီက အမြင်မှာ နည်းနည်းထူးနေပါသည်။

"ကြည်စင်ရွှန်း . . . ဒါ . . . ဒီကဟာတော့ မဖြစ်နိုင်ဘူး"

အရေးထဲ မေအေးဝင်းက သူ့ဝသီအတိုင်း စပ်စုပါသည်။

"ဒါက ဩစတေးလျက ပို့ပေးလိုက်တာ၊ မနေ့က လူကြုံက အိမ်ကိုလာပို့သွားတာ၊ ပုံစံကွဲခြောက်ထည်လောက်ပါတယ်"

ကြည်စင်ရွှန်းပြောဆိုသည့် လေသံက သူမ,ဖြေချင်သည့် လေသံမျိုးဖြစ်နေသဖြင့် တက်ကြွနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲမင်း . . . နင်နဲ့ စကားရည်လုဖက် ကြည်စင်ရွှန်းဝတ်ထား တာ မလှဘူးလား"

မဒေအေးဝင်းကတော့ ကိုယ့်ဖာသာကိုယ်မနေဘဲ ရဲမင်းအား 'မြွေ' ဖမ်းပြန်ပြီလို့။

"လှတော့ လှပါတယ်၊ ဒါပေမယ့် . . ."

"ဟဲ့ . . . ရဲမင်း . . . ဒါပေမယ့် ဘာဖြစ်လဲ၊ နင့်စကားက တို့လို့ တန်းလန်းနဲ့"

"ကြည်စင်ရွှန်းဝတ်တဲ့ အဝတ်အစားက ရုတ်တရက် ကြည့်ရင် တော့ လှတာပေါ့၊ ဒါပေမယ့် ဟိုက ယဉ်ကျေးမှု သူ့ဓလေ့နဲ့ဝတ်တာ ဘာမှမဖြစ်ပေမယ့် ဒီမှာကျတော့ တစ်မျိုးဖြစ်နေတယ်၊ အကျႌက နှစ်ထပ် ဖုံးပုံစံအကွက်တွေနဲ့ဆိုတော့ အပေါ်က အကွက်က အထဲထဲကဟာကို မြင်စေချင်လို့လား၊ အထဲထဲကဟာက အပေါ်ကွက်ကို မြင်စေချင်လို့လား၊ တစ်ခုခုကို ကြည့်ခိုင်းသလို ဖြစ်နေတယ်၊ ကြည့်လည်း ဝတ်ဦး၊ ပုရိသ ယောက်ျားတွေ ဝိုင်းနေဦးမယ်"

ရဲမင်းစကားကြောင့် အားလုံးက ဝိုင်းရယ်ကြပါသည်။ ကြည်စင် ရွှန်းကတော့ ရဲမင်းစကားကြောင့် ဒေါသထွက်လို့လားမသိ မျက်နှာတွေ နီမြန်းလို့လာပါသည်။

"ရဲမင်း . . . နင်ပြောတဲ့စကားကြောင့် ကြည်စင်ရွှန်းစိတ်ဆိုး သွားပြီ ထင်တယ်၊ ဒုက္ခပါပဲ . . . ငါ့မွေးနေ့ပွဲတော့ ပျက်တော့မှာပဲ၊ နင်က လည်းဟယ် အလိုက်အထိုက်ပြောတာ မဟုတ်ဘူး"

"ငါက သူ့ကို နစ်နာစေချင်တဲ့ စိတ်နဲ့ပြောတာ မဟုတ်ပါဘူး၊ အမြင်ကို ပြောတာပါ၊ ကြည်စင်ရွှန်းက ခေတ်ဆန်တာဝတ်မှ လှတာ မဟုတ်ပါဘူး၊ ရိုးရိုးလေးဝတ်လည်း လှပါတယ်၊ လောကမှာ အရိုးဆုံးဟာ



www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးပါပဲ”

“ကြည်စင်ရွှန်း . . . နင့်ကို ရဲမင်းက ပြောတယ်နော်၊ ရိုးရိုးလေး ဝတ်တာ ပိုလှတယ်တဲ့၊ မှတ်ထားဦး”

“ဘာလို့မှတ်ရမှာလဲ၊ သူ့စကားနားထောင်ရအောင် သူက ဘာမို့ လို့လဲ”

ရဲမင်းကို ဒေါသထွက်ပြီး မေအေးငြိမ်းကို ပြန်ပြောရပေမယ့် ရဲမင်းပြောသလို သူမရိုးရိုးလေးဝတ်တာက ပိုလှသလား၊ ခေတ်ဆန်ဆန် ဝတ်တာက ပိုလှသလားဆိုတာ စားစရာများလာချပေးပြီး စားနေရင်း က စဉ်းစားနေမိတာ အိမ်ရောက်သည်အထိပါပဲ။ မိန်းမဆိုတော့လည်း အလှအပကြိုက်တာ ခက်သားလား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အကြံကောင်းတစ်ချက်ဟာ

တစ်ခါတလေတော့

'ခွင်' တည့်တတ်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ရဲမင်းက စိမ်းလန်းမြေဥယျာဉ်ထဲမှာ ပြောခဲ့သော စကားကို ကြည်စင်ရွှန်းသုံးလေးရက်လောက် စဉ်းစားပါသည်။ သူမအဖို့ ခေတ်ဆန်ဆန်ဝတ်စားတာထက် ရိုးရိုးယဉ်ယဉ်ဝတ်တာက ပိုလှသလားဆိုတာပဲ ဖြစ်သည်။ ထိုစကားကို ရဲမင်းနောက်ပြောင်ပြီး ပြောတာတော့ မဖြစ်နိုင်။ သူ့စိတ်ထဲက အရှိကိုအရှိအတိုင်း ပြောတာပဲ ဖြစ်မည်။ ရဲမင်းပြောသလို မျိုး သူမရိုးရိုးလေးဝတ်တာ လှသလား၊ ခေတ်ဆန်စွာဝတ်တာ လှသလား ဆိုတာကို ဖခင်ဖြစ်သူဦးတင်ထွတ်ဇော်ကိုလည်း မမေးရဲ၊ မိခင်ဖြစ်သူ ဒေါ်နုနုမေသာမက အစ်မနှစ်ယောက်ကိုလည်း မမေးရဲ။ တော်ကြာ . . . ဘာစိတ်ကူးနှင့် မေးသလဲဆိုပြီးပြောလျှင် ရှင်းပြနေရမှာစိုးလို့ ဖြစ်သည်။

ကြည်စင်ရွှန်းအဖို့ သူမကိုယ်သူမလည်း အံ့အားသင့်နေပါသည်။ ဘာဖြစ်လို့ ရဲမင်းပြောသော စကားကို အလေးထားနေရပါသလဲဆိုတာ ပါပဲ။ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် မတည့်တာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သိလျက်သားနဲ့။ ယခု သူမက သင်တန်းသို့လာတာ ရဲမင်းပြောသလိုမျိုး ဘာကြောင့် မြန်မာဆန်ဆန်ဝတ်စားလာမိသလဲ မသိပါ။

သူငယ်ချင်းတွေက မြင်လျှင်ကော ဘာတွေပြောကြဦးမည်မသိ။ အနည်းဆုံးတော့ ဝေဖန်သံတွေ ကြားရဦးမည် ဖြစ်သည်။

ပြောမပြောချင်ပါ။ သင်တန်းသို့ လာမည်ဆိုကတည်းက အဝတ်အစားဘီဒိုမှာ မြန်မာဆန်သော အဝတ်အစားကိုရွေးရင်းပြုရင်းနှင့် နာရီကို မကြည့်မိတာ သင်တန်းစာသင်ခန်းအဝသို့ရောက်တော့ သင်တန်းက စနေပြီဖြစ်သဖြင့် နောက်အချိန်ကျမှပဲ ဝင်တော့မည်ဆိုပြီး ကင်တင်းသို့ ထွက်လာခဲ့သည်။

BURMESE CLASSIC

ကင်တင်းသို့ ရောက်သောအခါ လှမ်းနေသော ခြေလှမ်းတွေကို ရပ်တန့်လိုက်ပြီး ကြည်စင်ရွှန်းသွားသင့်မသွားသင့် စဉ်းစားမိသည်။

ကြည်စင်ရွှန်းတို့ စားနေကျဆိုင်မှာ ရဲမင်းကို တစ်ယောက်တည်း တွေ့ရလို့ ဖြစ်သည်။ လက်ဖက်ရည်ခွက်ကို ရှေ့မှာချပြီး ဒိုင်ယာရီစာအုပ်တစ်အုပ်ထဲမှာ ဘာတွေရေးနေသလဲ မသိပါ။ ကြည်စင်ရွှန်းက သူ့ဝိုင်းသွားထိုင်လိုက်လျှင် သူစာရေးနေတာ အနှောင့်အယှက်ဖြစ်သွားလေမလား၊ ဒါမှမဟုတ် ရဲမင်းနှင့် နှစ်ယောက်တည်းထိုင်တာ ပတ်ဝန်းကျင်ကမြင်လျှင် တစ်မျိုးထင်မှာလည်း စိုးရိမ်နေမိသည်။ အရင်တုန်းကလည်း တစ်ခါဖြစ်ခဲ့ဖူးပြီးပြီ။ အကောင်းဆုံးက သီးခြားဝိုင်းမှာထိုင်ပြီး တစ်ခုခုမှာစားတာပဲ ကောင်းမည်ဟု ဆုံးဖြတ်လိုက်ပြီး ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

"ကြည်စင်ရွှန်းပါလား . . တစ်ယောက်တည်းလား၊ လာလေဗျာ . . . ဒီမှာထိုင်ပါ၊ ရန်မဖြစ်စေရပါဘူး"

ဆိုင်ထဲသို့ ဝင်လိုက်စဉ်မှာပင် ရဲမင်းက မြင်သွားပြီး ရေးနေသော ဒိုင်ယာရီစာအုပ်အား ပိတ်လိုက်ကာ ကျောပိုးအိတ်ထဲထည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည်စင်ရွှန်းအား ဖိတ်ခေါ် လိုက်သည်။ ကြည်စင်ရွှန်းလည်း ငြင်းလျှင် မကောင်းတတ်မှာစိုးသဖြင့် ရဲမင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

"ရောက်ရောက်ချင်းမို့ ပြောရဦးမယ်၊ ဒီနေ့ ခင်ဗျားဝတ်ထားစားထားတာ တော်တော်လေးကျက်သရေရှိတယ်၊ တကယ်ပြောတာနော်၊ မိန်းမသားတစ်ဦးဟာ ငွေကုန်ကြေးကျခံမှ လှတာမဟုတ်ပါဘူး၊ နဂိုရှိတာလေးနဲ့ ရိုးရိုးယဉ်ယဉ်လေးနဲ့လည်း လှပါတယ်ဗျာ"

ရဲမင်းစကားကြောင့် ကြည်စင်ရွှန်းသည် မနက်ခင်းမှာ သင်တန်းလာခါနီး ခေါင်းစားခဲ့သမျှ ကျေနပ်စရာဖြစ်ပြီလို့။ ရဲမင်းပြောလိုက်သည့် စကားက ဟိုးအရင့်အရင်က စကားလုံးတွေနှင့် လုံးဝခြားနားပြီး ကျေနပ်ပီတိဖြစ်လို့ သွားသည်။ ဘာကြောင့်ရယ်လို့ မသိ။

"လူကို ဒီလောက်မြှောက်နေမှတော့ ဘာစားမလဲ၊ ကျွေးမယ်လေ"

"မစားတော့ပါဘူးဗျာ၊ ပါးစပ်ပျက်နေသလား မသိဘူး၊ ဘာမှ မစားချင်ဘူး၊ အခုလည်း လက်ဖက်ရည်တစ်ခွက်ပဲ သောက်ထားတာ"

ရဲမင်းစကားကို နားထောင်နေရင်းမှ ရဲမင်းကို အကဲခတ်မိသည်။ ဟုတ်ပါရဲ့။ ရဲမင်းနည်းနည်းပိန်သွားသလို ထင်ရသည်။ မဟုတ်မှလွဲရော အင်တာနက် Chat Room ထဲဝင်ပြီး အိပ်ရေးပျက်ခံကာ ဘယ်ကောင်မလေးတွေနှင့် 'ကျူ' နေသလဲမသိ။

"ရှင့်ကြည့်ရတာ အရင်ကထက် နည်းနည်းပိန်ပိန်လာသလိုပဲ၊ အင်တာနက် Chat Room တွေချည်းပဲ သိပ်မထိုင်နဲ့လေ၊ အစားလေး ဘာလေးလည်း မှန်မှန်စားဦး၊ ညလုံးပေါက် ကောင်မလေးဘယ်နှစ်ယောက် လောက်နဲ့ Chat Room ထဲမှာ စကားပြောပြီးပြီလဲ"

"ဟာဗျာ . . . မဟုတ်ရပါဘူး၊ Chat Room ထဲသွားပါတာက



www.burmeseclassic.com

www.burmeseclassic.com



လေးမောင်နဲ့ သိန်းမြင့်ဝင်းဗျ၊ ဒီနှစ်ယောက်ကမှ နေ့မနားညမနားပဲ"

သည်လိုမျိုးကျတော့လည်း ကြည်စင်ရွှန်းက အရင်လေသံမျိုး မဟုတ်ဘဲ သတိပေးစကားတွေပြောတာ ရာသီဥတုက တော်တော်သာယာနေတာပါလားဆိုပြီး ရဲမင်းတွေးရင်းက ကျေနပ်နေသည်။

"ရဲမင်းရေ . . . အတော်ပဲ မင်းကိုတွေ့တာ၊ သိန်းမြင့်ဝင်းကတော့ ပြောပါတယ်၊ သင်တန်းမှာမရှိရင် ကင်တင်းမှာ ရှိမယ်ဆိုတာ"

"ခင်ထွန်း . . . ထိုင်ကွာ၊ ဒါငါတို့ သိန်းမြင့်ဝင်းတို့ သူငယ်ချင်းပဲ၊ ကြည်စင်ရွှန်းတဲ့၊ သင်တန်းချိန်နောက်ကျလို့ ကင်တင်းမှာ ထိုင်နေတာ"

ရဲမင်းက တစ်ခါကလို လုံခြုံရေးဝန်ထမ်းကိုသာဂိက ကြည်စင်ရွှန်းနှင့် သူ့ကို အထင်မြင်မှားမှာ စိုးရိမ်သဖြင့် မိတ်ဆက်ပေးရင်းက ကြိုတင်ပြီး ရှင်းပြလိုက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ရဲမင်းနဲ့ကတော့ သူငယ်ချင်းတွေပါပဲ၊ ဒါပေမယ့် လေးမောင်နဲ့ သိန်းမြင့်ဝင်း၊ ကျော်စိန်မြင့်တို့လောက်တော့ မရင်းနှီးဘူးပေါ့ဗျာ"

"ဟုတ်ကဲ့ပါ . . . ကျွန်မကို လမ်းမှာတွေ့လည်း ခေါ်နိုင်ပါတယ်"

ကြည်စင်ရွှန်းက အလိုက်သင့်ပြန်ပြောရင်းက အသိအမှတ်ပြုသလိုမျိုးဖြင့် ပြုံးပြပါသည်။

"နေပါဦး ခင်ထွန်းရ၊ မင်းက ငါ့ကို တွေ့ချင်တာ ဘာကိစ္စလဲ"

"ကိစ္စရှိတာပေါ့ကွာ၊ မင်းနဲ့ငါ ဆွေးနွေးရင်း အကြံဉာဏ်တောင်းချင်လို့"

ခင်ထွန်းစကားကြောင့် ကြည်စင်ရွှန်းတစ်ယောက် တစ်ဖက်သို့ လှည့်ပြီး မသိမသာ ပြုံးလိုက်တယ်ဆိုတာ ရဲမင်းသတိထားမိလိုက်၏။

"ခင်ထွန်းရာ . . . မင်းဘာတွေ ဖြစ်လာပြန်ပြီလဲ၊ မင်းကို အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်နဲ့ မကြာခဏ တွေ့တယ်လို့ သိန်းမြင့်ဝင်းက ပြောတယ်"

"တွေ့မှာပေါ့ကွ . . . ငါ့ရည်းစားနဲ့ပဲဟာ၊ အခု မင်းနဲ့ဆွေးနွေးချင်တာကလည်း အဲဒီကိစ္စပဲ၊ လူတွေက ပြောကြတယ်၊ ရည်းစားထားတာ အိမ်ထောင်ပြုတယ်ဆိုတာ စိတ်တူကိုယ်တူတွေထက် ဆန့်ကျင်ဘက်ဖြစ်တဲ့ သူတွေက အချစ်ရေး၊ အိမ်ထောင်ရေး သာယာတယ်လို့ ပြောကြတယ်"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွ၊ ငါက ရည်းစားတို့ဘာတို့ ထားဖူးတာမှ မဟုတ်တာ၊ ယတိပြတ်ပြောလို့ မရဘူး၊ ဒါနဲ့ မင်းရည်းစားနဲ့ မင်းနဲ့က ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တကယ့်ကို ဆန့်ကျင်ဘက်ဖြစ်နေတာ၊ သူက တစ်ဦးတည်းသော သမီးကွ၊ သူ့မိဘတွေက ချမ်းသာတယ်၊ တိုက်တွေကားတွေ ရှိတယ်၊ လုပ်ငန်းတွေကောပဲ၊ အဆင့်ချင်းက ကွာလို့ ငါတို့နှစ်ယောက်ကို သူ့မိဘတွေက သဘောမတူမှာစိုးလို့ သဘောတူအောင် ဘာလုပ်ရမလဲလို့ မင်းဆီကို အကြံလာတောင်း ရင်ဖွင့်တာပေါ့ကွာ"

ရဲမင်းက စကားဆက်မပြောဘဲ ရေနွေးကို ငုံ့သောက်လိုက်ပြီး ခုံကို လက်နှင့်ခေါက်ကာ စဉ်းစားနေတာ ခင်ထွန်းသာမက ကြည်စင်ရွှန်းပါ ရဲမင်းအား ဘာပြောလေမလဲ နားစွင့်နေကြသည်။

"ခင်ထွန်း . . . တစ်ခါတလေမှာ အချစ်ဆိုတာ ဖွင့်တိုက်ရတယ်"

"ဘယ်လိုဖွင့်တိုက်ရမှာလဲကွ"

"မင်းရဲ့ရည်းစားမိဘတွေကို ဝင်တွေ့ပေါ့ကွာ၊ ယဉ်ယဉ်ကျေးကျေးနဲ့ သူ့သမီးနဲ့ မေတ္တာရှိကြောင်း ဖွင့်ပြောပြပေါ့၊ မင်းလည်း တွေ့ရပဲဟာ"

"မင်းပြောတာက ထားပါတော့၊ ဟိုက သူတို့လို အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ တူလို့လား၊ ဘာလို့လားပြောပြီး ငြင်းရင် ဘယ်လိုလုပ်မလဲ"

"ဒါများ လွယ်ပါတယ်ကွာ၊ မင်းရဲ့ရည်းစားမိဘတွေနဲ့ အဆင့်အတန်းချင်းတူဖို့ဆိုရင် သူတို့သမီးကိုယူပြီးရင် သူတို့အိမ်မှာ လာနေပါမယ်လို့ ပြောလိုက်ကွာ"

ရဲမင်းစကားကို နားထောင်နေသော ကြည်စင်ရွှန်းတစ်ယောက် ခင်ထွန်းအစား စိုးရိမ်သွားပါသည်။ တကယ်သွားပြောလျှင် ပြဿနာဖြစ်လာနိုင်သည်။

"ရဲမင်း . . . အဲဒီလိုမှ မဟုတ်ရင်ကော၊ လက်မခံဘူးဆိုရင်ကော . . ."

"ခိုးပြေးပေါ့ကွာ၊ တစ်ဦးတည်းသော သမီးပဲဟာ မိဘတွေက ဘယ်လောက်ခွဲနိုင်မှာမို့လို့လဲ၊ နောက်ဆုံးနည်းလမ်းပဲ ရှိတာပဲ"

"အေး . . . မင်းပြောတာ မဆိုးဘူး၊ ငါ ပထမနည်းလမ်းကို သုံးကြည့်မယ်၊ မရရင် မင်းပြောတဲ့အတိုင်း ဒုတိယနည်းလမ်းပေါ့ကွာ၊ ကျေးဇူးပဲ . . . ဒီက ရဲမင်းကော ဟိုဘက်က မကြည်စင်ရွှန်းပါသွားပြီ"

"ခင်ထွန်း . . . ငါပြောတာ အောင်မြင်လို့ မင်္ဂလာဆောင်ရင် ဖိတ်စာပို့ဖို့ မမေ့နဲ့နော်၊ ဒါပေမယ့် ငါအကြံပေးတဲ့အတွက် လက်ဖွဲ့တော့ မရဘူး"

"ရတယ် ဟေ့ကောင် . . . မင်းတို့အဖွဲ့ကို ပြုစုဦးမှာ"

ခင်ထွန်းလေသံတွေက အလာတုန်းကနှင့် လုံးဝမတူဘဲ တက်ကြွသည့် လေသံမျိုးနှင့် ပြန်ကြေရင်းက ရဲမင်းတို့ အနီးနားကနေ ထွက်သွားပါသည်။

"ရဲမင်းရယ် . . . အကြံပေးတာလည်း ပေးတာပေါ့၊ တော်ကြာ . . . ဟိုလူပြဿနာတွေဘာတွေ တက်နေပါဦးမယ်၊ ဟိုဘက်က သူပြောပုံ



www.burmeseclassic.com

www.burmeseclassic.com



အရ ချမ်းသာတာဆိုတော့ သူ့အခြေအနေက ဘယ်လိုလဲတော့ မသိဘူး ကျွန်မသာ ကောင်မလေးရဲ့မိဘသာဆို သဘောတူမှာ မဟုတ်ဘူး"

ခင်ထွန်းထွက်သွားသွားခြင်းမှာ ကြည်စင်ရွှန်းက ရဲမင်းအား သူမအမြင်ကို ဖွင့်ပြောပါသည်။

"ကြည်စင်ရွှန်းပြောတာ မမှားပါဘူး၊ တော်တော်များများက မိဘနေရာမှာဆို ဒီလိုပဲ တွေးကြမှာပဲ၊ ဒါပေမယ့် လူတစ်ယောက်မှာ ငွေကြေးမကြွယ်ဝပေမယ့် ပညာအရည်အချင်းက သူများတွေလိုရှိတယ်၊ ကြိုးစားတယ်၊ ဉာဏ်ကောင်းတယ်၊ ဝီရိယရှိတယ်၊ ထကြွနိုးကြားလုပ်ချင် ကိုင်ချင်စိတ်ရှိတယ်၊ အလုပ်လည်း လက်ရှိရှိတယ်ဆိုရင် အဲဒီလူဟာ တစ်နေ့မှုချ ကြီးပွားမှာပဲ၊ ခင်ထွန်းက အဲဒီလို လူမျိုး၊ အလုပ်တစ်ဖက်နဲ့ ဒီသင်တန်းတက်နေတာ ကြည့်ပါလား၊ သူ့ရည်းစားမိဘ သဘောမတူလို့ ခိုးပြေးလည်း တစ်အိုးတစ်အိမ် ထူထောင်၊ ဒီကောင်ကြီးပွားလာမှာပဲ၊ ကောင်မလေးရဲ့မိဘတွေကလည်း မနေပါဘူး၊ ခင်ပျားနဲ့ ကျွန်တော် လောင်းမလား၊ ခင်ထွန်းရဲ့မင်္ဂလာဆောင်ဖိတ်စာ ရောက်လာစေရမယ်၊ အကြံပေးတယ်ဆိုတာ လူကြည့်ပြီးမှ ပေးတာပါ"

"ဟုတ်ပါပြီ . . . စောင့်ကြည့်ရမှာပေါ့"

ကြည်စင်ရွှန်းက မယုံသလို အမူအရာမျိုးဖြင့် ပြောလိုက်တာကို ရဲမင်းက ဘာဝေဖန်ချက်မှမပေးဘဲ ရေနွေးကိုသာ ဖိသောက်နေပါတော့သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမကြောက်တူးလို့
ကြွေးကြော်သူများ
ကိုယ့်လိပ်ပြာ ကိုယ်လုံပါရဲ့လား!!
သေချာတာက
ရည်စားနဲ့ဇနီးမယားကိုတော့
နည်းနည်းလောက် ကြောက်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

သူငယ်ချင်းမတွေကို ကြည့်ရသည်မှာ တစ်ခုခုပြောချင်နေပုံရသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးစိစိ ဖြစ်လို့နေပါသည်။ ကြည်စင်ရွှန်း သဘောပေါက်လိုက်သည်။ သူတို့တစ်တွေက ကြည်စင်ရွှန်းအား မေးခွန်းတွေ မေးတော့မည်လို့။

"နင်တို့ ငါ့ကို အဲဒီလောက် မကြည့်နဲ့၊ ဘာမေးချင်သလဲပြော၊ နင်တို့ တစ်ခုခုသိချင်နေတယ် မဟုတ်လား"

"ဟုတ်တယ် . . . နင့်ကို မေးမလို့၊ ဘယ့်နှယ် မတည့်ပါဘူး၊ နောက်တာပြောင်တာ မကြိုက်ပါဘူး၊ ပညာပြန်ပေးမယ် ဘာမယ်ဆိုတဲ့ မိန်းမက အခုတော့ နှစ်ယောက်သား ကင်တင်းကို အတူတူထိုင်၊ စကားတွေ ဘာတွေပြောလို့၊ အရင်ပြောထားတာတွေ မေ့ကုန်ပြီထင်တယ်၊ ပြောပါဦး"

ကြည်စင်ရွှန်းထင်တော့ ထင်သား။ သည်စကားပဲ ပြောမည်လို့



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ရဲမင်း ကင်တင်းထိုင်တာ ဘယ်သူကမြင်ပြီး 'ဖွ'လိုက်သလဲမသိ။ မေအေးဝင်းက တရားခံမေး,မေးသလို မေးပါသည်။

"နင်တို့လည်း အထူးအဆန်းလုပ်လို့၊ ကင်တင်းမှာ ထိုင်တာပဲ၊ ဘာဖြစ်လဲ . . . ရဲမင်းက အရင်ရောက်နေတယ်၊ ငါက နင်တို့တွေ ဒီလို ပြောမှာစိုးလို့ တစ်ခြားဝိုင်းမှာ ထိုင်မလို့ဟာ၊ ရဲမင်းက သူ့ဝိုင်းမှာ ထိုင်ပါ၊ ရန်မဖြစ်ပါဘူး ပြောတာနဲ့ ဝင်ထိုင်ဖြစ်တာ"

"နေဦး . . . မေအေးဝင်း၊ ငါ သူ့ကိုမေးရဦးမယ်၊ ကြည်စင်ရွှန်း . . . ခါတိုင်းသင်တန်းနောက်ကျလည်း သင်တန်းစာသင်ခန်းထဲ လာနေကျပဲ မဟုတ်ဘူးလား"

သန်းသန်းဆင့်က ထပ်ဆင့်မေးခွန်းထုတ်ပြန်ပါသည်။

"အဲဒီနေ့က အိမ်က ဘာမှစားမလာရလို့ ဗိုက်ဆာလို့ပေါ့"

ကြည်စင်ရွှန်းက စိတ်မရှည်တော့ဘဲ အော်ပြောပစ်လိုက်သည်။

"တိုးတိုးအော်ပါဟဲ့ . . . ဒါနဲ့ မသိလို့ မေးတာနော်၊ နင် အခု နှစ်ရက်သုံးရက်မှာ ခေတ်ဆန်ဆန်မဝတ်ဘဲ ရိုးရိုးယဉ်ယဉ် ဝတ်စားတာ ကကော၊ အခုဝတ်ထားတာလည်းကြည့် ရိုးရိုးပုံစံပဲ၊ နင်မငြင်းနဲ့နော်၊ နင့် မသိစိတ်က ရဲမင်းပြောတဲ့ စကားတွေကို နင်စွဲနေလို့ ဖြစ်ရမယ်"

ခင်သန်းနွယ်ပြောသော စကားကို နားထောင်ပြီးနောက် ကြည် စင်ရွှန်းထံမှ ဘာစကားသံမှ ထွက်မလာဘဲ ငြိမ်ချက်သားကောင်းနေပါ သည်။

"တိတ်ဆိတ်ခြင်းဟာ ဝန်ခံခြင်းတဲ့၊ နင့်ရဲ့မသိစိတ်ထဲက နင် သူ့ကို စိတ်ဝင်စားနေပြီ မဟုတ်လား ကြည်စင်ရွှန်း၊ မရှက်ပါနဲ့ဟ"

"ဟုတ်တယ် . . . မေအေးဝင်း၊ သူ့ကို အရင်က ကြည့်မရဘူး၊ သူနောက်တတ်ပြောင်တတ် ခနဲ့တတ်တာတွေက ကြာလာတော့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရင်ဘဲ ပျင်းသလိုဖြစ်လာတယ်၊ ပြီးတော့ သူပြောတဲ့စကားကို သိပ်ဆန့်ကျင်တာမျိုးတွေ မလုပ်ချင်တော့ဘူး၊ သူအကြံပေးတာမျိုး လိုက်လုပ်ချင်တဲ့စိတ်တွေ ဖြစ်လာတယ်၊ ဘာကြောင့်လဲတော့ မသိဘူး"

"ဟဲ့ . . . အဲဒါ နင်က သူ့ကို ကြိုက်နေလို့ပေါ့"

ခင်သန်းနွယ်က ဖွဲ့ဖွဲ့ပြောချလိုက်ပါသည်။

"ဒါတော့ ငါလည်း မပြောတတ်တော့ဘူးဟာ၊ ဒီစကား ဒီမှာတင်ရပ်တော့၊ ဟိုမှာ ရဲမင်းတို့အုပ်စု လာနေပြီ"

ကြည်စင်ရွှန်းက စကားစကို အမြန်ဖြတ်ခိုင်းလိုက်ပြီးချိန်မှာ ရဲမင်းတို့အုပ်စုက ဆိုင်ထဲသို့ ဝင်လာပါသည်။

"ကျော်စိန်မြင့် . . . တဲ . . . မင်းရဲ့အစွမ်းကို ကြည့်မယ်၊ သန်းသန်းဆင့် ဘာပြောမလဲလို့"

ရောက်ရောက်ချင်းဆိုသလို လေးမောင်က ကျော်စိန်မြင့်ကို စကားစလိုက်သဖြင့် သန်းသန်းဆင့်က . . .

"ကို . . . ဘာကိစ္စရှိလို့လဲ"

"ဒီလို 'ဆင့်'ရေ . . . လာမယ့်တနင်္ဂနွေနေ့ ကိုတို့တစ်တွေ ကျိုက်ထီးရိုးသွားကြမလို့၊ သိန်းမြင့်ဝင်းတို့အိမ်က သွားကြမှာလေ၊ အဲဒီတော့ ဂုိက 'ဆင့်'ဆီလာနိုင်မှာ မဟုတ်ဘူး"

"ဒါပဲလား၊ ကောင်မလေးတွေကော ပါသေးလား"

"သိန်းမြင့်ဝင်းရဲ့ညီမလေးတွေနဲ့ အဒေါ်တွေတော့ ပါတာပေါ့"

"ဒါဆို ကိုလည်း ကျိုက်ထီးရိုးဘုရားက တန်ခိုးကြီးတော့ သတိသက်လွတ်လေးဘာလေး ဘုရားဖူးတဲ့ရက်မှာ စားပါလား၊ ပြီးတော့ ဒိုမှာ ရေစိမ်ပြီးမချိုးနဲ့၊ ရေဖိုးက ဈေးကြီးကကြီးနဲ့၊ အစားအသောက်တွေလည်း ဝယ်မစားနဲ့၊ ဈေးကြီးတာပဲ၊ အားလုံးက ဘုရားကို လှူစားနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက သူငယ်ချင်းတွေ စုသွားတယ်ဆိုပြီး လမ်းခရီးမှာ ခိုးကြောင်ခိုးဝှက် အရက်သောက်မနေနဲ့ဦး၊ နောက်ပြီး . . .”

“ဟဲ့ . . . သန်းသန်းဆင့်၊ နင့်ရဲ့ပညာက်ချက်တွေက မကုန်သေးဘူးလား၊ အဲဒါဆိုလည်း ကျော်စိန်မြင့်ကို ထားခဲ့မယ်”

သန်းသန်းဆင့်မှာကြားတာတွေ နားကြားပြင်းကပ်လာသဖြင့် သိန်းမြင့်ဝင်းက ‘ဘု’တောပါတော့သည်။

“ဟေ့ကောင် ကျော်စိန်မြင့်၊ မင်းက သန်းသန်းဆင့်နဲ့တောင် မယူရသေးဘူး၊ အခုကတည်းက သန်းသန်းဆင့်ပြောသမျှကို တစ်လုံးမှ ပြန်မပြောရဲဘူး၊ မင်းတော့ သူနဲ့ညားရင် မင်းဘဝ ဒီထက်ဆိုးပြီ၊ မညားခင်ကတည်းက မိန်းမကို ကြောက်နေတာ မဟုတ်သေးပါဘူးကွာ၊ ငါတို့ သိက္ခာကျတယ်”

“ဟေ့ကောင် လေးမောင်၊ ဒါ မိန်းမကြောက်တာ မဟုတ်ဘူးကွ၊ ‘ဆင့်’ပြောတာတွေက အမှန်တွေချည်းပဲဟာ”

“အေး . . . အဲဒါကိုက မင်းက သန်းသန်းဆင့်ကို အခုကတည်းက ကြောက်နေပြီ၊ လူတွေရှေ့မှာ မင်းကိုယ်မင်း မလိမ်ချင်ပါနဲ့ကွာ၊ မိန်းမကြောက်တာပဲ ရှက်စရာလား”

“သိန်းမြင့်ဝင်း . . . ဒါကြောက်တာ မဟုတ်ဘူးကွ . . . ချစ်တာ၊ မင်းတို့မှာမှ အချစ်မရှိတာ”

မိန်းမကြောက်သည်ဟု အပြောခံရသော ကျော်စိန်မြင့်က အတင်းကို ခုခံကာကွယ်ပါသည်။

“ရဲမင်း . . . ဒီကောင်တော့ သွားပြီကွာ၊ လမ်းမှာ မောင်းတင်လာတာ သန်းသန်းဆင့်ရှေ့ရောက်တော့ သကြဲန်အမြောက်ဖြစ်နေပြီ”

လေးမောင်ပြောသည့်စကားကို ရဲမင်းက နားထောင်ပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါ . . .

"ကျော်စိန်မြင့်ရဲ့အဖြစ်အပျက်က နိုင်ငံတကာဟာသပုံပြင်တစ်ပုဒ်ထဲကလို ဖြစ်နေတယ်"

"ရဲမင်း . . . ဘယ်လိုဖြစ်တာလဲ၊ ပြောပြစမ်းပါဦး"

စပ်စုတတ်သော မေအေးဝင်းက သိချင်လာသဖြင့် ပြောခိုင်းပါသည်။

"တစ်ခါက သူဌေးတစ်ဦးဟာ မိန်းမကြောက်တဲ့လူ ဘယ်လောက်ရှိသလဲဆိုတာ သိချင်လို့ သင်္ဘောအပြည့်ပဲ ပဲလျှော်တွေကို တင်ပြီးတော့ နွားတစ်ကောင်ပါတင်ပြီး ခရီးထွက်ခဲ့တယ်၊ ရောက်တဲ့နေရာမှာ မိန်းမကြောက်တဲ့သူကို ပဲလျှော်တစ်စေ့ပေးမယ်၊ မိန်းမ,မကြောက်တဲ့သူကို ပါလာတဲ့ နွားတစ်ကောင်ပေးမယ်လို့ သူဌေးကြီးက ဆုံးဖြတ်ထားတယ်၊ ဒီလိုနဲ့ ရောက်လေရာအရပ်မှာ မိန်းမကြောက်တဲ့လူတွေချည်းပဲ တွေ့ရလို့ သင်္ဘောမှာပါလာတဲ့ ပဲလျှော်တွေကို တစ်စေ့ချင်းပေးတာ ကုန်သွားတယ်၊ နွားကတော့ ဘယ်သူ့ကိုမှ မပေးရသေးဘူး၊ ဒါပေမယ့် မထင်မှတ်ဘဲ မိန်းမ,မကြောက်တဲ့ သူကိုတွေ့ရတယ်၊ သူ့ရဲ့အပြောအဆိုကိုယုံလို့ ပါလာတဲ့နွားတစ်ကောင်ကို အဲဒီမိန်းမ,မကြောက်တဲ့လူကို ပေးလိုက်တယ်၊ ဒီလိုနဲ့ ဆိပ်ကမ်းက ခွာခါနီးမှာ စောစောက မိန်းမ,မကြောက်တဲ့လူက နွားဆွဲပြီး ပြန်လာတယ်၊ ဒီတော့ သူဌေးကြီးက ဘာဖြစ်လို့လဲမေးတော့ နွားပြန်လဲချင်လို့တဲ့၊ သူ့မိန်းမက ဒီနွားအရောင်မကြိုက်ဘူးတဲ့၊ ဒီတော့ သူဌေးကြီးက နွားပြန်တောင်းပြီး မိန်းမကြောက်တဲ့ အဲဒီလူကို ပဲလျှော်လည်း ပေးစရာ မရှိတော့ဘူး၊ နွားလည်း ပြန်မရတော့ဘူး၊ ဘဝမှာ မိန်းမကို နှစ်ခါပြန်ကြောက်တဲ့သူဆိုပြီး ပြောလိုက်တယ်၊ အခု ကျော်စိန်မြင့်လည်း သန်းသန်းဆင့်ကိုမယူခင် တစ်ခါကြောက်၊ ယူပြီးရင် တစ်ခါထပ်ကြောက်ရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ပုံပြင်ထဲက လူလိုပေါ့ကွာ"

ရဲမင်းစကားအဆုံး ဝိုင်းရယ်ကြပါသည်။

"ရဲမင်း . . . မင်း ငါ့ကို ဒေါက်ဖြုတ်တာ မင်းအလှည့်ကြမှ ကြည့်ဦးမယ်"

ကျော်စိန်မြင့်က မကျေမနပ်နှင့်ပြောရင်း မသိမသာ ကြည်စင်ရွှန်းကို ကြည့်လိုက်သည်။ ကြည်စင်ရွှန်း၏မျက်နှာမှာ ရဲမင်းပြောသည့် စကားကို နားထောင်လိုက်ရသဖြင့် ကျေနပ်ကြည်နူးနေပုံမျိုး ရပါသည်။ ထိုအခါ ခင်သန်းနွယ်က . . .

"ကျော်စိန်မြင့်ရယ် . . . နင်နဲ့ ငါ့အစ်မတစ်ဝမ်းကွဲယောက်ျားနဲ့က ပြောင်းပြန်ပဲ၊ ငါ့အစ်မများ သူ့ယောက်ျားကိုကြောက်ပြီး ချစ်လိုက်ပုံများ ယောက်ျားလုပ်တဲ့သူကို ဘာအလုပ်မှ မလုပ်ခိုင်းဘူး၊ သူက အလုပ်လုပ်တယ်၊ ယောက်ျားက အလုပ်လက်မဲ့ဘဝနဲ့ အိမ်မှာ ချက်တာ၊ ပြုတ်တာ၊ လျှော်တာ ပြောမနေနဲ့ ငါ့အစ်မတာဝန်တွေ သူက အကုန်ယူလိုက်တာ၊ ကျော်စိန်မြင့် . . . နင်ကော အဲဒါမျိုး မဖြစ်ချင်ဘူးလား"

"အဲဒါ နင့်ယောက်ျားကြမှ လုပ်ခိုင်း"

ကျော်စိန်မြင့်က ခင်သန်းနွယ်ကို ပြန်လည်ချေပတာ ကျန်သူတွေက ပြုံးလို့နေပါသည်။ ကြည်စင်ရွှန်းတစ်ယောက် တွေးမိပါရဲ့။ ကမ္ဘာပေါ်မှာ မိန်းမကြောက်သူတွေကို စာရင်းကောက်လျှင် ကောက်မှကောက်နိုင်ပါ့မလား ဆိုတာပါပဲ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

ဝေးသွားလို့
ဆူးရှတဲ့ စကားလုံးတွေက
ဘာဖြစ်လို့များ
ကျွန်မအတွက်ကြတော့
ကတ္တီပါလို့ နူးညံ့နေရပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကင်တင်းမှာ ကြည်စင်ရွှန်းတစ်ယောက် ငရဲကျသလိုမျိုး ခံစားနေရပါသည်။ သင်တန်းသို့လာတာ အိမ်က ဘာမှမစားခဲ့ရသဖြင့် သင်တန်းမတက်ခင် တစ်ခုခုစားဦးမည်ဆိုပြီး စားနေတုန်းရှိသေး၊ သင်တန်းမှ ကြည်စင်ရွှန်းထက် အသက်ဆယ်နှစ်ခန့်ကြီးမည့် သင်တန်းဆရာဦးဝင်းမောင်ထွန်းက ကြည်စင်ရွှန်းရှိနေသော စားပွဲဝိုင်းမှာ ဝင်ထိုင်ပါသည်။ ကြည်စင်ရွှန်း တော်တော်စိတ်ပျက်သွားပါသည်။ ထိုဦးဝင်းမောင်ထွန်းဆိုသော သင်တန်းဆရာက ကြည်စင်ရွှန်း၏အစ်မကြီးနှင့် မိတ်ဆွေဆွေဖြစ်သည်။ ထို့အပြင် သူက 'တက်ကျမ်း'စာအုပ်လေး၄ါးအုပ် ရေးသားထုတ်ဝေပြီး ဖြစ်သည်။ ထို့ကြောင့် သူ့ကိုယ်သူ စာရေးဆရာဆိုပြီး နားထောင်သွေးရောက်ကာ သူနှင့်တွေ့သူမှန်သမျှ စကားကြီးစကားကျယ်တွေကိုလည်း ပြောတတ်သေးသည်။ သည့်ထက်ဆိုးတာက သူက လူပျိုကြီးဖြစ်သည့်အပြင် ကြည်စင်ရွှန်းကိုလည်း ပိုးပန်းနေသူဖြစ်သည်။ အိမ်ကို အစ်မ


www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်သူအား အကြောင်းပြပြီး လာတတ်သဖြင့် သူလာတိုင်း ကြည်စင်ရွှန်းက အကြောင်းအမျိုးမျိုးပြကာ လစ်ထွက်ရသည်။ ဟော . . . အခု တော့ တည့်တည့်တိုးတာ ရှောင်လို့မရဘဲ နားဒုက္ခခံစားနေရပြီ ဖြစ်သည်။

"အဲဒါပဲ ကြည်စင်ရွှန်းရယ်၊ ဆရာ့မှာ သင်တန်းကတစ်ဖက်၊ လူငယ်တွေ ဦးနှောက်ယိုစီးမှုမဖြစ်ဖို့အတွက် သူတို့ကို ဘယ်လိုနည်းပေး လမ်းညွှန်ရမလဲ လုပ်ရတာ၊ စဉ်းစားရတာက တစ်ဖက်နဲ့ နားရမှန်းတောင် မသိဘူး၊ စာကလည်း ညဖက်တွေ ရေးရဆိုတော့ အိပ်ရေးတွေလည်း ပျက်တာများနေပြီ၊ အိမ်ရှင်မရှိရင်တော့ တစ်မျိုးပေါ့ကွာ"

ဆရာဦးဝင်းမောင်ထွန်းက ကြည်စင်ရွှန်းအား စောင်းပါးရိပ်ခြေ စကားစပစ်လိုက်တာကို ကြည်စင်ရွှန်းက မသိချင်ယောင်ဆောင်ပြီး ရေနွေးတစ်ခွက်ငှဲ့လိုက်သည်။

သည်လောက်စကားများသည့်လူကို ရေနွေးတစ်ခွက်ပြီးတစ်ခွက် ကို တိုက်မည်လို့။ ဒါမှ စကားမပြောနိုင်မှာဆိုပြီး ကြည်စင်ရွှန်းက . . .

"ဆရာ . . . ရေနွေးသောက်ပါဦး"

"လူငယ်တွေအကြောင်း ကြည်စင်ရွှန်းနဲ့ စကားပြောရတော့ အာခေါင်ခြောက်မှန်းတောင် မသိဘူး"

ကြည်စင်ရွှန်းပေးသော ရေနွေးပန်းကန်လုံးကို ဆရာဦးဝင်း မောင်ထွန်းက ယူလိုက်ပြီး ပြောရင်းက ရေနွေးကို မော့သောက်လိုက် သည်။

"အား! . . . ပူလိုက်တာ"

"အား! . . . လား! . . . လား! . . . လား!"

ဦးဝင်းမောင်ထွန်းကိုကြည့်ပြီး ကြည်စင်ရွှန်း ရယ်ချင်သော မနည်း မျိုသိပ်လိုက်ရသည်။ ဦးဝင်းမောင်ထွန်းခမျာ စကားပြောချင်ဇောအား



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ရေနွေးကို ပူသလား၊ မပူသလားတောင် မသိဘဲ နမော်နမဲ့နိုင်လိုက်တာလို့။

"ဆရာကလည်း ရေနွေးက ဓါတ်ဗူးထဲကနေ ငှဲ့ပေးတာ၊ ဒီလောက်ပူတဲ့ဟာ"

"အေးကွာ . . . ဦးနှောက်ထဲမှာ အာရုံတွေကများတော့ ရေနွေးပူသလား၊ အေးသလားတောင် မသိလိုက်ဘူး"

ဦးဝင်းမောင်ထွန်းက အရှက်ပြေစကားကို ပြောနေစဉ်မှာ ကြည်စင်ရွှန်းအဖို့ တစ်စုံတစ်ယောက်ကို မြင်လိုက်ရသဖြင့် အတော်ဝမ်းသာသွားပါသည်။ သူမအတွက် ကယ်တင်ရှင်လာပြီလို့။

"ရဲမင်း . . . လာ . . . ဒီမှာထိုင်"

ကင်တင်းထဲသို့ ဝင်လာသော ရဲမင်းကို ကြည်စင်ရွှန်းက လှမ်းခေါ်လိုက်ပြီး ဝင်ထိုင်ခိုင်းပါသည်။ ကြည်စင်ရွှန်းနားမှာ ထိုင်နေသော ရဲမင်းအား ဦးဝင်းမောင်ထွန်းက အကဲခတ်လိုက်ပါသည်။

"ဆရာ . . . ဒါ ကျွန်မရဲ့သူငယ်ချင်း ရဲမင်းတဲ့၊ ဒီသင်တန်းကပဲ"

"ရဲမင်း . . . ဒါက ဒီသင်တန်းက ဆရာဦးဝင်းမောင်ထွန်းတဲ့၊ တို့အစ်မရဲ့မိတ်ဆွေပေါ့၊ ဆရာက မောင်ကျေးဇူးကလောင်အမည်နဲ့ တက်ကျမ်းတွေ ရေးတယ်၊ စာအုပ်တွေ ထွက်တယ်"

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ"

ရဲမင်းက ဦးဝင်းမောင်ထွန်းကို လက်ဆွဲနှုတ်ဆက်လိုက်သည်။

"ဝမ်းသာပါတယ်ကွာ၊ မင်းတို့လို လူငယ်တွေ အခုလိုချိန်ခါ ဒီလိုနည်းပညာခေတ်မှာ ဒီမှာရှိတဲ့ သင်တန်းကိုလာတက်တာ အကျိုးမယုတ်ပါဘူး၊ အေး . . . တစ်ဖက်ကလည်း ကိုယ့်ဘဝရဲ့ကြီးပွားမှုအတွက် ရှာကြံရမှာပဲ၊ ကမ္ဘာပေါ်မှာတော့ ဒီလိုကြီးပွားမှုအတွက် လူငယ်တွေက တက်



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းစာအုပ်တွေကို ဖတ်ကြတယ်၊ ဒါကြောင့် ဆရာလည်း မြန်မာပြည်က လူငယ်တွေ တက်ကျမ်းတွေဖတ်ရင်း သူတို့အနာဂတ်တွေ လှပပါစေဆိုပြီး တက်ကျမ်းတွေ ရေးဖြစ်နေတာ၊ လူငယ်တွေအတွက် လမ်းပြဆရာပေါ့ကွာ"

ကိုယ်ရည်သွေးတီးလုံးတီးသလိုမျိုး ကြွားနေသည့် ဦးဝင်းမောင်ထွန်းကိုကြည့်ပြီး ရဲမင်းနားကလောလာပါသည်။

"ကျွန်တော်သိသလောက်ကတော့ တက်ကျမ်းတွေဟာ လူငယ်တွေရဲ့နယ်ပယ်မှာ နေရာတိုင်းတော့ အသုံးဝင်မှာ မဟုတ်ဘူး၊ အမေရိကတို့ ဥရောပတို့မှာ ထုတ်ဝေတဲ့ တက်ကျမ်းတွေက သူတို့နိုင်ငံရဲ့နိုင်ငံရေးနောက်ခံ၊ စီးပွားရေးနောက်ခံ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ လိုက်လျောညီထွေစွာ ဖြစ်တည်နေတာ၊ ကျွန်တော်တို့က အဲဒီတက်ကျမ်းတွေ ဒီမှာ ပုံတူကူးချပြီး လိုက်လုပ်လို့က ဖြစ်မယ်မထင်ဘူး၊ နိုင်ငံရဲ့အထွေထွေကွာခြားချက်တွေ ရှိတယ်လေ၊ ကြွက်သေတစ်ခုအရင်းပြုပြီး သူဌေးဖြစ်တာက ဟိုးပဝေသဏီက ဖြစ်ပေမယ့် ဒီခေတ်မှာ အဲဒါမျိုး ဘယ်ဖြစ်လို့ရမလဲ၊ ကြွက်သေတွေ့ရင် အမှိုက်ပုံသာ သွားပစ်ပေတော့၊ နို့မို့ဆို ပလိပ်ရောဂါဖြစ်သွားမှာပေါ့ . . . ဟုတ်ဖူးလား"

ရဲမင်းစကားကြောင့် တက်ကျမ်းများရေးသားသော ဦးဝင်းမောင်ထွန်းတစ်ယောက် သူ့ကို ဝေဖန်သည်ထင်ပြီး ဒေါသထွက်သလိုမျိုး ဖြစ်သွားပါသည်။

"မင်း . . . ဆရာရေးတဲ့ တက်ကျမ်းစာအုပ်တွေကော ဖတ်ဖူးလား"

ဦးဝင်းမောင်ထွန်းက ရဲမင်းကို မေးသည့်အခါ . . .

"ဟာ . . . သိပ်ဖတ်တာပေါ့ ဆရာရယ်၊ ဆရာ့ရဲ့စာအုပ်တွေက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့မရှိမဖြစ် အပေါ်မွန်ပဲ၊ အဲဒီအတွက် ဆရာ့ကို မခြင်ဘူးခင်ကတည်းက ဆရာ့ကို ကျေးဇူးတင်နေရတာ"

ရဲမင်းစကားကြောင့် ဦးဝင်းမောင်ထွန်း စောစောကလိုမဟုတ်ဘဲ မျက်နှာအမူအရာက ပြောင်းသွားပါသည်။

"နေပါဦးကွ . . . ဆရာ့စာအုပ်တွေက ဘာထူးခြားလို့လဲ"

"ထူးခြားတာပေါ့ ဆရာရယ်၊ တစ်နေ့လုံး ကျွန်တော်ပင်ပန်းလာခဲ့သမျှတွေ ဆရာ့စာအုပ်တွေကို လေးငါးမျက်နှာလောက် ဖတ်လိုက်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်သွားတာပဲ၊ ဆရာ့ရဲ့စာအုပ်တွေက ညအခါမှာတော့ ကျွန်တော့်အတွက် မရှိမဖြစ်အရာပါပဲ"

"ဘာ . . . အိပ်ပျော်သွားတယ် . . . ဟုတ်လား"

ဦးဝင်းမောင်ထွန်းတစ်ယောက် ရဲမင်းစကားကြောင့် အတော်အခံရခက်သွားသလားမသိ။ မျက်နှာက ရှုံ့မဲ့သွားသည်။

"ကြည်စင်ရွှန်း . . . ဆရာသွားမယ်၊ ခက်တာပဲ လူငယ်တွေများ"

ကောက်ခါငင်ကာ ဦးဝင်းမောင်ထွန်းက ထွက်သွားသဖြင့် ကြည်စင်ရွှန်းအတော်ပျော်သွားပါသည်။

"ရဲမင်းရယ် . . . ကျေးဇူးတင်လိုက်တာ၊ ရဲမင်းပြောလိုက်တာ ဦးဝင်းမောင်ထွန်းတော့ တော်တော်အထိနာသွားတယ်"

"ဘယ်လိုဖြစ်လို့လဲ"

ကြည်စင်ရွှန်းက အဖြစ်မှန်အစအဆုံးကို ရှင်းပြတော့ ရဲမင်းကရယ်ပါသည်။

"ကဲပါ . . . ကျွန်မကို နားဒုက္ခက ကယ်တင်တဲ့အတွက် လက်ဖက်ရည်တိုက်မယ်"

ရဲမင်းက မငြင်းပါ။ ကြည်စင်ရွှန်းကတော့ ရဲမင်းလက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



သောက်နေတာကိုကြည့်ပြီး စောစောက ရဲမင်းပြောခဲ့သော အကြောင်းအရာတွေကို စဉ်းစားသုံးသပ်နေမိပါသည်။ သည်လိုကျတော့လည်း ရဲမင်းပြောတာ မှန်နေပါလားကွယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အထင်ကြီးလို့
ချီးမွမ်းချင်ပါတယ်ဆိုမှ
ဓမ္မကပေါက်ပေါက်လာတာ
သူ့ဝသီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

သင်တန်းမှာ ရဲမင်းကို မတွေ့ရသည်မှာ သုံးလေးရက်ရှိပြီဖြစ်သည်။ ရဲမင်း၏သူငယ်ချင်းတွေကို မေးဖို့ကြပြန်တော့လည်း သူတို့က နောက်ကြပြောင်ကြမှာစိုးသဖြင့် မမေးမိ။ သည်ကြားထဲ ကြည်စင်ရွှန်းက ကိုယ့်ကိုယ်ကို အပြစ်တင်နေမိသည်။ ရဲမင်းနှင့် သည်လောက်တွေ့တာ ဘာဖြစ်လို့ ကိုယ့်ဖုန်းနံပါတ်လည်း သူ့ကိုမပေး၊ သူ့ဖုန်းနံပါတ်လည်း ကိုယ်က မတောင်းလို့ပါ။ အကယ်၍ ရဲမင်းဖုန်းနံပါတ်သိလျှင် ဖုန်းဆက်ပြီး မေးရုံပဲ ဖြစ်သည်။ သေချာတာက ရဲမင်းသူငယ်ချင်းတွေကတော့ သိလိမ့်မည်။ သည်နေ့တော့ ပြောချင်ရာပြောကြပလေ့စေ၊ ရဲမင်းဖုန်းနံပါတ်တော့ တောင်းဦးမည်ဟု . . .။

နေ့လယ်ထမင်းစားချိန်တွင် သူငယ်ချင်းမတွေနှင့် ကင်တင်းသို့ ရောက်လာသောအခါ မထင်မှတ်ဘဲ ရဲမင်းနှင့် သူငယ်ချင်းတွေကို တွေ့လိုက်ရသဖြင့် ကြည်စင်ရွှန်းစိတ်ထဲမှာ ပျော်သွားပါသည်။ ရဲမင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော စားပွဲဝိုင်းမှာ အားလုံးဝင်ထိုင်လိုက်စဉ် ကြည်စင်ရွှန်းက ရဲမင်းကို အကဲခတ်လိုက်သောအခါ သည်ရက်တွေထဲမှာ ရဲမင်းတစ်ယောက် အတော်ပိန်သွားသလိုမျိုး တွေ့ရသည်။

"ရဲမင်း . . . နင်ပျောက်နေတာ ဘာလဲ . . . အိမ်တွင်းအောင်းနေတာလား"

ကြည်စင်ရွှန်းမေးချင်သော မေးခွန်းကို စပ်စုမမေအေးဝင်းက မေးလိုက်သည်။

"နည်းနည်းနေမကောင်းဖြစ်လို့ပါ၊ ဒါကြောင့် ဒီနေ့မှ သင်တန်းလာဖြစ်တာ"

"ရဲမင်း . . . အစာလေးဘာလေး နလန်ထအောင် စားဦးနော်၊ ဒါမှအားရှိမှာ၊ နင်မရှိတော့ နင့်ရဲ့ထေ့သံငေါ့သံလေးတွေ မကြားရတော့ လွမ်းသား၊ ဒီအထဲမှာ တစ်ယောက်ကဆို ပိုတောင်ဆိုးသေးတယ်၊ သူ့ကိုယ်သူ ဘာမှမဖြစ်သလိုနေတာ၊ သူ့အမူအရာတွေက လိမ်လို့မရမှန်း မသိဘူး"

"ခင်သန်းနွယ် . . . အဲဒါဘယ်သူလဲ"

"ဘယ်သူရမှာလဲ လေးမောင်ရဲ့ . . . ဟွန်း"

လေးမောင်အား ခင်သန်းနွယ်က ကြည်စင်ရွှန်းကို မသိမသာ မေးငေါ့ပြပါသည်။

"ဟဲ့ . . . နင်တို့ မစနဲ့နော်"

"စတာမဟုတ်ဘူး၊ ဟုတ်နေတာကို ပြောတာ"

ကြည်စင်ရွှန်းက ရှက်သလိုဖြစ်သွားပြီး ငြင်းတာကို ခင်သန်းနွယ်က အသံကျယ်ကျယ်နှင့် ပြောလိုက်ပါသည်။

"ကဲပါ . . . စကားများမနေနဲ့၊ မှာစရာရှိတာမှာ၊ ဟိုမှာ ကျော်



www.burmeseclassic.com

www.burmeseclassic.com



စိန်မြင့်နဲ့ သန်းသန်းဆင့်ကတော့ တွေ့လား . . . ဘာမှနားမထောင်ဘဲ သူတို့အလုပ် သူတို့လုပ်နေတာ"

မေအေးဝင်းက ထမင်းဗူးဖွင့်ပြီး စားနေကြသော ကျော်စိန်မြင့်နှင့် သန်းသန်းဆင့်တို့အား လက်ညှိုးထိုးပြောလိုက်သည်။ မေအေးဝင်း ပြောသလိုပါပဲ။ သူတို့နှစ်ယောက်က ပတ်ဝန်းကျင်မှာ သူတို့ပဲ ရှိသည့်အလား ထမင်းနှင့်ဟင်းကို နတ်သုဒ္ဓါအမှတ်ဖြင့် အပီဆွဲနေပါသည်။

"စားပြီးသောက်ပြီးသွားတော့ ဖျင်းတယ်၊ ဒီတော့ ငါမေးခွန်းတစ်ခုမေးမယ်၊ ကျော်စိန်မြင့် . . . မင်းဖြေ"

အားလုံးစားပြီးသောက်ပြီးသောအခါ သိန်းမြင့်ဝင်းက စကားစလိုက်ပြီး ကျော်စိန်မြင့်ကို ပြောပါသည်။

"သိန်းမြင့်ဝင်းရာ . . . မင်းတော်တော်ပွားတာပဲ၊ ဒီမှာ စားပြီးသောက်ပြီး ရေနွေးကြမ်းသောက်ပြီး ကိုယ့်ရည်းစားမျက်နှာ ကိုယ်ကြည့်မလို့ဟာ"

"အေး . . . အခု ငါမေးမှာကလည်း မင်းနဲ့ မင်းရည်းစားသန်းသန်းဆင့်ကို ဦးတည်ပြီး မေးရမှာပဲ"

"မင်းက သန်းသန်းဆင့်ကို နမ်းမှာပဲ၊ အာဝါးပေးမှာပဲ၊ မညာနဲ့နော်"

"ဟေ့ကောင် . . . ဒါ ပြောစရာ မေးစရာလား၊ 'ဆင့်'ရှက်နေလိမ့်မယ်၊ ဒါက လူတိုင်းသိတယ်၊ understood ပဲဟာ"

"အေး . . . မင်းပြောတဲ့ understood ပဲဆိုပါတော့ကွာ၊ ဒါဖြင့်ရင် ကမ္ဘာပေါ်မှာ ကိုယ့်ချစ်သူကို မြတ်မြတ်နိုးနိုးနဲ့နမ်းတာ ဘယ်သူဟာ အကျွမ်းကျင်ဆုံးလဲ၊ ငါမသိလို့ မေးတာ"

"ဟေ့ကောင် . . . သိန်းမြင့်ဝင်း၊ ဒီမေးခွန်းကို ငါမေးမဲ့ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီမကို မေးကြည့်၊ သူ့ရဲ့ရည်းစားက ဘယ်လိုနမ်းလဲ၊ ကျွမ်းကျွမ်းကျင်ကျင် ဘယ်လောက်ထိရှိလဲ၊ ကမ္ဘာ့သတ်မှတ်ချက် ဘယ်လောက်လဲလို့"

"သွားပါပြီကွာ . . . ငါ့စကားနဲ့ ငါတော့ ပြန်ထိပြီ"

သိန်းမြင့်ဝင်းတစ်ယောက် ကျော်စိန်မြင့်စကားကြောင့် ကိုယ့်နဖူးကိုယ် လက်နှင့်ရိုက်လိုက်ပါသည်။

"ရဲမင်း . . . မင်းကော သိလား၊ မင်းသိမှာ မဟုတ်ပါဘူး၊ မင်းက ရည်းစားမှမရှိတာ"

အရေးထဲ ကိုယ့်ဖာသာကိုယ်နေသော ရဲမင်းအား သိန်းမြင့်ဝင်းက သူ့အမှုထဲဆွဲသွင်းလိုက်ပါသေးသည်။

"သိန်းမြင့်ဝင်း မှတ်ထား၊ မင်းရဲ့ညီမကိုလည်း ပြောပြလိုက်၊ ကမ္ဘာပေါ်မှာ အနမ်းနိုင်ဆုံးနဲ့ အနမ်းကို အကျွမ်းကျင်ဆုံး၊ အကောင်းဆုံးနမ်းနိုင်တဲ့သူက ကားဒရိုင်ဘာတွေပဲ၊ သူတို့က ခါတ်ဆီ၊ ဒီဇယ်ဆီကို ပိုက်နဲ့ နေ့စဉ်စုပ်နေရတော့ အကျင့်ပါနေပြီ၊ မယုံရင် ကားဒရိုင်ဘာမိန်းမတွေ မေးကြည့်ပါလား"

ရဲမင်းစကားကြောင့် အားလုံးဝိုင်းရယ်ကြပါသည်။

"ရဲမင်းရယ် . . . နင်ကတော့ ပေါက်ပေါက်ရှာရှာ ပြောရော့မယ်၊ အဲဒါကြောင့်လည်း နင့်ကို လွမ်းနေကြတာ၊ ဒီအသံမျိုးကို ကြားချင်လို့"

မေအေးဝင်းက ချီးကျူးစကားဆိုပါသည်။ ကြည်စင်ရွှန်းက ရဲမင်းကို သတိရသည့်အထဲမှာ သည်လိုကြံကြံဖန်ဖန် တွေးတတ်ပြောတတ်တာတွေကြောင့်လည်း ဖြစ်ပါသည်။

"ကဲ . . . သင်တန်းချိန်ပြန်စဖို့တောင် နီးနေပြီ၊ သွားရအောင်"

အားလုံးစကားဝိုင်းဖွဲ့လို့ အချိန်နည်းနည်းကြာလာသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းချိန်ပြန်စမှာမို့ မေအေးဝင်းက သတိပေးပြီး စားထားသော ကျသင့်ခငွေများကို အသီးသီးပေးလိုက်ကြသည်။ ထို့နောက် တင်တင်း ကနေ သင်တန်းခန်းမဆီသို့ လာခဲ့ကြသည်။ မေအေးဝင်းနှင့် ခင်သန်းနွယ် က ရှေ့က သုတ်သုတ်နှင့်သွားသလို သန်းသန်းဆင့်နှင့် ကျော်စိန်မြင့်က လည်း သူတို့နောက်ကနေ လိုက်လို့။ လေးမောင်နှင့် သိန်းမြင့်ဝင်းက အပေါ့သွားချင်သည်ဟုဆိုပြီး လမ်းခွဲသွားသည်။ ကြည်စင်ရွှန်းနှင့် ရဲမင်း တို့နှစ်ယောက်ကတော့ ရှေ့ကသွားသူတွေနောက်ကနေ ဘေးချင်းယှဉ် လျှောက်လာကြသည်။

"ကြည်စင်ရွှန်း . . . နက်ဖြန်အင်းလျားကန်ပေါင်ရိုးမှာ မနက် ဆယ်နာရီလောက် စောင့်နေမယ်"

မထင်မှတ်ဘဲ ရဲမင်းပြောလိုက်သည့် စကားကြောင့် ကြည်စင် ရွှန်းအံ့အားသင့်သွားပါသည်။

"ဘာပြောစရာရှိလို့လဲ၊ ဒီမှာ ပြောလို့ မရဘူးလား"

"ဟုတ်တယ် . . . ဒီမှာပြောလို့ မဖြစ်လို့၊ ကျွန်တော့်မှာ ကြည် စင်ရွှန်းကိုပြောဖို့ စကားတစ်ခွန်းရှိနေတယ်၊ ပြောဖို့က ရက်နည်းနည်း ကြာကတည်းကပဲ"

"ဟုတ်ပြီလေ . . . မနက်ဖြန်ကျရင် ရဲမင်းဘာပြောမလဲ၊ ကျွန်မ လည်း ရဲမင်းပြောမယ့်စကားအတွက် ဖြေဖို့စောင့်နေတာ ရက်နည်းနည်း ကြာခဲ့ပြီ"

"ကြည်စင်ရွှန်းက ဘယ်ဆိုးလို့လဲ ကျွန်တော်ပြောတာကို ထပ် တူညီအောင် ပြောတတ်သားပဲ၊ ဒါဆို ကျွန်တော်သွားမယ်၊ သင်တန်း မတက်တော့ဘူး"

ရဲမင်းက ကြည်စင်ရွှန်းအနားက ထွက်သွားပါသည်။ ကြည်စင်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းက ခပ်လှမ်းလှမ်းရောက်မှ နောက်လှည့်ကြည့်သောအခါ သစ်ပင်တစ်ပင်၏ပင်စည်ကို လက်ကကိုင်ပြီး နှပ်ညှစ်နေသလား သို့မဟုတ် ချောင်းဆိုးလို့ တံတွေးထွေးနေသလား မသိပါ။

နက်ဖြန်တော့ ရဲမင်းပြောမည့်စကားတွေကို သူမကြိုသိနေတယ်ဆိုတာ ရဲမင်းဘယ်မသိဘဲ နေပါ့မလဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ပျားရည်ပင်လယ်မှတ်လို့
ခုန်ချလိုက်ပါတယ်၊
တကယ်တော့
မီးပင်လယ်ကြီးပါလား!!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သည်နေ့ကျမှ နေကမပူဘဲ မိုးသားတွေက အနည်းငယ် အုပ်ဆိုင်းနေသည်။ အင်းလျားကန်ပေါင်ရိုးမှာ ညနေခင်းလောက် လူကမများဘဲ ရှင်းနေသည်။ ကန်ပေါင်ပေါ်က ထိုင်ခုံတွေမှာလည်း ထိုင်ခုံအလွတ်တွေက အတော်များသည် ညနေခင်းဆိုလျှင်တော့ ထိုထိုင်ခုံတွေ ဘယ်လူလွတ်ပါ့မလဲ။ စုံတွဲတွေနှင့် ပြည့်နှက်နေလို့ မိသားစုတွေ အင်းလျားကန်ပေါင်ရိုးသို့ အလည်အပတ်လာသူတွေတောင် ထိုင်စရာနေရာမရှိ။ ကြည်စင်ရွှန်းက ကားကို အင်းလျားကန်ပေါင်ရိုး စားသောက်ဆိုင်တွေရှေ့မှာ ရပ်တန့်ပြီး လမ်းလျှောက်လာခဲ့သည်။ လမ်းလျှောက်နေရင်း သူမရင်တွေ ခုန်နေပါသည်။ ရဲမင်းက သူမကိုပြောမည့် စကားအတွက် အဖြေပေးရမည့် သူမဘဝမှာ တစ်ခါဖူးမှ အတွေ့အကြုံမရှိသည့်အတွက် နည်းနည်းတော့ ရှက်လည်းရှက်နေမိသည်။ သို့သော် သူမမျှော်လင့်ထားသလိုတစ်နေ့နေ့၊ တစ်ချိန်ချိန်မှာတော့ ရဲမင်းက သူမအား တစ်နည်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်း ပြောလာမှာပဲလို့ စောင့်ခဲ့ရပါသည်။ အခုတော့ သူမဆန္ဒတွေ ပြည့်ဝခဲ့ရပါပြီ။

အင်းလျားကန်ရေပြင်သည် တည်ငြိမ်လို့နေသည်။ အင်းလျားကန်ရေပြင်၏ ဟိုးခပ်ဝေးဝေးဆီမှာ လှေတစ်စီးက ဒိုက်ဖတ်တွေကို ဆယ်နေသည်။ ရေကန်အစပ်က ခုံတန်းလျားတွေကို တစ်ခုံချင်းစီ ကြည်စင်ရွှန်းလျှောက်ကြည့်နေမိသည်။

ဟော . . . တွေ့ပြီ။ IBC အဆောက်အဦခြံစည်းရိုးနားလမ်းကနေ အင်းလျားကန်ပေါင်ရိုးဆီသို့ လာသည့်လမ်းအနီးရှိ ခုံတန်းလျားအလွတ်သုံးလုံး၏ ခုံတန်းလျားတစ်လုံးတွင် ရဲမင်းတစ်ယောက် အင်းလျားကန်ရေပြင်ကြီးကိုကြည့်ပြီး ကိုင်နေသည်။ ရဲမင်းတစ်ယောက် ကန်ရေပြင်ကိုကြည့်ပြီး ဘာတွေတွေးနေသလဲ မသိ။

"ရဲမင်း . . . ရောက်နေတာ ကြာပြီလား"

ကြည်စင်ရွှန်းက ရဲမင်းအနားသို့ ရောက်သောအခါ နှုတ်ဆက်လိုက်သဖြင့် ရဲမင်းက နောက်လှည့်ကြည့်လိုက်ပြီး . . .

"ဆယ့်ငါးမိနစ်လောက်ရှိပြီ"

ရဲမင်း၏အသံက ခါတိုင်းလိုမမာဘဲ လေသံက ပျော့နေသည်။ မျက်နှာကလည်း အိပ်ရေးပျက်လို့လားမသိ၊ 'ချောင်'ကျနေသည်။ ကြည်စင်ရွှန်းထင်ပါသည်။ ညက ရဲမင်းတစ်ယောက်မအိပ်ဘဲနှင့် သူမအကြောင်း စဉ်းစားနေလို့များလား မသိပါ။

"ထိုင်လေ . . . ဘာဖြစ်လို့ မတ်တပ်ကြီးရပ်နေတာလဲ"

ကြည်စင်ရွှန်းက ရဲမင်း၏အနီးအနားမှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ နှစ်ယောက်သား ဘာစကားမှမပြောဖြစ်ဘဲ အင်းလျားကန်ရေပြင်ကိုသာ ကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲမင်း . . . ရှင် ကျွန်မကိုပြောဖို့ စကားတစ်ခွန်းရှိတယ်ဆို ပြောလေ၊ ဘာစကားပြောမှာမို့လို့ ဒီကိုခေါ်ရတာလဲ"

နှစ်ယောက်သား တိတ်ဆိတ်ခြင်းကို ကြည်စင်ရွှန်းက စတင်ပြီး ဖြိုခွဲလိုက်သည်။

"ဟုတ်ပါတယ်၊ အရေးကြီးတဲ့ စကားပါ။ အရေးကြီးတဲ့စကားဆိုတာထက် ကျွန်တော်တန်ဖိုးထားပြီး ပြောမယ့်စကားပါ။ ကျွန်တော်ပြောလိုက်လို့ စိတ်ဆိုးမှာလည်း ကြောက်မိတယ်"

ရဲမင်းစကားနားထောင်နေသော ကြည်စင်ရွှန်းတစ်ယောက် ရဲမင်း၏ကျောပြင်ကို လက်သီးဆုပ်ဖြင့် ထုသာထုလိုက်ချင်ပါသည်။ ပြောချင်သည့်စကားကို 'တန်း'ပြီး ပြောပါတော့လား။ ဟိုလိုဒီလို ဝေ့ဝိုက်ပြီး ပြောနေလို့ ဖြစ်ပါသည်။

"ဟုတ်ပါပြီ . . . ကျွန်မလည်း ဖြေဖို့စောင့်နေပါတယ်၊ ပြောမှာသာ ပြောပါ"

ကြည်စင်ရွှန်းက စိတ်မရှည်သလိုမျိုး လေသံဖြင့် ပြောလိုက်သည့်အခါ . . .

"ကျွန်တော်နဲ့ ကြည်စင်ရွှန်းက မထင်မှတ်ဘဲ ကျွန်တော့်ရဲ့နောက်ပြောင်မှုကနေ ဘုဘောက်ကျရင်း ရင်းနှီးခဲ့ကြတယ်၊ အဲဒီမှာ ကျွန်တော့်ရဲ့မသိစိတ်က ကြည်စင်ရွှန်းကို စိတ်ဝင်စားလာခဲ့တယ်၊ ကျွန်တော် အခုပြောမယ့်စကားက ကျွန်တော့်ဘဝနဲ့ရင်းပြီး ပြောတာ၊ ဒီစကားပြောဖို့ စဉ်းစားပါသေးတယ်၊ အခါခါပါ။ ဒီစကားက ကြည်စင်ရွှန်းနဲ့ ကျွန်တော့်ရဲ့ဘဝမှာ ဒီစကားတစ်ခွန်းကြောင့် အပြောင်းအလဲကြီး ပြောင်းသွားနိုင်တယ်"

"ဘယ်လိုပြောင်းလဲသွားမှာလဲ . . . ရဲမင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြည်စင်ရွှန်း၏ မျက်လုံးထဲမှာတော့ ရှေ့မှာရှိနေသော အင်းလျားကန်ရေပြင်ကြီးကို မမြင်ဘဲ သူမနှင့် ရဲမင်းတို့ မင်္ဂလာညွှေ့ခံပွဲကျင်းပနေပုံနှင့် သူငယ်ချင်းတွေက သူမနှင့် ရဲမင်းကို ဝိုင်းနောက်နေကြပုံတွေကိုသာ မြင်နေမိသည်။

"ကျွန်တော် . . . ကြည်စင်ရွှန်းကို ချစ်ခဲ့မိပါတယ်၊ အခုလည်း ချစ်ဆဲပါ၊ ဒါပေမယ့် ကျွန်တော်လက်မထပ်နိုင်ဘူး"

"ရဲမင်း . . . ရှင်ဘာပြောလိုက်တယ်"

ကြည်စင်ရွှန်းဘယ်လိုမှ မထင်ထားသော စကားပါ။ ရုတ်တရက်ဆိုသလို ဒေါသကလည်း ထွက်သည့်အပြင် ရှက်လည်း ရှက်သွားပါသည်။

"ရဲမင်း . . . ဒါ ရှင်နောက်စရာ မဟုတ်ဘူး၊ မိန်းမတစ်ယောက်ကို ဒီနေရာခေါ်ပြီး ရှင်ပြောချင်တာ ဒါပဲလား"

"ဟုတ်တယ် . . . ကျွန်တော်ပြောချင်တာ အဲဒါပါပဲ"

ဘယ်လိုကြောင့်ရယ်မသိ။ ကြည်စင်ရွှန်းပါးပြင်ပေါ်သို့ မျက်ဝန်းမှ မျက်ရည်ဥတွေ ကျဆင်းလာသဖြင့် ကြည်စင်ရွှန်းက လက်ဖြင့်သုတ်လိုက်သည်။

"ကျွန်မရဲ့ဘဝမှာ ယောကျ်ားတစ်ယောက်ကြောင့် ဘယ်တုန်းကမှ မျက်ရည်မကျဖူးဘူး၊ အခုတော့ ရှင့်ကြောင့် ကျရပြီ၊ ဒါဟာ ကျွန်မဘဝအတွက် ပထမဆုံးနဲ့ နောက်ဆုံးဖြစ်စေရမယ်၊ ဒီမှာ ရဲမင်း . . . ကျွန်မတို့ မိန်းမသားတွေမှာ ကိုယ်မြတ်နိုးတဲ့သူရဲ့ ချစ်ခွင့်ပန်မှုကို နားထောင်ပြီး ပြန်အဖြေပေးဖို့ မျှော်လင့်တကြီး စောင့်ဆိုင်းရတဲ့ အချိန်ကာလရှိတယ်၊ အဲဒီအချိန်ကာလကို အခု ရှင့်ရဲ့စကားလုံးတွေက ဖျက်ချိုးလိုက်ပြီ၊ ရှင်က ရှင့်အပေါ်ထားထားတဲ့ ကျွန်မရဲ့မေတ္တာတရားတွေကို ဖျက်ဆီးတဲ့သူပဲ၊ ရှင့်လို နောက်တတ်ပြောင်တတ် ခနဲ့တတ်တဲ့ လူရဲ့မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ကို မျှော်လင့်မိတာ ကျွန်မရဲ့အမှားပဲ၊ ကျွန်မ ဒီကိုလာခဲ့တာ ရှင်နဲ့ကျွန်မတို့ နှစ်ယောက် ပျားရည်ပင်လယ်ထဲကို အတူတူ ခုန်ချမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လာခဲ့တာ၊ အခုတော့ ရှင်က ကျွန်မတစ်ယောက်တည်းကို မီးပင်လယ်ထဲ တွန်းချလိုက်တာပဲ၊ ကျွန်မ . . . ရှင့်ကို စကားတစ်ခွန်း အပြတ်ပြောမယ်၊ ရှင် . . . ကျွန်မနဲ့မပတ်သက်ပါနဲ့၊ ရှင်နဲ့လည်း မပတ်သက်သလို ရှင်ရှိတဲ့ နေရာလည်း ကျွန်မ,မလာဘူး၊ ကျွန်မရှိတဲ့ နေရာလည်း ရှင် မလာနဲ့၊ ရှင့်ကို ကျွန်မတစ်သက်လုံး မုန်းတယ်"

ကြည်စင်ရွှန်းက ရဲမင်းမျက်နှာကို ဒေါသတကြီး လက်ညှိုးထိုးပြောဆိုပြီး ထွက်သွားပါသည်။ ရဲမင်းကတော့ ဘာမှပြန်မပြောဘဲ ဦးခေါင်းကို ငုံ့ထားလို့။

အင်းလျားကန်ပေါင်ရိုးတစ်လျှောက် ရပ်ထားသော ကားရှိရာသို့ ဒေါသတကြီးဖြင့် သွားနေသော ကြည်စင်ရွှန်းတစ်ယောက် မသိလိုက်တာ ရှိပါသည်။

ကြည်စင်ရွှန်းထွက်သွားပြီး မကြာခင်မှာ ခုံတန်းလျားမှာထိုင်နေသော ရဲမင်း၏နှာခေါင်းမှ သွေးများ လျှံထွက်လာရုံသာမက ပါးစပ်မှလည်း သွေးတွေအန်ထွက်ကျလာလို့ ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုလွမ်းသည့်အခါတိုင်း
သူထားခဲ့တဲ့ နေ့စွဲတွေကိုပဲ
မြတ်မြတ်နိုးနိုးနဲ့လွမ်းရင်း
ကြည့်နူးနေပါ့မယ်ချစ်သူ ...။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

အင်းလျားကန်ပေါင်ရိုးမှာ မနေ့မနက်က ဖြစ်ပျက်သည့်ကိစ္စကို ပြန်စဉ်းစားတိုင်း ကြည်စင်ရွှန်းဒေါသထွက်ခံပြင်းမိသည်။ အဆိုးဆုံးက သူမလို မာနကြီးသော မိန်းကလေးတစ်ယောက်အဖို့ မျှော်လင့်ချက်တွေ ရိုက်ချိုးခံရရုံသာမက အစော်ကားခံရလို့ ဖြစ်သည်။ ရဲမင်းပြောလိုက်သည့်စကားက သူမဘယ်လိုအနေအထား ရောက်သွားသလဲဆိုတာ ရဲမင်း မစဉ်းစားလေသလား မသိပါ။

သည်နေ့လည်း စိတ်က ညစ်သဖြင့် သင်တန်းသို့မလာဘူးဟု စိတ်ကူးသော်လည်း ရင်ထဲမှာ ခံစားနေရတာတွေကို သူငယ်ချင်းများအား ဖွင့်အန်ချချင်သဖြင့် သင်တန်းသို့ လာခဲ့ရသည်။

သို့သော် သင်တန်းတော့ မတက်ဖြစ်ပါ။ ကင်တင်းမှာထိုင်ရင်း မနေ့က အကြောင်းကို ရင်ဖွင့်တော့ သူငယ်ချင်းမသုံးဦးက သူတို့ကိုယ် သူတို့တောင် မယုံနိုင်အောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲမင်းက ဒီစကားကို ဘာသဘောနဲ့ပြောတာလဲ၊ နင်နဲ့သူကြားမှာ တစ်ခုခုတော့ လွဲချော်နေပြီထင်တယ်"

သည်တစ်ခါတော့ မေအေးဝင်းက စပ်စုတာမျိုးလိုမဟုတ်ဘဲ လေးလေးနက်နက် ပြောပါသည်။

"ကြည်စင်ရွှန်းဖက်က ကြည့်ရင်လည်း မှန်တယ်ဟာ၊ မျှော်လင့်တကြီးနဲ့ ရဲမင်းချိန်းတဲ့ နေရာလာတာ သူက ဘာလဲ . . . ကလေးကစားသလို ချစ်တော့ချစ်တယ်၊ မယူဘူးဆိုတာ ဘာသဘောလဲ၊ ဒီအသက် ဒီအရွယ်မှာ ကြည်စင်ရွှန်းလို မိန်းမမျိုးကို အပျော်သဘောတွဲဖို့ ရည်ရွယ်တာဆိုရင် ရဲမင်းနှစ်မချင်းမစာနာတာပဲ"

ခင်သန်းနွယ်ကတော့ ကြည်စင်ရွှန်းဖက်ကနေနာပြီး မှတ်ချက်စကားဆိုပါသည်။

"ကြည်စင်ရွှန်းနဲ့ ရဲမင်းကိစ္စက ရှင်းရှင်းလင်းလင်းနဲ့ ရှုပ်နေတာ၊ အဲဒီအရှုပ်က ဘာလဲ၊ ငါတော့ စဉ်းစားမရတော့ဘူး"

သန်းသန်းဆင့်က သက်ပြင်းချရင်းက သံပုရာရည်ကို တစ်ချိုက်မော့ချလိုက်သည်။

"တော်ပြီ . . . သူ့အကြောင်း နင်တို့ဘာမှမပြောနဲ့တော့၊ ငါ့ရင်ထဲမှာ မမျိုသိပ်ထားနိုင်လို့ နင်တို့ကို ရင်ဖွင့်ပြီးပြီ၊ ရဲမင်းအကြောင်း နောက်ကို ငါ့ရှေ့မှာ ဘယ်တော့မှမပြောနဲ့၊ နင်တို့ သူနဲ့ခင်ချင်တယ်ဆိုရင် ခင်လို့ရတယ်၊ ဒါပေမယ့် ငါ့ကိုတော့ ဆွဲမထည့်နဲ့၊ ငါ့ဘဝမှာ အချစ်ကို မြတ်နိုးစွာနဲ့ ကိုးကွယ်ပါမယ်ဆိုကာမှ မီးလောင်တိုက်သွင်းခံရတာ ငါ သူ့ကိုမုန်းတယ်"

ကြည်စင်ရွှန်းက လက်ထဲမှာ ကိုင်ထားသော တစ်ရှူးကို လုံးခြေပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လေးမောင်တစ်ယောက် အရေးကြီးသည့်ပုံစံဖြင့် ကြည်စင်ရွှန်းတို့ရှိရာသို့ ရောက်လာသည်။

"ဟဲ့ . . . လေးမောင်၊ နင့်ကြည့်ရတာ ဘာဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

မေအေးဝင်းက မေးသည့်အခါ လေးမောင်က ထိုင်တောင်မထိုင်နိုင်ဘဲ . . .

"ဘာဖြစ်ရမှာလဲ၊ ရဲမင်းကို အထူးကုဆေးခန်းမှာ တင်ထားရတယ်၊ အခြေအနေမကောင်းဘူး၊ ရန်ကုန်ဆေးရုံကြီးကို ပို့ရမယ်ပြောတယ်"

"ဘာ . . . ဆေးရုံတင်ထားရတယ် . . . ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ကောက်ကာငင်ကာကြီးပါလား"

ခင်သန်းနွယ်က အံ့ဩတကြီး ဖြစ်သွားပါသည်။

"မနေ့မနက် ဆယ်တစ်နာရီလောက်မှာ အထူးကုဆေးခန်းကို တင်လိုက်ရတာ၊ ဒီကောင့်နှာခေါင်းကကော ပါးစပ်ကပါ သွေးတွေထွက်ကျလာလို့ ဆေးခန်းကနေ အထူးကုဆေးခန်းရောက်သွားတာ"

"ဘာရောဂါလဲ"

"နင်တို့လိုက်ခဲ့၊ အဲဒီရောက်မှ ပြောပြမယ်၊ ကျော်စိန်မြင့်နဲ့ သိန်းမြင့်ဝင်းကော ရဲမင်းမိဘတွေပါ အဲဒီမှာရှိတယ်၊ ငါက နင်တို့သိအောင်လာပြောတာ၊ ငါတို့တောင် မနေ့ညနေကမှသိတာ၊ ရဲမင်းက သတိရတစ်ချက်၊ မရတစ်ချက်နဲ့ကြားက နင်တို့တွေကို အသိမပေးပါနဲ့ပြောလို့ ဖုန်းမဆက်ရတာ၊ ဒီမနက်တော့ မဖြစ်တော့ဘူးဆိုပြီး ငါလာအကြောင်းကြားတာ"

"ဒါဆို အခုပဲသွားကြမယ်၊ ရဲမင်းရယ် . . . ဘယ်လိုဖြစ်ရတာလဲ၊ ရောဂါရှိမှန်း ထင်တောင်မထင်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေအေးဝင်းက ကြည်စင်ရွှန်းကိုကြည့်ရင်း . . .

"ကြည်စင်ရွှန်း . . . ငါတစ်ခုတော့ ပြောချင်တယ်၊ နင်ပါ အထူးကုဆေးခန်းကို လိုက်ခဲ့ဟာ၊ နင်နဲ့သူနဲ့ ပြဿနာဖြစ်ခဲ့တာတွေ အသာထားလိုက်၊ အခုအချိန်မှာ လူနာဖြစ်နေတဲ့ ရဲမင်းကိုတော့ နင်လိုက်ကြည့်သင့်တယ်"

"ဟုတ်တယ် . . . လူမှုရေးအရ နင်လိုက်သင့်တယ်"

သူငယ်ချင်းမတွေက ကြည်စင်ရွှန်းကို ဝိုင်းပြောကြသည့်အခါ ကြည်စင်ရွှန်းဘာလုပ်ရမှန်း မဝေခွဲတတ်။ ဘယ်လိုဖြစ်လို့ ရဲမင်းတစ်ယောက် အထူးကုဆေးခန်းသို့ ရောက်သွားသလဲမသိ။ သူမနှင့်သူ ပြဿနာဖြစ်ပြီးနောက်မှ ဖြစ်တာဆိုတော့ ဘယ်လိုတွေ ဖြစ်ကုန်ပါသလဲ။

"အချိန်မရှိဘူး၊ ပိုက်ဆံရှင်းလိုက် . . . သွားမယ်"

စားသောက်ထားတာတွေကို ပိုက်ဆံအမြန်ရှင်းပြီး ကင်တင်းကနေ ကြည်စင်ရွှန်းတို့တစ်တွေ အမြန်ထွက်လာကြပါသည်။

ဘာတွေဘယ်လို ဖြစ်ကုန်သလဲ မသိပါ။

❑

အထူးကုဆေးခန်းတတိယထပ်သို့ ဓါတ်လှေကားဖြင့် သူတို့တစ်တွေ တက်လာကြသည်။ ဓါတ်လှေကားက တတိယထပ်ရောက်သောအခါ တံခါးပွင့်သွားပြီး သူတို့တစ်တွေ ရဲမင်းရှိနေသော လူနာခန်းဆီသို့ လှေမောင်နောက်က လိုက်လာခဲ့သည်။

ထိုစဉ် လူနာခန်းအခန်းနံပါတ် (၁၀၈) မှ တံခါးတစ်ချပ်ပွင့်လာပြီး လက်တွန်းလှည်းတစ်စီးကို ဆေးခန်းဝန်ထမ်းတွေက တွန်းထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်တွန်းလှည်းပေါ်မှာ တစ်စုံတစ်ယောက်ကို ပိတ်ဖြူဖြင့် အုပ်ထားသည်။

"လေးမောင် . . . ရဲမင်းဆုံးပြီ"

"ဘာ! . . . ရဲမင်းဆုံးပြီ"

အခန်းထဲကနေ ကျော်စိန်မြင့်က ငိုပြီးထွက်လာရင်းက ဝမ်းနည်းသံဖြင့် အော်ပြောလိုက်သည်။

ကြည်စင်ရွှန်း၏ဦးခေါင်း ချာချာလည်သလို ခံစားလိုက်ရသလို ကျန်သည့်သူငယ်ချင်းတွေလည်း ရုတ်တရက် ကျောက်ရုပ်တွေလို ဖြစ်တုန်ကြသည်။

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲဟယ်"

"ငါတို့တော့ နားမလည်တော့ဘူး"

မေအေးဝင်းနှင့် ခင်သန်းနွယ်တို့က မျက်ရည်တွေကျရင်းမှ ပြောသလို သန်းသန်းဆင့်ကလည်း ကျော်စိန်မြင့်လက်ကိုကိုင်ရင်း ငိုနေပါသည်။

ကြည်စင်ရွှန်းကျတော့ကော ပါးပြင်မှာ မျက်ရည်တွေက ရွှဲစိုနေလို့။

ရဲမင်းတက်ရောက်ကုသခဲ့သည့် အခန်းထဲသို့ ဝင်သောအခါ သိန်းမြင့်ဝင်းက ငိုနေရင်းမှ ရဲမင်း၏ကျန်ရစ်သော ပစ္စည်းတွေကို သိမ်းဆည်းနေသလို ရဲမင်း၏မိဘနှစ်ပါးအနက် မိခင်ဖြစ်သူက ငိုယိုနေသည်ကို ဖခင်ဖြစ်သူက ယူကြုံးမရအမှုအရာမျိုး မျိုသိပ်ခံစားနေရင်းမှ နှစ်သိမ့်လို့နေပါသည်။

"ရဲမင်း . . . ဘယ်လိုဖြစ်လို့ ကောင်ကာင်ကာ ဆုံးရတာလဲ၊ မယုံချင်စရာပဲ၊ ငါတို့တော့ အိပ်မက်မက်နေတာလို့ကို ထင်နေတာ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်လို့ ရဲမင်း ဒီလိုဖြစ်ရတာလဲ"

မေအေးဝင်းက အားလုံးကိုယ်စား သိချင်ဇောဖြင့် မေးလိုက်သည့်အခါ ကျော်စိန်မြင့်က . . .

"ရဲမင်းက သိပ်လျှို့ဝှက်တာ၊ သူ့နှာခေါင်းက တစ်နေ့မှာ သွေးတွေထွက်လာပြီး ပါးစပ်ကလည်း သွေးနည်းနည်းအန်လို့ ဆေးခန်းကို သွားပြတယ်၊ အဲဒါကို အိမ်က မိဘတွေမသိဘူး၊ ဆရာဝန်က ဆေးစစ်ခိုင်းတော့ ရဲမင်းမှာ မျိုးရိုးမရှိဘဲ သွေးကင်ဆာရောဂါဖြစ်နေတာ တွေ့ရတယ်၊ အထူးကုဆရာဝန်ကြီးက ကြပ်ကြပ်မတ်မတ် ကုသရမယ်၊ ဒါပေမယ့် တစ်နှစ်ပဲ အသက်ရှင်မယ် ပြောတယ်၊ အဲဒါကို သူက မိဘတွေ ခံစားရမှာစိုးလို့ လုံးဝမပြောဘဲ ဆရာဝန်နဲ့ ကြိတ်ကုနေတာ၊ အခုရက်တွေမှာ သူ့ဝေဒနာက ဆိုးလာတယ်၊ ဒါကြောင့် သူခန္ဓာကိုယ်ပိန်သွားတာ၊ ငါတို့က ရိုးရိုးလို့ ထင်နေတာ၊ ရောဂါက ကြာလာတော့ ပိုဆိုးလာတာပေါ့၊ မနေ့ကတော့ အခြေအနေဆိုးပြီး မဟန်နိုင်တော့လို့ သူပြနေကျဆေးခန်းကိုသွားရင်း ဟိုက အထူးကုဆေးခန်းတင်ခိုင်းတာ၊ အဲဒီတော့မှ အိမ်က သိကုန်ရင်း ဒီမနက်တော့ အခြေအနေက ဆိုးရင်း ဒီလိုဘဝမျိုးရောက်သွားတာ"

ရဲမင်းအကြောင်း ရှင်းပြနေသော ကျော်စိန်မြင့်တစ်ယောက် မျက်ရည်တွေ ကျနေတာကို မသုတ်နိုင်ဘဲ ရဲမင်းအိပ်စက်သွားသော ကုတင်ကို ကြည့်နေပါသည်။

"အဖြစ်ဆိုးလိုက်တာ ရဲမင်းရယ်"

ခင်သန်းနွယ်က ကြည်စင်ရွှန်းလက်မောင်းကိုကိုင်ပြီး ငိုပါသည်။

ကြည်စင်ရွှန်းအဖို့တော့ အိပ်မက်ကြီးတစ်ခု မက်နေသလိုမျိုးကို ခံစားရင်း မနေ့က မြင်ကွင်းတွေကို ပြန်မြင်ယောင်ရင်း ထိုင်ခုံမှာထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အားရပါးရ ငိုချလိုက်ပါသည်။

❑

သည်နေ့ဆိုလျှင် ရဲမင်းကွယ်လွန်တာ တစ်ပတ်ပြည့်ပြီဖြစ်သည်။ မနက်က အိပ်ယာထတော့ အိမ်ကဘုရားမှာ ရဲမင်းအတွက် အမျှဝေဆုတောင်းပြီး သူငယ်ချင်းတွေနှင့် ရဲမင်းတို့အိမ် ဆွမ်းသွပ်အလှူလို့ လာခဲ့ပါသည်။

"ကြည်စင်ရွှန်း . . . ရော့ . . . ဒါ ရဲမင်းရဲ့ဒိုင်ယာရီ၊ သူဆုံးတော့ ဆေးခန်းရဲ့ကုတင်ခေါင်းအုံးအောက်ကရတာ၊ ကြည်စင်ရွှန်းဖတ်ကြည့်သင့်တယ်ထင်လို့"

သိန်းမြင့်ဝင်းက ပြန်ခါနီးမှာ ကြည်စင်ရွှန်းအား ဒိုင်ယာရီစာအုပ်အား ပေးလိုက်သည်။

"ရဲမင်းရဲ့လုပ်ရပ်တွေ သိပ်အံ့အားသင့်ဖို့ကောင်းအောင် လုပ်သွားတာ၊ သွေးကင်ဆာနဲ့ တစ်နှစ်အတွင်း သူသေမယ်လို့ သိရတဲ့အချိန်မှာ တစ်သက်လုံး တည်တည်တံ့တံ့နဲ့ နေလာခဲ့တဲ့သူက သူ့ရဲ့အသက်ရှင်စဉ်အချိန်တိုလေးအတွင်းမှာ လူတွေကို နောက်ပြောင်ခနဲ့တဲ့တဲ့ ပြောဆိုကျီစားရင်း သူ့ရဲ့ရှင်သန်နေတဲ့ ရက်တွေကို ဘယ်သူမှအသိမခံဘဲ ဖြတ်သန်းသွားတာ၊ သိပ်ပီရိတဲ့ကောင်၊ တစ်ခါက သူက နိမိတ်ပြစကားဖြစ်တဲ့ ကျော်စိန်မြင့်က သန်းသန်းဆင့်ကို ရည်စားစကားပြောဖို့ ရဲမင်းဆီက အကြံတောင်းတော့ ရဲမင်းက အမှတ်မထင် ပြောဖူးတယ်၊ ကျော်စိန်မြင့်နဲ့ သန်းသန်းဆင့်တို့ တစ်နေ့ညားကြပြီး ကလေးတွေဘာတွေ ရတဲ့အခါ သူ့အကြောင်းပြောရင်း သူ့ကိုလွမ်းကြရဦးမယ်လို့ ပြောခဲ့တာ သတိ



www.burmeseclassic.com

www.burmeseclassic.com



မထားမိဘူး၊ အခုတော့ တစ်သက်လုံးလွမ်းဖို့ ရဲမင်းက လွမ်းစရာတွေ ထားသွားပြီ"

သိန်းမြင့်ဝင်းအသံမှာ ဝမ်းနည်းမှုတွေ ပါနေပါသည်။ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်အား ဆုံးရှုံးလိုက်ရသဖြင့် တစ်သက်စာလွမ်းရ ပါဦးမည်။

ကြည်စင်ရွှန်းကကော . . .။

❑

အင်းလျားကန်ပေါင်ရိုးသည် လွန်ခဲ့သော ရက်သတ္တပတ်ကျော် တုန်းက နေ့ရက်လိုပဲ လူရှင်းနေပါသည်။ ကြည်စင်ရွှန်းတစ်ယောက် ရဲမင်း ၏ရက်လည်ဆွမ်းသွပ်ကနေ အိမ်မပြန်သေးဘဲ ရဲမင်းနှင့်သူမ နောက်ဆုံး တွေ့ဆုံခဲ့သော ခုံတန်းလျားဆီသို့လာကာ ထိုင်ပြီးတော့ ရဲမင်း၏ဒိုင်ယာရီ စာအုပ်ကို တစ်ရွက်ချင်းစီ ဖတ်နေမိပါသည်။ ဒိုင်ယာရီစာအုပ်ထဲက အကြောင်းအရာတွေကိုဖတ်ရင်း သူမဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိဘဲ မျက်ရည်ပေါက် ကျလို့လာပါသည်။

နောက်ဆုံးစာရွက်တစ်ရွက်သာ ကျန်တော့သည့် စာမျက်နှာမှ စာလုံးများကို ကြည်စင်ရွှန်းထပ်တလဲလဲ ဖတ်နေမိသည်။

ကြည်စင်ရွှန်းကို ချစ်တယ်လို့ ငါပြောပေမယ့် ငါ့အကြောင်းကို ငါသာ သိတယ်။ ငါ့ရဲ့အခြေအနေအမှန်ကို မသိတဲ့ ငါမြတ်နိုးရတဲ့သူကို ငါသနားမိပါတယ်။ ငါကလည်း ဘာကြောင့် သူ့ကိုမှ မြတ်နိုးမိလေသလဲ မသိ။ သူနဲ့ရန်ဖြစ်စကားများရတာကိုက သူ့ကိုမြတ်နိုးမိဖို့ အကြောင်းဖန် လာလေသလား မသိ။ ဝမ်းနည်းမိပါတယ် ချစ်သူ။ ငါဘဝရဲ့ အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်မှုနေ့ရက်ဘွေက ငါ့ကို ငါပဲ သိတယ်။ ရက်တွေက နည်းလာပြီ။ အဖြစ်မှန်ကို မသိတဲ့ သူငယ်ချင်းတွေရယ် ငါအမြတ်နိုးဆုံး ချစ်သူရယ်ကို ငါခွဲရတော့မယ်။ ဘယ်လိုသော အတိတ်ဝဋ်ကြွေးတွေကြောင့် ဒီသွေးကင်ဆာဆိုတဲ့ ရောဂါကြီးက မျိုးရိုးမရှိဘဲ ငါ့ဆီမှာ စွဲကပ်နေရသလဲမသိ။ ငါ့မိဘတွေလည်း ရင်ကျိုးရတော့မယ်။ ငါမြတ်နိုးရတဲ့ ချစ်သူလည်း ဒီအဖြစ်မှန်သိလို့က ဘယ်လိုခံစားလေမလဲ။ နက်ဖြန်မှာတော့ ငါ့နဲ့ချစ်သူရဲ့ ဇာတ်လမ်းက ဆုံးပါပြီ။ သူကတော့ ငါ့ကို အမုန်းကြီးမုန်းတော့မှာ။ မချစ်ခင်မှာ ခံစားမှု၊ နာကျည်းမှု နည်းနည်းလေးခံစားပါစေ။ ချစ်သူတွေဖြစ်ပြီး သံယောဇဉ်တွေ ရင့်သထက်ရင့်လာပြီးမှ ခွဲခဲ့ရရင် ငါ့ချစ်သူခံစားရတာတွေ တမလွန်ကနေ ငါမကြည့်ရက်နိုင်ဘူး။ ဒီတော့ ချစ်သူအမုန်းကို ရဲဝံ့စွာ ရင်ဆိုင်ရင်း ငါ့ဘဝရဲ့ အမှောင်ဆုံးနေ့ရက်တွေကို ငါဖြတ်သန်းတော့မယ်။ တကယ်လို့သာ ဘဝပေါင်းများစွာမှာ ငါသာ လူပြန်ဖြစ်မယ်ဆိုရင် ချစ်သူကလည်း လူပြန်ဖြစ်ပြီး တို့နှစ်ယောက် လူ့လောကအကျိုးတွေ သယ်ပိုးချင်လိုက်တာ ချစ်သူရယ် . . .။

"ကျွန်မကို အဲဒီလောက်တောင်ပဲ ချစ်ရသလား ရဲမင်းရယ်"

ကြည်စင်ရွှန်းက ဒိုင်ယာရီစာအုပ်ကို ပိတ်လိုက်ပြီး မျက်ရည်တွေကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်ပါသည်။ ပြီးတော့ အင်းလျားကန်ရေပြင်ကြီးကို ကြည့်လိုက်ပြီး . . .

"ရဲမင်းရယ် . . . ဒီခုံတန်းလျားမှာ အဖြစ်မှန်ကိုမသိဘဲ ရဲမင်းကို နင့်နင့်သီးသီး ပြောခဲ့တာတွေ ကောင်းရာဘုံဘဝကနေ ခွင့်လွှတ်ပေးပါ၊ ကျွန်မဘဝတစ်သက်တာမှာ ရှင့်တစ်ယောက်ကိုပဲ ကျွန်မမြတ်နိုးနိုး ချစ်ခဲ့တာပါ၊ ကျွန်မလေ . . . ရှင့်ကို လွမ်းမိတိုင်း ဒီခုံတန်းလျားမှာ လာထိုင်ပြီး ရှင့်ရဲ့ဒိုင်ယာရီစာအုပ်ကိုဖတ်ပြီး ရှင့်ရှင်သန်စဉ်က ရှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆုံတွေ့ပြီး ဖြတ်သန်းခဲ့တဲ့ နေ့စွဲတွေကို ပြန်လည်ကြည်နူးခံစားရင်း ဒီဒိုင်ယာရီစာအုပ်လေးကို ကျွန်မထာဝရသိမ်းထားပါ့မယ်၊ ကျွန်မရဲ့အချစ်တွေဟာ ရှင်နဲ့ပါသွားပါပြီ၊ နောက်လူကို ပေးစရာမရှိတော့ပါဘူးကွယ်"

ကြည်စင်ရွှန်းက တစ်ယောက်တည်း စကားဆိုပြီးနောက် ခုံတန်းလျားမှထကာ ရပ်ထားသော ကားရှိရာသို့ လာခဲ့ပါသည်။

"ရှင် . . . ဒါ . . . ဘာလုပ်တာလဲ၊ ဒီလိုမျိုး မနောက်သင့်ဘူး၊ ကျွန်မမှ မဟုတ်ဘူး၊ ဒီကန်ပေါင်ရိုးကို လမ်းလျှောက်လာတဲ့ လူတစ်ယောက်ယောက်ကလည်း ကျွန်မလို ကောက်မှာပဲ၊ ရှင့်ရဲ့အပြုအမူက နိုင်ငံကြီးသား မပီသဘူး"

"ခင်ဗျားက ပိုက်ဆံကိုမရလို့ ရှက်ရမ်းရမ်းတာကိုး၊ ဒီငွေငါးထောင်တန်နဲ့ ကျွန်တော်က လူတွေ လောဘရှိသလား၊ မရှိသလား စမ်းသပ်နေတာ . . . ဟား . . . ဟား . . . ဟား"

ကြည်စင်ရွှန်းအံ့အားသင့်သွားပါသည်။ အဖြစ်အပျက်တွေက ဒါမျိုးရှိပြီး တိုက်ဆိုင်ပါသလား။ လက်ထဲမှာ ငါးထောင်တန်တစ်ရွက်ကို အပ်ချည်ကြိုးအနက်ချည်ထားပြီး ကိုင်ထားသော ကိုရီးယားစတိုင် ဝတ်စားထားသည့် လူငယ်တစ်ဦးနှင့် ကိုရီးယားမင်းသမီးပုံစံမျိုး ဝတ်စားထားသည့် ကောင်မလေးတစ်ဦး တစ်ယောက်နှင့်တစ်ယောက် စကားများနေကြသည့် မြင်ကွင်းကို အင်းလျားကန်ပေါင်ရိုးပေါ်မှာ မြင်လိုက်ရပါသည်။

ကြည်စင်ရွှန်းက ထိုမြင်ကွင်းကို ဆက်မကြည့်ဘဲ လမ်းဆက်လျှောက်လာမိပါသည်။ စောစောတုန်းက လူငယ်ကောင်လေးနှင့်ကောင်မလေး လာမည့်အနာဂတ်နေ့ရက်တွေမှာ ရဲမင်းနှင့် သူမလို မဖြစ်ပါစေနှင့်လို့ စိတ်ထဲကနေ ဆုတောင်းပေးနေပါသည်။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အာကာယ်၍များ ထိုနှစ်ယောက်သာ သူမနှင့် ရဲမင်းလိုမျိုး စကားများကြရင်းက ချစ်သူတွေ ဖြစ်ခဲ့မည်ဆိုပါလျှင် သူတို့နှစ်ဦးဖြတ်သန်းခဲ့သော နေ့စွဲများသည် သူတို့၏ဘဝမှတ်တမ်း စာမျက်နှာများမှာ ကြည်နူးခြင်း အပျော်တွေသာ ဖြစ်ပါစေကွယ် . . .။

ကြည်စင်ရွှန်းလိုမျိုး ချစ်သူထားခဲ့တဲ့ နေ့စွဲများက အလွမ်းတွေ မဖြစ်ပါစေနဲ့လို့။ အလွမ်းဆိုသည်မှာ အပျော်လောက် ကောင်းမှုမကောင်းတာ မဟုတ်ပါလား။

ကြည်စင်ရွှန်းအဖို့တော့ အလွမ်းတွေကို စမ်းရေထဲမမျှောနိုင်ပါ။ ထိုအလွမ်းတွေကို ရင်ထဲသိမ်းထားပြီး လိုအပ်သောအခါမှ ထုတ်သုံးဖို့ပဲ ဖြစ်ပါတော့သည်။



www.burmeseclassic.com